မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

အတွဲ (၅၃) အမှတ် (၁၂၆)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်၊ တနင်္လာနေ့။

နိုင်ငံတာဝန်အရေး (၃) ပါး

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်က ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မူဝါဒချမှတ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁

မီးငြှိမ်းသတ်ရာတွင် အထောက်အကူပြုသည့် ခေတ်မီမီးသတ်ယာဉ် စီးရေနှစ်ရာကျော် ဖြည့်တင်း

မူဆယ် ဖေဖော်ဝါရီ ၂

ပွင့်လင်းရာသီရောက်လာသည်နှင့်အမျှ နိုင်ငံတစ်ဝန်း မီးလောင်ဆုံးရှုံးမှုများနှင့် ပြည်သူများရင်ဆိုင်နေရသည်။ ထိုသို့ မီးလောင်ရာသို့ မီးသတ်ကားရောက်ရှိရေးမှာ အဓိကကျပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်ရေး၊ ဖြစ်ပေါ်လျှင်လည်း ပျက်စီးဆုံးရှုံးမှု လျော့နည်းရေးအတွက် မီးသတ်ကားများ အမြဲခေတ်မီဆန်းသစ်ယာဉ်များ ဝယ်ယူဖြည့်တင်းပြီး လိုအပ်သည့်နေရာဒေသများသို့ ဖြန့်ဝေထားရှိကြောင်း သိရသည်။

မီးသတ်ဦးစီးဌာန မူဆယ်မြို့နယ်မီးသတ်ထဝ်ဖွဲ့စခန်းထွင် ဇန်နဝါရီ ၂၇ ရက်က ပြည်ပမှ ရောက်ရှိရပ်နားထားသော မီးသတ်ကားများ တွေ့ရှိသောကြောင့် မူဆယ်မြို့ မီးသတ်ဦးစီးမှူးအား မေးမြန်းကြည့်ရာ "ကျွန်တော်တို့ မီးသတ်ဦးစီးဌာနအတွက် ခေတ်မီမီးသတ်ယာဉ် အစီး ၂၂၀ ကိုဌာနအစီအစဉ်ဖြင့် ဝယ်ယူဖြည့်တင်းခြင်း ဖြစ်ပါတယ်။ မီးသတ်ကားတွေကို ဆီးဂိမ်းမတိုင်မီကတစ်သုတ်၊ အခု ဇန်နဝါရီ ၂၇ ရက်မှာ နောက်ဆုံးအသုတ်အနေဖြင့် ရောက်ရှိလာတာ ဖြစ်ပါတယ်။ အဲဒီမီးသတ်ယာဉ်တွေကို နိုင်ငံတစ်ဝန်း ဒေသအနှံ့အပြားမှာရှိတဲ့ မီးသတ်ဦးစီးဌာနတွေကို ဖြန့်ဝေသွားမယ်လို့ သိရပါတယ်။ ယခင်နှစ်တွေကလည်း အစီးရေ ၁၀၀ ဝယ်ယူဖြည့်တင်းခဲ့ပါတယ်။ မီးသတ်ယာဉ် အမျိုးအစားအနေနဲ့ ယခုဝယ်ယူတဲ့ယာဉ်ကတော့ ဒေါင်ဖန်း မီးသတ်ယာဉ်အမျိုးအစားဖြစ်ပါတယ်။ ဒီမီးသတ်ကားတွေကို မူဆယ်မှ မန္တလေး၊ မန္တလေးမှ နေပြည်တော်သို့ ပို့ဆောင်မှာဖြစ်ပါတယ်။ နေပြည်တော်မှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်" ဟု ပြောပြသည်။

စာမျက်နှာ ၇ ကော်လံ ၅

ယနေ့ မာတိကာ

တောင်ဆူဒန်ပြည်သူ ၃ ဒသမ ၇ သန်း စားနပ်ရိက္ခာအကူအညီလိုအပ်နေ — စာမျက်နှာ-၄

အရိုးပွခြင်းအကြောင်း တစေ့တစောင်း — စာမျက်နှာ-၅

ကျွန်တော်နဲ့ စာသင်ဖြင်း (ဆောင်းပါး) — စာမျက်နှာ-၆

သာယာလှသော်လည်း မထင်မရှားဖြစ်နေသေးသည့် မွန်ပြည်နယ်မှ အံခဲပစ်လယ်ကစ်းခြေ အပန်းဖြေစခန်း — စာမျက်နှာ-၁၀

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ကမ္ဘာလှည့်ခရီးသွားများအတွက် နေရာသစ် ခရီးစဉ်သစ်များလိုအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂

ကမ္ဘာလှည့်ခရီးသွားဦးရေ လာရောက်မှု တဖြည်းဖြည်းများလာသောမြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်မည့် ခရီးစဉ်သစ်များ ရှာဖွေဖော်ထုတ်ရန် လိုအပ်နေကြောင်း၊ ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် ဆန်းသစ်သော သဘာဝပတ်ဝန်းကျင်နှင့်နေရာများ၊ ရှေးဟောင်းသမိုင်းဝင် နေရာများကို ဖော်ထုတ်ရန် ကြိုးစားသင့်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံသို့ ခရီးသွားများ ရောက်ရှိမှုမှာ ယခင် ၂၀၁၂-၂၀၁၃ ကထက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကာလအတွင်း ပိုမိုများပြားခဲ့ရာ လာမည့် မတ်လကုန်အထိ ကမ္ဘာ့ခရီးသွားဧည့်သည် စုစုပေါင်းနှစ်သန်းကျော် လာရောက်မည်ဟု ပုဂ္ဂလိကခရီးသွားလုပ်ငန်းအေဂျင်စီများက မျှော်မှန်းထားသည်။ တစ်ဖန် လာမည့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင်လည်း ကမ္ဘာလှည့်ခရီးသွားဦးရေ ပိုမိုရောက်ရှိရန် အလားအလာရှိနေသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန်အတွက် ဟိုတယ်နှင့်

စာမျက်နှာ ၉ ကော်လံ ၁

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်သူတို့၏ ကျန်းမာရေးဆန္ဒ

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်းကျန်းမာပြီး သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဘတ်ဂျက်များ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ပေးလျက်ရှိပါသည်။ သို့သော်လည်း ပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသည် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။ အကြောင်းသည်ကား ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ အခြေခံအကျဆုံးဖြစ်သည့် ဆေးရုံဆေးခန်းများ အသစ်တည်ဆောက်ခြင်း၊ မွမ်းမံခြင်း၊ ဆေးရုံအဆင့်မြှင့်တင်ခြင်း၊ ဝန်ထမ်းများ တိုးမြှင့်ခန့်ထားခြင်းစသည်ဖြင့် အခြေခံအဆောက်အအုံများ ပြည့်တင်းနေရဖြင်းကြောင့် ဖြစ်နိုင်ပါသည်။

ဤလိုအပ်ချက်များ ဖြည့်ဆည်းပေးလာနိုင်သည်နှင့်အမျှ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာလည်း အနေးနှင့်အမြန် တိုးတက်လာမည်ဖြစ်ပါသည်။ ဆေးရုံဆေးခန်းတိုင်းတွင် ဆေးနှင့် ဆေးပစ္စည်းများ လိုအပ်ချက်မရှိ ဖြည့်ဆင်းပေးနိုင်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ယနေ့ ပြည်သူတစ်ရပ်လုံး လိုလားနေသော ကျန်းမာရေးစနစ်မှာ လူတိုင်းလူတိုင်း ဆင်းရဲချမ်းသာမရွေး ကုန်ကျစရိတ်အသက်သာဆုံးနှင့် ထိရောက်မှုအရှိဆုံး ကျန်းမာရေးစောင့်ရှောက်မှု ခံစားရရှိရေးပင် ဖြစ်ပါသည်။ ဤလိုအပ်ချက်ကို များမကြာမီကာလအတွင်း ဖြည့်ဆည်းပေးနိုင်တော့မည်ဟု ယုံကြည်မိပါသည်။ ဆေးရုံတက်ရောက်ကုသနေသော လူနာတို့၏ ဆေးဝါးလိုအပ်ချက်များ၊ ကုန်ကျစရိတ်များ လျော့ပါးသက်သာလာနိုင်ပါသည်။ ဝန်ဆောင်မှုအကောင်းဆုံးနှင့် ထိရောက်မှုအရှိဆုံး ဖြစ်ထွန်းလာနိုင်ပါသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းစဉ်ကို အခြေခံကစပြီး ပြုပြင်ပြောင်းလဲနိုင်ဖို့ ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်း လက်လှမ်းမီနိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု တစ်ရပ်ကို ပညာရှင်များနဲ့ ညှိနှိုင်းဆွေးနွေးပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံချက်ကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ကမ္ဘာ့ဘဏ်အုပ်စုရဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) တို့ ပူးပေါင်းဆောင်ရွက်ပြီး ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟူ၍ ယခုနှစ် ဇန်နဝါရီလကုန် နိုင်ငံတော်သမ္မတကြီး၏ ရေဒီယိုမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် ပြည်သူတိုလိုလားနေသော ကျန်းမာရေးဆန္ဒနှင့်အညီ ကုန်ကျစရိတ်သက်သာစွာ ဆေးကုသမှု ခံယူနိုင်တော့မည်ဖြစ်ပါသည်။ အမြို့မြို့အနယ်နယ်တွင် နိုင်ငံနှင့်အဝန်း ပြည်သူတစ်ရပ်လုံး လက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ် အမှန်တကယ်ဖြစ်ထွန်းလာရန်မှာ မဝေးတော့ပါ။ စရိတ်မျှပေး ကျန်းမာရေးစနစ်ကြောင့် ဆေးရုံတက်ရောက်ကုသနေရသော လူနာအများစုမှာ စရိတ်မျှပေးနေရသည့်စနစ်မှ ဖြေလျှော့ပေးလာနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ဆေးဝါးကုသမှုအနည်းဆုံးနှင့် ထိရောက်မှုအရှိဆုံး ကျန်းမာရေးစောင့်ရှောက်မှုများ မဝေးတော့သည့်ကာလအတွင်း တိုးတက်ဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ပုလဲသွယ် ဆန်တန်ချိန် ငါးသိန်း၊ ဖိလစ်ပိုင်နိုင်ငံဈေးကွက်သို့တင်ပို့ရန် လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၂

ဖိလစ်ပိုင်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှ ကမ်းလှမ်းချက်အရ ပုလဲသွယ်ဆန်တန်ချိန် ငါးသိန်း ဖိလစ်ပိုင်သမ္မတနိုင်ငံ ဈေးကွက်သို့ တင်ပို့ရန်အတွက် နှစ်နိုင်ငံ သဘောတူညီချက်(MoU)လက်မှတ်ရေးထိုးရန် အကြိုညှိနှိုင်းအစည်းအဝေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးဝင်းမြင့်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ Water Stone မှ အကြီးတန်းအကြံပေးပုဂ္ဂိုလ် Mr. Norberto R. Ong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အကြိုညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသော နှစ်နိုင်ငံအစားအစာ လုံခြုံစိတ်ချရမှုအစီအစဉ်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် ဖိလစ်ပိုင်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ကမ်းလှမ်းလာသော ပုလဲသွယ်ဆန်တန်ချိန် ငါးသိန်းကို ဖိလစ်ပိုင်သမ္မတနိုင်ငံ ဈေးကွက်သို့ တင်ပို့ရန်အတွက် ဆောင်ရွက်ရမည့် အစီအစဉ်များကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဈေးကွက်တင်ပို့ရေးအတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံ Water Stone မှ အကြီးတန်းအကြံပေးပုဂ္ဂိုလ် Mr.Norberto R.Ong က ဖိလစ်ပိုင်သမ္မတနိုင်ငံအတွင်းမှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံမှ ပုလဲသွယ်ဆန်တန်ချိန် ငါးသိန်း ဖိလစ်ပိုင်သမ္မတနိုင်ငံ ဈေးကွက်သို့ တင်ပို့ရန်အတွက် နှစ်နိုင်ငံ သဘောတူညီချက် MoU လက်မှတ်ရေးထိုးမည့် အစီအစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ မြူပြင်စရာ

သာယာလှပသော ပဲခူးမြစ်မင်းဖြစ်စေချင် ယခုတော့ ....

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသော ပဲခူးမြစ်မင်းမှာ တစ်ချိန်က သာယာလှပခဲ့သလောက် ယခုအချိန်မှာတော့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ၊ စက်ရုံ(အသေးစား)တွေ၏ စည်းကမ်းမဲ့စွန့်ပစ်ရေဆိုးများနှင့် မြစ်ကမ်းပါးတစ်လျှောက်ဆီက ရေအိမ်တွေကြောင့် ပဲခူးမြစ်မင်း၏ မြစ်ရေပြင်သည် ညစ်ထေးနေပါတော့သည်။ ပဲခူးမြစ်ကမ်းပါးများမှာ ချိတ်ဆွဲထားသော အမှိုက်မပစ်ရဒဏ်ငွေကျပ် ၁၀၀၀၀ ဆိုသည့် တားမြစ်ကြော်ငြာဘုတ်တွေကို စည်းကမ်းမဲ့အမှိုက်ပုံတွေက လှောင်ပြုံးပြုံးနေသလို မြင်တွေ့ရသည်မှာ စိတ်မကောင်းစရာ။ မြစ်ကမ်းပါးပေါ်မှာ ပုံ့လွင့်နေသော အမှိုက်များ၊ ပြစ်ရေပြင်ပေါ်မှာ စီးမျောလိုက်ပါနေသော အမှိုက်စများသည် ပဲခူးမြစ်ရေပြင်ကို ညစ်ထေးပြီး ပဲခူးမြို့ရဲ့ အလှတရားကို ဖျက်ဆီးနေပါတော့သည်။

ပဲခူးမြစ်ရေပေါ်မှာ စီးမျောလိုက်ပါနေသော စွန့်ပစ် အမှိုက်များ မြင်မကောင်းလောက်အောင် စီးမျောနေသည်မှာ မြစ်ရေပြင်လား အမှိုက်စွန့်ပစ်လွင်ပြင်လား ထင်မှတ်ရလောက်အောင်ဖြစ်နေသလို မြစ်ကမ်းပါးတစ်လျှောက် စွန့်ပစ်အမှိုက်ပုံများကလည်း နေရာစိပ်စိပ်တည်ရှိကာ ရေအိမ်များကလည်း နေရာစိပ်စိပ် ထပ်မံတည်ရှိပြီး ပဲခူးမြို့၏အလှတရားကို ဖျက်ဆီးနေသလိုပင်။ ထိုသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ မြစ်ကမ်းပါးတစ်လျှောက် ရေအိမ်တွေ ဆောက်လုပ်ခြင်း၊ စွန့်ပစ်ရေဆိုးတွေကို စည်းကမ်းမဲ့ စွန့်ပစ်နေခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ရုံတင်မကဘဲ မြစ်ကမ်းတစ်လျှောက်နေထိုင်သော ပြည်သူများ၏ ကျန်းမာရေးကိုပါ ထိခိုက်စေမည်ဆိုတာ အမှန်ပါ။

ထို့ကြောင့် တိုင်းဒေသကြီး ကျန်းမာရေးဆိုင်ရာဌာနများမှ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးခြင်း၊ ရပ်ကွက်အလိုက် အမှိုက်ပုံးများထားရှိပေးခြင်း၊ ရေဆိုးများ စွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်းတို့ကို လုပ်ဆောင်ပေးသင့်ပါသည်။

လိုက်နာကျင့်သုံး

ပြည်သူများ အနေဖြင့်လည်း တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးသည်များကို စည်းကမ်းတကျ လိုက်နာကျင့်သုံးကာ အမှိုက်စွန့်ပစ်ခြင်းဖြင့် မိမိတို့ကျန်းမာရေးကိုလည်း ဂရုစိုက်ရာရောက်၊ ပဲခူးမြစ်မင်းရဲ့ ရေသယံဇာတကိုလည်း ကာကွယ်ထိန်းသိမ်းရာ ရောက်ပြီး ပဲခူးမြို့၏အလှတရားကို ပံ့ဖော်ပေးသလိုဖြစ်၍ လိုက်နာကျင့်သုံးခြင်းဖြင့် အမှိုက်များဖြင့် အကျည်းမတန်ကြစေရန် သာယာလှပသောပဲခူးမြစ်ကို ပံ့ဖော်ထုဆစ် အကြံပြု ရေးသားတင်ပြလိုက်ရပါသည်။

သန့်စင်

ပြည်တွင်းသတင်း

■ ရှေ့ဖုံးမှ

ရေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးရာ၌ နိုင်ငံတော်အစိုးရက ပြည်သူကိုဗဟိုပြု၍ ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ကြသည့် ယခုတက်ရောက်လာကြသူများအနေဖြင့် လုပ်နည်းလုပ်ဟန် မှန်ကန်စွာဖြင့် လုပ်ဆောင်နိုင်ရေး အဓိကထား ပြောကြားသွားမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးက အောက်ခြေပြည်သူလူထု၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးရန် အမြဲမပြတ် လမ်းညွှန်နေခြင်းကို ကြားသိကြရမှာဖြစ်ကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ၂၀၁၃ ခုနှစ် မတ်လအတွင်းက ခရိုင်နှင့် မြို့နယ်အသီးသီး၌ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ၎င်းကော်မတီများတွင် ပါဝင်သူများကို ရွေးချယ်တင်မြှောက်ခဲ့ခြင်းမဟုတ်သော်လည်း ပြည်သူ့အကျိုးဖော်ဆောင်ရန်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးကော်မတီများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အဆင့် ဝန်ထမ်းအကြီးအကဲများဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၎င်းအဖွဲ့များ၏ အဓိကတာဝန်မှာ မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်အောင် စီမံခန့်ခွဲပေးရန်ဖြစ်ကြောင်း။

တို့အပြင် ပြည်သူကိုယ်စား ပြည်သူများပါဝင်သည့် ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယင်းအဖွဲ့တွင် ပါဝင်ကြသူများသည် သူအခြေနှင့်သူ ဂုဏ်ဒြပ်ရှိပြီး စေတနာနှင့် ဆောင်ရွက်ပေးနိုင်သူများဖြစ်ကြောင်း၊ မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှိသူများဖြစ်သကဲ့သို့ ထိုက်သင့်သည့် အရည်အချင်းရှိသူများလည်းဖြစ်ပါကြောင်း၊ စေတနာကို အရင်းခံပြီး လုပ်ခြင်းဖြစ်၍ ၎င်းတို့၏ အရည်အချင်းပေါ်မူတည်ကာ လုပ်ငန်းများတိုးတက်အောင်မြင်မှုရရှိမှာဖြစ်ကြောင်း၊ စေတနာမှန်တန်သော်လည်း လုပ်နည်းလုပ်ဟန်မှန်ရန်လိုကြောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဒေသန္တရအမိန့်များကို သိရှိလိုက်နာရန်လည်း လိုအပ်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာများမှ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များသည် မြို့နယ်အဖွဲ့များနည်းတူ အရေးကြီးပါကြောင်း။

ပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မိမိတို့လွှတ်တော်များက ဆောင်ရွက်လျက်ရှိပါကြောင်း၊ "ပြည်သူအသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏အသံကို ထင်ဟပ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းခြင်းဖြင့်လည်းကောင်း၊ အဆိုများဖြင့်လည်းကောင်း၊ ဥပဒေကြမ်းများဖြင့်လည်းကောင်း တင်သွင်းဆွေးနွေးဆောင်ရွက်နေသည်ကို ကြားသိကြရမှာဖြစ်ကြောင်း၊ လွှတ်တော်အတွင်း၌ မေးမြန်း/ဖြေကြားခြင်းများကို ကြည့်ပါက ပြည်သူများ၏ လိုအပ်ချက်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက် လမ်း၊ တံတားကိစ္စရပ်များနှင့် နိုင်ငံတော်စီမံကိန်းကိစ္စရပ်များဖြစ်သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက အမြဲမပြတ် ဆောင်ရွက်ပေးနေသော်လည်း လိုအပ်ချက်များစွာရှိနေသေးကြောင်း၊ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းမပေးနိုင်သေးကြောင်း၊ အဓိကအချက်မှာ ငွေကြေးလိုအပ်ချက်ရှိ၍ ဦးစားပေးဆောင်ရွက်ပေးနေမှုအပေါ် လူအလို နတ်မလိုက်နိုင်ဆိုသည့် ဆိုရိုးစကားကဲ့သို့ ကျေနပ်မှု၊ မကျေနပ်မှုများရှိကြမှာ ဖြစ်ကြောင်း။

မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များအနေဖြင့် တာဝန်မရှိသော်လည်း စေတနာအရ ဆောင်ရွက်ပေးနေသူများဖြစ်ကြောင်း၊ လုပ်နည်းလုပ်တန်မှန်ကန်စွာဖြင့် အရည်အချင်းပြည့်ဝစွာ ရပ်ရွာဒေသအကျိုးအတွက် ဆက်လက်ပြီး စေတနာထား ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်တို့မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အဝေါ်ပုံ)**

(သတင်းစဉ်)

မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာ့အသေးစား ငွေရေးကြေးရေးဘဏ် (Myanmar Microfinance Bank) (ပါရမီဘဏ်ခွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ အဆိုပါဘဏ်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ် ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ်(ပါရမီဘဏ်ခွဲ)သည် စာရင်းရှင်စာရင်း၊ ငွေစုဘဏ်အပ်ငွေ၊ ဘဏ်ငွေစာရင်းရှင်းထမ်း၊ စာရင်းသေအပ်ငွေ၊ လုပ်ဆောင်ချက်၊ ငွေပေးအမိန့်လွှာ၊ ပြည်တွင်းငွေလွှဲလက်မှတ်နှင့် ချက်လက်မှတ်ဝယ်ယူခြင်း၊ ချေးငွေများတုတ်ချေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သထင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာ့အသေးစား ငွေရေးကြေးရေးဘဏ် (Myanmar Microfinance Bank) (ဝါရမီဘဏ်ခွဲ) အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သထင်းစဉ်)

ကိုးကန့်တိုင်းရင်းသားယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

တောင်ကြီး ဖေဖော်ဝါရီ ၂

ကိုးကန့်တိုင်းရင်းသားယဉ်ကျေးမှု နှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၆ နာရီခွဲက တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ကိုးကန့် လူမှုရေးခန်းမ၌ကျင်းပရာ ကိုးကန့်တိုင်းရင်းသား ယဉ်ကျေးမှု ဒုတိယဥက္ကဋ္ဌ ဦးလီချန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကိုးကန့်တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာအက၊ ရှမ်းယဉ်ကျေးမှုအက၊ ပအိုဝ်း တိုင်းရင်းသားယဉ်ကျေးမှုအက၊ ဓနုတိုင်းရင်းသားယဉ်ကျေးမှုအက၊ အင်းတိုင်းရင်းသားယဉ်ကျေးမှုအက၊ မြောင်တိုင်းရင်းသားယဉ်ကျေးမှုအက၊ တောင်ရိုးယဉ် ထိုင်းရင်းသား ယဉ်ကျေးမှုအက၊ ဝတိုင်းရင်းသား ယဉ်ကျေးမှုအက၊ လီဆူတိုင်းရင်းသား ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေထင်ဆက်ကြသည်။

မောင်မောင်သန်း(တောင်ကြီး)

မိုးလေဝသအခြေအနေ

၂-၂-၂၀၁၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးထစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ထစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ပျော်ဘွယ်မြို့နေ ဦးလှအောင်-ဒေါ်ရင်မြ (စိန်ရွှေရတနာရောင်းဝယ်ရေး)တို့၏ မြေး၊ ဒေါက်တာအောင်သောင်းထိုက်-ဒေါ်ရီရီမြင့်(ဦးလှအောင်ရွှေဆိုင်)တို့၏သား **မောင်အိုက်ကျော်စံ** အထက-၂၊ ပန်းစုံကျောင်း ပျော်ဘွယ်သည် အဋ္ဌမတန်းတွင် ဘက်စုံထူးချွန်သော **လူရည်ချွန်ဆု**ကို ရရှိသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်သော သားလှရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါ်သင်းသင်းဆွေ

ထက်ထက်ရွှေဆိုင်

တောင်တွင်းကြီးမြို့

ဆန္ဒပြသူများကြားမှ ထိုင်းရွေးကောက်ပွဲကျင်းမ

ဗန်ကောက် ဖေဖော်ဝါရီ ၂

သန်းပေါင်းများစွာသော ထိုင်းပြည်သူများသည် အတိုက်အခံတို့က ဆန္ဒပြသပိတ်မှောက်ထားသည် အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲပေးရန် မဲရုံများဆီသို့ ဦးတည်သွားရောက်နေကြပြီဖြစ်သည်။

အစိုးရဆန့်ကျင်ဆန္ဒပြသူများက ထိုင်းနိုင်ငံတစ်ဝန်း အဆိုပါ ရွေးကောက်ပွဲကို နှောင့်ယှက်ဖျက်ဆီးရန်ကြိုးစားနေကြပြီး ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ် နုတ်ထွက်ပေးရန် ဆက်လက်ဆန္ဒပြလှုံ့ဆော်လျက်ရှိသည်။ မစ္စရင်လတ်သည် တနင်္ဂနွေနေ့ နံနက် မဲရုံဖွင့်ဖွင့်ချင်း ဗန်ကောက်မြို့ ၎င်း၏အိမ်အနီးမဲရုံ၌ ဆန္ဒမဲပေးခဲ့သည်။ ၂၀၁၁ ခုနှစ်နောက်ဆုံးရွေးကောက်ပွဲ အနိုင်ရရှိထားသော အဆိုပါဝန်ကြီးချုပ်က နိုဝင်ဘာလက စတင်ဆန္ဒပြခဲ့သည့် ဆန္ဒပြနေရာဆီသို့ ဦးတည်သွားရောက်ကာ ဆန္ဒမဲပေးကြရန် တိုက်တွန်းဆော်သြခဲ့သည်။

လွှတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို ပြဋ္ဌာန်းရန်ကြိုးစားခဲ့ရာမှ ဝန်ကြီးချုပ်၏ပြိုင်ဘက် အတိုက်အခံများသည် လမ်းများပေါ်ထွက်ပြီး ဆန့်ကျင်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေသည် သူမ၏ အစ်ကိုဖြစ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို အပြစ်မလွှတ်ကင်းနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ သက်ဆင်သည် ယင်းဥပဒေအတည်ဖြစ်ပါက ထိုင်းနိုင်ငံသို့ ပြန်ရောက်လာနိုင်သည်။ မစ္စတာသက်ဆင်သည် ၂၀၀၈ ခုနှစ်က တရားရုံးအမှုတစ်ခုဖြင့်ရင်ဆိုင်ရပြီး နိုင်ငံမှ ထွက်ပြေးခဲ့သူဖြစ်သည်။ ဆန္ဒပြသူများက လက်ရှိအစိုးရကို သက်ဆင်၏ လွှမ်းမိုးခြင်းခံနေရသည်ဟု ဆိုသည်။

ထိုင်းနိုင်ငံတစ်ဝန်း ဆန္ဒပြသူများကြောင့် အရေးပေါ်အခြေအနေကြေညာထားပြီး လုံခြုံရေးတင်းကျပ်စွာချထားလျက်ရှိသည်။ ထိုင်းနိုင်ငံတစ်ဝန်း တနင်္ဂနွေနေ့မှစပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၁၃၀၀၀၀ ဖြန့်ကြက်ချထားသည်။ ယင်းတို့အနက် ဗန်ကောက်၌ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂၀၀၀ ချထားသည်ဟု လုံခြုံရေးတာဝန်ရှိသူများက ပြောသည်။ မဲရုံများကို နံနက် ၈ နာရီတွင် ဖွင့်ပြီး ညနေ ၃ နာရီတွင် ပိတ်မည်ဟု ဆိုသည်။ **(ဘီဘီစီ)**

တောင်ဆူဒန်ပြည်သူ ၃ ဒသမ ၇ သန်း စားနပ်ရိက္ခာအကူအညီလိုအပ်နေ

ဂျူဘာ ဖေဖော်ဝါရီ ၂

တောင်ဆူဒန်၌ ပြည်တွင်းရေးပဋိပက္ခများကြောင့် ပြည်သူ ၃ ဒသမ ၇ သန်း စားနပ်ရိက္ခာများ လိုအပ်နေကြောင်း ကုလသမဂ္ဂက ခန့်မှန်းပြောကြားသည်။

အဆိုပါအကျပ်အတည်း အခက်အခဲကို ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ လိုအပ်နေကြောင်း တောင်ဆူဒန် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူး တိုဘီလန်ဇာက ပြောကြားသည်။

တောင်ဆူဒန်တွင် ဒီဇင်ဘာ ၁၅ ရက်မှစပြီး စစ်ဘက်ပြိုင်ဘက်နှစ်ခုအကြား အကြမ်းဖက်မှုစတင်ဖြစ်ပွားခဲ့သည်။

ယင်းအကြမ်းဖက်မှုကြောင့် ယခုအခါ ထောင်ပေါင်းများစွာသော ပြည်သူများ သေဆုံးသွားပြီဖြစ်ရာ ပြည်သူ ၈၆၀၀၀၀ ခန့် နေအိမ်များ စွန့်ခွာထွက်ပြေးကြရသည်။ နိုင်ငံ၏ လူဦးရေ သုံးပုံတစ်ပုံခန့်သည် ယခုအခါ စားနပ်ရိက္ခာများ အရေးပေါ်လိုအပ်နေသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ယခုနှစ်အတွင်း သုံးကြိမ်မြောက် တရုတ်လှည့်ကင်းသင်္ဘောများ ဂျပန်ရေပိုင်နက်အတွင်းဝင်ရောက်

တိုကျို ဖေဖော်ဝါရီ ၂

အရှေ့တရုတ်ပင်လယ်အတွင်း ရင်ကာကူကျွန်းများအလွန် ဂျပန်ပိုင်ရေပြင်အတွင်းသို့ ယနေ့နံနက်ပိုင်းက တရုတ်လှည့်ကင်းသင်္ဘောသုံးစင်း ဝင်ရောက်ခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

၎င်းကမ်းခြေစောင့်တပ်ဖွဲ့၏ပြောကြားချက်အရ တရုတ်သင်္ဘောများ ဝင်ရောက်မှုမှာ ယနေ့နံနက် ၁၀ နာရီကဖြစ်ပြီး အဆိုပါရေပြင်တွင် နှစ်နာရီခန့်ကြာပြီးမှ ပြန်လည်ထွက်ခွာသွားခြင်းဖြစ်သည်ဟု သိရသည်။

ယခုအကြိမ်နှင့်ပါဆိုလျှင် ယင်းကဲ့သို့ ဂျပန်ရေပိုင်နက်အတွင်း တရုတ်သင်္ဘောများ ကျူးကျော်ဝင်ရောက်မှုမှာ ယခုနှစ်ထဲတွင် သုံးကြိမ်မြောက် ရှိပြီဖြစ်သည်။

ရင်ကာကူကျွန်းများသည် ဂျပန်တို့၏ ထိန်းသိမ်းမှုလက်အောက်တွင်ရှိပြီး တရုတ်နှင့်ထိုင်ဝမ်တို့ကလည်း ၎င်းတို့ပိုင်အဖြစ် အငြင်းပွားနေကြခြင်းဖြစ်သည်။

ဂျပန်အစိုးရဘက်ကမူ နိုင်ငံတကာဥပဒေအရရော သမိုင်းစဉ်လာအရပါ အဆိုပါကျွန်းများကို ၎င်းတို့ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု ဆိုသည်။ **(အင်န်အိတ်ချ်ကေ)**

လက်ဘနွန်မြောက်ပိုင်း တစ်ဇ်ဘိုလာစခန်း ကားဗုံးခွဲတိုက်ခိုက်ခံရမှုဖြစ်ပွား

ဘေရွတ် ဖေဖော်ဝါရီ ၂

ဆီးရီးယားနယ်စပ် လက်ဘနွန်မြောက်ပိုင်း ဟစ်ဇ်ဘိုလာခံတပ်၌ ဖေဖော်ဝါရီ ၁ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး သုံးဦးသေဆုံးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဟာမဲလ်မြို့အရှေ့ပိုင်း ဓာတ်ဆီဆိုင်အနီးတွင် အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်သည်ဟု ယူဆရကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ ဟစ်ဇ်ဘိုလာ(ရှီးယိုက်)အဖွဲ့သည် ဆီးရီးယားအစိုးရကို ကျောထောက်နောက်ခံပေးနေသော အဖွဲ့အစည်းဖြစ်ပြီး ယခုကားဗုံးပေါက်ကွဲမှုတွင် ဆွန်နီနှင့် ရှီးယိုက်စစ်သွေးကြွများ၏ လက်ချက်ဖြစ်သည်ဟု ပြစ်တင်ပြောဆိုလျက်ရှိသည်။ ၎င်းဗုံးဖောက်ခွဲမှုကို မည်သည့်အုပ်စုက လုပ်ကြသွားကြောင်း မသိရသေးပေ။

ဘေရွတ်နှင့်ထရီပိုလီ၌ ကားဗုံးပေါက်ကွဲမှုများကြောင့် လူဒါဇင်ပေါင်းများစွာသေဆုံးခဲ့ရမှုနှင့်ပတ်သက်ပြီး လက်ဘနွန်တွင် ဂိုဏ်းဂဏအချင်းချင်း အငြင်းပွားနေဆဲဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်ကလည်း အလားတူ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးခဲ့ပြီး အခြား ၂၀ မှာ ဒဏ်ရာရရှိခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် ကားများမီးလောင်နေပုံ၊ မီးခိုးမည်းကြီးများ လိမ့်တက်လာပုံကို ဒေသတွင်းရုပ်သံမီဒီယာတွင် ထုတ်လွှင့်ပြသခဲ့သည်။ ၎င်းပေါက်ကွဲမှုနှင့်ပတ်သက်၍ လက်ဘနွန်သတင်းအေဂျင်စီက အစောပိုင်းတွင် လေးဦးသေဆုံးခဲ့သည်ဟု ထုတ်ပြန်ခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးသူသုံးဦးဖြစ်ကြောင်း ပြင်ဆင်တုတ်ပြန်ခဲ့သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ကျောက်ဆည်မြို့နယ်ရှိ သမဝါယမအသင်းများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

ကျောက်ဆည် ဖေဖော်ပါရီ ၂

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သမဝါယမဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်အတွင်းရှိ လက်လုပ်လက်စား သမဝါယမအသင်းများနှင့် လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းသားများထံသို့ ငွေကြေးအရင်းအနှီးနှင့် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၇၆၆၃ ဒသမ ၃၁၀ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထုတ်ချေးပေး

သမဝါယမဦးစီးဌာနအနေဖြင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ၁၂၈ သင်းရှိ အသင်းသား ၇၄၁၃ ဦးအား ထုတ်ချေးငွေ ကျပ်သိန်း ၆၉၄၄ ဒသမ ၂၁၀ နှင့် အခြားလက်လုပ်လက်စားသမဝါယမအသင်း ၅၆ သင်းရှိ အသင်းသား ၁၅၉၈ ဦးအား ကျပ်သိန်း ၇၁၉ ဒသမ ၁ ထုတ်ချေးပေးခဲ့ကြောင်း၊ ယခင်နှစ်က အသင်း ၆၅ သင်းအား ကျပ်သိန်းပေါင်း ၁၅၉၀ သာ ထုတ်ချေးပေးထားနိုင်ကြောင်း၊ ယခုနှစ်တွင် ယခုထုတ်ချေးပေးငွေနှင့် ယခင်ထုတ်ချေးပေးထားငွေ ပေါင်းပါက ကျပ်သိန်းပေါင်း ၁၀၇၆၃ ဒသမ ၃၁၀ ရှိပြီဖြစ်ကြောင်း၊ ယခုထုတ်ချေးပေးသော ထုတ်ချေးငွေများကိုအသင်းများလက်ဝယ်အရောက် ဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့ ခြောက်ဖွဲ့ခွဲကာ ခြောက်ရက်အတွင်း အပြီးပေးသွားမည်ဖြစ်ပြီး အသင်းသားများအနေဖြင့်လည်း ထုတ်ချေးငွေကို အတိုးနှုန်း ၁ ဒသမ ၅ ကျပ်ဖြင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးဦး၏ ပြောပြချက်အရ သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ပေါ်အထွက်နှုန်းကောင်းသည့် ဘယ်လ်ဂျီယမ်စပ်မျိုးစပါး ဒေသခံတောင်သူအများစု နွေစပါးအဖြစ် စိုက်ပျိုးလျက်ရှိ

တောင်တွင်းကြီး ဖေဖော်ပါရီ ၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ ဒေသခံတောင်သူအများစုမှာ နွေမိုးဆောင်းသုံးရာသီ စိုက်ပျိုးနိုင်သည့် စပါးအထွက်နှုန်း တစ်ဧကတင်း ၁၅၀ အထက်ထွက်ရှိသော သက်တမ်း ၁၁၅ ရက်ရှိ ဘယ်လ်ဂျီယမ်စပ်မျိုးစပါး MDR 06 မျိုးကို ဒေသခံတောင်သူအများစု နွေစပါးအဖြစ် စိုက်ပျိုးလျက်ရှိရာ **(အပေါ်ပုံ)** ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ပန်းတောငယ်အုပ်စု ပုဂံကုန်းကျေးရွာကန်သုံးဆင့် ဆည်ရေသောက် ကွင်းအမှတ် ၂၀၁၅/ခ၊ ဦးပိုင်အမှတ် ၁၄၂ တောင်သူ ဦးချစ်ထွေး၏ငါးဧကကွက်၌စိုက်ပျိုးခဲ့ရာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ဆင့်နှင့် ဒေသခံတောင်သူများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

"ကျွန်တော့်မှာ လယ်ငါးဧကရှိတယ်။ ယခင်က မိရိုးဖလာသမားရိုးကျ လုပ်ရိုးလုပ်စဉ်အတိုင်း နွားများနှင့် ထွန်ယက်စိုက်ပျိုးခဲ့ရာမှ သီရိမြင့်မြတ်ကုမ္ပဏီ၊ ဘယ်လ်ဂျီယမ်စပ်မျိုးစပါး ဖြန့်ဖြူးရောင်းချရေး မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် ဦးညွန့်ဇော်၏ကူညီပံ့ပိုးမှုဖြင့် ယခုနှစ်မိုးစပါးအဖြစ် ဘယ်လ်ဂျီယမ်စပ်မျိုးစပါးကို စိုက်ပျိုးခဲ့ရာ တစ်ဧက စပါးအစို ၁၉၁ တင်း၊ အခြောက် ၁၇၂ တင်းနှုန်း ထွက်ရှိခဲ့သဖြင့် အခြားစပါးမျိုးများထက် စပါးအထွက်ပိုမိုထွက်ရှိပြီး အဖြတ်အစွန်း များစွာရရှိခဲ့ကြောင်း၊ အခြားစပါးမျိုးများ စိုက်ခဲ့စဉ်က တစ်ဧက ၇၅ တင်းနှုန်းသာ ထွက်ရှိခဲ့သည့်အတွက် ယခုနွေစပါးစိုက်သည့်အခါမှာ ဘယ်လ်ဂျီယမ်စပ်မျိုးစပါးကို စိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ ဆန်အရည်အသွေးကောင်းမွန်ခြင်း၊ ရောဂါနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ရှိကြောင်း" ဖြင့် တောင်သူ ဦးချစ်ထွေးက ပြောပြသည်။

ကန်တော်ကြီး ဆည်ရေသောက် ကွမ်းခြံစုကျေးရွာ၊ သဖန်းကုန်းကျေးရွာတို့မှ နွေစပါးစိုက်ပျိုးမည် တောင်သူများ၊ ငမင်ဆည်ရေသောက် ခင်တဲကျေးရွာမှ နွေစပါးစိုက်ပျိုးမည် တောင်သူအများစုကလည်း ဘယ်လ်ဂျီယမ်စပ်မျိုးစပါးကိုသာ နွေစပါးအဖြစ် စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း တရုပ်ကောအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကိုက ပြောပြသည်။ **နိုင်ပင်း**

အရိုးပွခြင်းအကြောင်း တစေ့တစောင်း

လူတို့အနေဖြင့် အသက်ကြီးလာသည့်အခါ အရိုးနှင့်ပတ်သက်သော အရိုးပွခြင်း၊ အရိုးပါးခြင်း၊ အရိုးကျိုးခြင်းစသောရောဂါများ ဖြစ်ပွားတတ်ပါသည်။ ထိုအရိုးရောဂါများအကြောင်း ပြည်သူတို့လေ့လာသိရှိနိုင်စေရန် မြန်မာ့အလင်းက အရိုးအထူးကုဆရာဝန်ကြီးလည်းဖြစ်၊ ကျန်းမာရေးဒုတိယဝန်ကြီးဟောင်းလည်းဖြစ်သည့် ဗိုလ်မှူးကြီးသန်းဇင်(အငြိမ်းစား)နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ဆရာကြီးခင်ဗျာ၊ အရိုးပွခြင်း၊ အရိုးပါးခြင်းဆိုတာ ဘာကိုခေါ်ပါသလဲ ခင်ဗျာ။

အရိုးရောဂါ အထူးကုဆရာဝန်ကြီး ဗိုလ်မှူးကြီး သန်းဇင်(ငြိမ်း)

ဖြေ။ ။ အရိုးရောဂါမှာ နှစ်မျိုးရှိတယ်။ အသက်ကြီးလာလို့ အရိုးထု (Bone Mass) က တဖြည်းဖြည်း အားနည်းလာလို့ ဖြစ်တဲ့ အရိုးပွ၊ အရိုးပါးရောဂါနဲ့ မွေးကတည်းကပါလာတဲ့ Metabolic bone decease ဆိုပြီး ရှိပါတယ်။ အရိုးပွခြင်း၊ အရိုးပါးခြင်း ဘာကြောင့်ဖြစ်ရသလဲဆိုရင် အရိုးတွေမှာ ထောက်ကန်ထားတဲ့ ထောက်တိုင်တွေအားနည်းလာလို့ ဖြစ်ပါတယ်။ အရိုးအတွင်းမှာ အရိုးထုအားနည်းလာတော့ အရိုးပွတာ၊ အရိုးတြပ်ဆတ်တာတွေဖြစ်လာပါတယ်။ ဒီရောဂါက လူတိုင်း ကိုယ့်ကိုယ်ကို သတိမထားမိတဲ့ရောဂါမျိုး ဖြစ်ပါတယ်။

မေး။ ။ အရိုးပွရောဂါက အသက်အရွယ်ဘယ်အပိုင်းအခြားလောက်ကစပြီး ဖြစ်ပါသလဲခင်ဗျာ။ အမျိုးသားနဲ့ အမျိုးသမီးဖြစ်ပုံချင်းအတူတူပဲလားခင်ဗျာ။

ဖြေ။ ။ အရိုးပွရောဂါက အသက် ၄၀ လောက်ကစပြီး ဖြစ်တတ်ပါတယ်။ အမျိုးသားနဲ့ အမျိုးသမီးအရိုးပွတာ မတူပါဘူး။ အမျိုးသမီးတွေက ၁၀ နှစ်လောက်စောပြီး အရိုးပွတာ၊ အရိုးပါးတာတွေဖြစ်တတ်ပါတယ်။ ဥပမာအားဖြင့် အမျိုးသမီးတွေက အသက် ၄၀ လောက်မှာ စပြီး အရိုးပွတယ်ဆိုရင် အမျိုးသားတွေက အသက် ၅၀ ကျော်လောက်မှ ဖြစ်တတ်ပါတယ်။ အမျိုးသမီးတွေမှာ ဟော်မုန်းဓာတ်ချို့တဲ့လာတဲ့အတွက် စောပြီး အရိုးပွတာ ဖြစ်ပါတယ်။

မေး။ ။ အရိုးမပွအောင် ကာကွယ်လို့ရနိုင်ပါသလားခင်ဗျာ။ အရိုးမပွအောင် ဘယ်လိုအာဟာရတွေစားသုံးပေးသင့်ပါသလဲ။

ဖြေ။ ။ အရိုးပွတဲ့အကြောင်းအရင်းတစ်ရပ်ကတော့ ကယ်လ်စီယမ်ဓာတ်နဲ့ ပရိုတိန်းဓာတ်တွေချို့တဲ့လာလို့ ဖြစ်ရတာဖြစ်ပါတယ်။ ပရိုတိန်းဓာတ်ပါတဲ့ အသား၊ ငါး၊ နို့၊ ကြက်ဥတွေစားသုံးသင့်ပါတယ်။ နွားနို့ နေ့စဉ်သောက်ပေးရင် ပိုကောင်းပါတယ်။ ကယ်လ်စီယမ်ဓာတ်ပါတဲ့ ငါးများများစားသုံးသင့်ပါတယ်။ လိုအပ်ရင် ကယ်လ်စီယမ်လည်း သောက်သုံးသင့်ပါတယ်။ ကယ်လ်စီယမ်က သူ့ချည်းသောက်ရင် အကျိုးထိရောက်မှုသိပ်မရှိဘူး။ ကယ်လ်စီယမ်နဲ့ ဗီတာမင်ဒီသရီးရောသောက်မှ အကျိုးသက်ရောက်မှုပိုကောင်းပါတယ်။

မေး။ ။ အရိုးပွ၊ အရိုးပါးခြင်းကြောင့် အများဆုံးဖြစ်ပွားတဲ့ အရိုးကျိုးမှုတွေက ဘယ်နေရာတွေမှာ အဖြစ်များထတ်ပါသလဲခင်ဗျာ။

ဖြေ။ ။ အရိုးကျိုးတာက လိမ့်ကျလို့ အရိုးကျိုးတာရှိတယ်။ အရိုးပွလို့ အရိုးကျိုးတာရှိတယ်။ အရိုးအားနည်းသွားလို့ လိမ့်ကျတာ၊ ပြုတ်ကျ၊ လဲကျတာရှိတယ်။ အရိုးပွလို့၊ အရိုးပါးလို့ဖြစ်ရတဲ့ဖြစ်ပွားမှုနေရာအများဆုံးကတော့ ပေါင်ထိပ်ရိုးကျိုးတာတွေရှိတယ်။ လက်ကောက်ဝတ်နေရာတွေမှာဖြစ်တယ်။ ခါးကုန်းတယ်၊ ခါးကိုင်းတယ်၊ အရပ်ပုလာတယ်ဆိုတာက အရိုးအားနည်းလာလို့ဖြစ်လာတာဖြစ်ပါတယ်။ ဒီလို အရိုးအားနည်းလာရင် လိမ့်ကျရာကနေ အရိုးကျိုးတာဖြစ်တတ်ပါတယ်။

မေး။ ။ အသက်ကြီးလာလို့ အရိုးပွ၊ အရိုးပါးပြီးကျိုးရင် ကုသလို့ ပျောက်ကင်းနိုင်ပါသလားခင်ဗျာ။

ဖြေ။ ။ ပျောက်ကင်းနိုင်ပါတယ်။ သာမန်လူနဲ့စာရင် အချိန်ယူပြီး ကုသရတာတော့ရှိတာပေါ့။ ဆေးကောင်းဝါးကောင်းကုသမှု စနစ်မှန်မှန်နဲ့ကုသရင် အရိုးပွလို့ အရိုးကျိုးတာပျောက်ကင်းနိုင်ပါတယ်။ သို့ပေမယ့် အချို့က ကျပ်စည်းတာတွေ ဘာတွေလုပ်တတ်ကြပါတယ်။ ဒီလို မလုပ်သင့်ပါဘူး။ သက်ဆိုင်ရာကျွမ်းကျင်တဲ့ဆေးရုံဆေးခန်းတွေမှာ တက်ရောက်ကုသမှု ခံယူဖို့လိုပါတယ်။ ဒီကနေ့ခေတ်မှာ ဒီလိုရောဂါတွေကုဖို့ ဆေးကောင်းဝါးကောင်းတွေ အများကြီးရှိပါတယ်။

မေး။ ။ ဒီလို အရိုးပွ၊ အရိုးပါးခြင်းကြောင့် အရိုးကျိုးခြင်းမဖြစ်ရလေအောင် ဘယ်လိုနေထိုင်စားသောက်သင့်ပါသလဲခင်ဗျာ။

ဖြေ။ ။ အရိုးပွရောဂါကာကွယ်ဖို့အတွက် မိမိကိုယ်တိုင်လိုက်နာကျင့်သုံးနိုင်ပါတယ်။ လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်း၊ ကယ်လ်စီယမ်ဓာတ်ပါသောအစားအသောက်များကို ရွေးချယ်စားသုံးခြင်း၊ ဥပမာအားဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများ၊ ငါးသေးသေးလေးများ၊ မုန်ညင်းစိမ်း၊ ကိုက်လန်၊ သံပရို၊ ပန်းမုန်လာစတဲ့အစားအသောက်များစားသုံးသင့်ပါတယ်။ လေ့ကျင့်ခန်းလုပ်သည့်ဆိုရာမှာ မိမိအသက်အရွယ်နဲ့လိုက်မယ့် လေ့ကျင့်ခန်းမျိုးကို ရွေးချယ်လုပ်သင့်ပါတယ်။ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးတွေမလုပ်သင့်ပါဘူး။ လေးလံတဲ့အလေးအပင်တွေ မမသင့်ပါဘူး။ သက်ကြီးပိုင်းအရွယ်များတွင် ဖြစ်ပွားတတ်သောအရိုးပွခြင်း၊ အရိုးပါးခြင်းများကို ကြိုတင်သိရှိကာကွယ်နိုင်ခြင်းဖြင့် အရိုးနှင့်ပတ်သက်သောရောဂါများ ခံစားရမှုများ နည်းပါးလာမည်ဖြစ်ပါသည်။ လူတိုင်းလူတိုင်းသက်ကြီးပိုင်းရောက်ရှိလာသည့်အခါ အရိုးပွ၊ အရိုးကျိုးခြင်းများမဖြစ်ရလေအောင် သတိပြုသင့်ပါကြောင်း။ ။

တွေ့ဆုံမေးမြန်း – မြင့်မောင်စိုး၊ ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ဘော်လီဘောပြိုင်ပွဲကျင်းပရေး ပွဲစဉ်ညှိနှိုင်း

ဘားအံ ဖေဖော်ပါရီ ၂

ဖြည်ထောင်စုနေ့ အကြိုအထိမ်းအမှတ်အဖြစ် ကရင်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ကျင်းပရေးနှင့် ပြိုင်ပွဲပွဲစဉ်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီက ကရင်ပြည်နယ်ဘော်လီဘော ဆပ်ကော်မတီရုံး၌ ကျင်းပရာ ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ဖြင့် ဖြည်နယ်ဘော်လီဘော ဆပ်ကော်မတီအတွင်းရေးမှူး ဦးလှကြည်၊ တွဲဖက်အတွင်းရေးမှူး မြို့နယ်ဦးစီးအရာရှိ ဦးကျော်စိုးနိုင်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြိုင်ပွဲစည်းကမ်းချက်များနှင့် အညီ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြကာ ပြိုင်ပွဲပွဲစဉ်များ ရေးဆွဲခဲ့ကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲ အမျိုးသား(က)အုပ်စုတွင် ပြည်တွင်းကုန်တင်ကုန်ချအသင်း၊ ဘားအံတက္ကသိုလ်အသင်း၊ ရဲတပ်ဖွဲ့အသင်းနှင့် ရပ်ကွက်(၅)အသင်းတို့ ပါဝင်ကြပြီး အုပ်စု(ခ)တွင် ဘားအံမြို့နယ်အသင်း၊ ဖာပွန်မြို့နယ်အသင်း၊ ဇွဲကပင်အသင်းတို့ပါဝင်ကြကာ အမျိုးသမီးပြိုင်ပွဲတွင် ဘားအံတက္ကသိုလ်အသင်း၊ ဘားအံမြို့နယ်အသင်း၊ ဟာမူနီအသင်းနှင့်ဆက်သွယ်ရေး(၇)အသင်းတို့ ပါဝင်ကြီပြီး ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ ဘားအံပြည်နယ် မိုးလုံလေလုံအားကစားခန်းမ၌ ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အမျိုးသားဖြိုင်ပွဲတွင် ပထမဆုရအသင်းအား ပထမဆုဖလားနှင့် ဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုရအသင်းအား ဆုငွေကျပ်နှစ်သိန်း၊ တတိယဆုရအသင်းတို့အား ဆုငွေကျပ် တစ်သိန်းစီနှင့် အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရအသင်းအား ဆုဖလားနှင့် ဆုငွေကျပ် နှစ်သိန်းငါးသောင်း၊ ဒုတိယဆုရအသင်းအား ဆုငွေကျပ် တစ်သိန်းငါးသောင်း၊ တတိယဆုရအသင်းအား ဆုငွေကျပ်ငါးသောင်းတို့ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မိတ္ထီလာ၌ စာပေဟောပြောပွဲကျင်းပမည်

မိတ္ထီလာ ဖေဖော်ပါရီ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၁၃၇၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့်ဆုပေးပွဲအခမ်းအနားကို မြို့နယ်စာရေးဆရာအသင်းက ကြီးမှူး၍ ဖေဖော်ဝါရီ ၄ ရက် ညနေ ၆ နာရီတွင် အောင်မင်္ဂလာခန်းမ(ဇာတ်ရုံ)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်တို့ မြှင့်တင်ရန် စာရေးဆရာကြီး ဦးကိုလေး(အင်းဝဂုဏ်ရည်)၊ ဆရာမ ယဉ်ယဉ်နု(အမျိုးသားစာပေဆုရ)နှင့် ဆရာညီပုလေး(လူထု)တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

(ပပ၆)

နိုင်ငံဘက်စုံတည်ဆောက်စို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့စာသင်ခြင်း

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာ ကျောင်းဆရာတစ်ယောက်ပါ။

ကျောင်းဆရာအလုပ်ကို လွန်ခဲ့တဲ့နှစ်ပေါင်း (၄၅)နှစ်ကျော်ကျော်ကတည်းက လုပ်ခဲ့တာ။ ၁၉၆၆ ခုနှစ်မှာ နည်းပြဆရာအနေနဲ့ စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှာလုပ်ခဲ့တယ်။ ကျောင်းတက်နေတုန်း နောက်ဆုံးနှစ်က အဖြစ်တစ်ခုကို သတိရမိတယ်။ စာမေးပွဲနီးလာတာမို့ သူငယ်ချင်းတွေနဲ့စုပေါင်းပြီး စာကျက်ကြတယ်။ အဲဒီလိုစာအတူကျက်ကြတုန်း ကျွန်တော်က ကိုယ်တတ်သမျှကို သင်ပေးခဲ့တယ်။ အဲဒီတုန်းက ကျွန်တော့်အသင်အပြကို သူငယ်ချင်းတွေက သဘောကျကြတယ်၊ ချီးကျူးကြတာ မှတ်မိသေးတယ်။

တက္ကသိုလ်ဆရာတစ်ယောက်ဖြစ်ဖို့ ဝန်တမ်းရွေးချယ်ရေးအဖွဲ့ဝင်လူကြီးတွေက နှုတ်ဖြေစာမေးပွဲမေးပြီး စစ်ဆေးကြတယ်။ ကျွန်တော်နဲ့အတူ ကျန်ခဲ့တဲ့ငါးဦးလည်း နည်းပြဆရာအဖြစ်အရွေးခံခဲ့ကြတယ်။ အမျိုးသားနှစ်ဦးနဲ့ အမျိုးသမီးလေးဦး။ ကျွန်တော်တို့အနေနဲ့က ဆရာသာဖြစ်လာတယ်၊ ဆရာနဲ့ပတ်သက်တဲ့ သင်ကြားမှုနည်းတွေကို သင်ခွင့်မရခဲ့ဘူး။

စာတော်တဲ့သူကို ဆရာခန့်တဲ့စနစ်ကို ပြန်သုံးသပ်သင့်တယ်လို့ တင်မိပါတယ်။ အခုလို ပညာရေးစနစ်ပြုပြင်ပြောင်းလဲဆောင်ရွက်နေတဲ့ အချိန်မှာ ဒီအကြောင်းကို တည်သွင်းဖို့လိုပါတယ်။ ဆရာတစ်ယောက်ဖြစ်ဖို့ ဘယ်လိုသင်ပြရမယ်၊ ဘယ်လိုပြောဟောရမယ်၊ ကျောင်းသားတွေကို နားလည်အောင် ဘယ်လိုဆောင်ရွက်ရမယ်၊ ဒါတွေတစ်ခုမှ စနစ်တကျ မသင်ကြားခဲ့ရဘူး။ နည်းပြသင်တန်းမှာပေးရမယ့် လေ့ကျင့်ခန်းတွေကို ဆရာ၊ ဆရာမကြီးတွေက ခေါ်ဖြေပြီး အတန်းထဲဝင်ခဲ့ရတယ်။

ပထမဆုံးဝင်သင်ခဲ့တဲ့အတန်းကို နှစ်တွေကြာပေမယ့် အခုထိအမှတ်ရနေမိတယ်။ မဝင်ခင် စိတ်တွေက လှုပ်ရှားနေတယ်။ ဝင်ရမယ့်အတန်းကလည်း နောက်ဆုံးနှစ်အတန်း။ ကျောင်းသား၊ ကျောင်းသူတွေက ကျွန်တော်နဲ့ သိပ်အသက်မကွာကြဘူး။ တစ်ချိန်တုန်းက သူတို့နဲ့ကျွန်တော်က အတန်းကြီး၊ အတန်းငယ် သိပ်မကွာတော့ သိကြတယ်၊ ရင်းနှီးကြတယ်။ ပြောရရင် နေရင်းထိုင်ရင်း သူငယ်ချင်းဆရာတစ်ယောက်ဖြစ်ခဲ့တာ။

ကျွန်တော်အခုလို စိတ်လှုပ်ရှားနေတာကိုသိတော့ ကျွန်တော့်ဆရာတစ်ဦးက အားပေးပြောခဲ့တယ်။ "ခင်ဗျား ဘာမှကြောက်နေစရာမလိုဘူး။ အတန်းထဲရောက်ရင်တစ်ခုသတိထား၊ ငါဟာ သူတို့တက်တတ်လို့ သူတို့ဆရာဖြစ်နေတာ၊ ဒါကြောင့် ကြောက်စိတ်တွေဖျောက်ပြီး သင်စရာရှိတာကို ရဲရဲတင်းတင်းသင်" ဆိုပြီး သတိပေးခဲ့တယ်။ သူ့ရဲ့အားပေးစကားကြောင့် ပထမဆုံးသင်တန်းကို ချောချောမောမော အပြီးသတ်နိုင်ခဲ့တယ်။

စာသင်ကြားမှုပုံစံကို စနစ်တကျသင်ကြားခွင့်မရပေမယ့် မြင်ဆရာတွေ၊ ကြားဆရာတွေကတော့ အများကြီးပါ။ ကျွန်တော်က ကျောင်းသားဘဝကတည်းက စာသင်ပေးတဲ့ဆရာ၊ ဆရာမတွေရဲ့ အမူအရာတွေ၊ လေယူလေသိမ်းတွေ၊ ဝတ်ပုံစားပုံတွေကို သတိထားပြီးလေ့လာမိတယ်။ တချို့ဆရာတွေကတော့ သိပ်တော်တယ်။ ဘွဲ့လွန်ဒီဂရီတွေရကြတယ်။ ဒါပေမယ့် စာသင်တဲ့နေရာမှာတော့ အဆင်မပြေကြဘူး။ တစ်ခါတလေ ဘာမှနားမလည်ခဲ့ဘူး။

တချို့ရဲ့အသံနေအသံထားက တစ်ပြေးတည်းအတက်အကျမရှိဘူး။ စိတ်ဝင်စားအောင် မသင်နိုင်ဘူး။ ဒါကြောင့် ပြောတတ်ဆိုတတ်သူရဲ့အတန်းတက်ရဖို့ကို အမြဲမျှော်လင့်နေမိတယ်။ စာပြန်ကျက်စရာမလိုအောင် တစ်ချိန်တည်းနဲ့ရင်းတတ်ကြတယ်။ ကျွန်တော်ဆရာဖြစ်လာတော့ အသင်အပြကောင်းတဲ့ဆရာတစ်ယောက်ဖြစ်ချင်တဲ့စိတ်နဲ့ လေ့လာခဲ့တယ်။ အလေ့အကျင့်တွေလုပ်ခဲ့တယ်။ အသံကို ကျင့်ခဲ့တယ်။ အရေးအကြီးဆုံးကတော့ သင်ရမယ့်သင်ခန်းစာကိုပိုင်နိုင်အောင် အပြန်အလှန်လေ့လာခဲ့တယ်။ အတန်းတဲမဝင်မီ အချိန်ကြိုပြီးပြင်ဆင်ခဲ့တယ်။ ဟိုတစ်ချိန်တုန်းက စီးပွားရေးတက္ကသိုလ်မှာ သင်ကြားခဲ့တဲ့ပုံစံက နှစ်မျိုးရှိတယ်။ ဝါရင့်ဆရာတွေသင်တဲ့ပို့ချမှု (Lecture)နဲ့ ဆရာ၊ ဆရာမငယ်တွေ တာဝန်ယူရတဲ့ နည်းပြ (Tutorial) သင်တန်းတွေ။ ကျွန်တော်တို့ရဲ့ရာထူးက နည်းပြဆရာ (Tutor) ဖြစ်တယ်။ အဓိပ္ပာယ်က နည်းပြသင်တန်း (Tutorial) ကို တာဝန်ယူသင်ပြတဲ့ နည်းပြ (Tutor) ပေါ့။

နည်းပြသင်တန်းတစ်ခုမှာ ကျောင်းသားဦးရေက ၃၀ ပဲရှိတယ်။ အမှန်တော့ အတန်းပိုင်ပေးထားတဲ့သဘော။ အတန်းပိုင်ဖြစ်တာမို့ ကျောင်းသား၊ ကျောင်းသူ အားလုံးနဲ့ရင်းနှီးတယ်၊ သိတယ်။ အခုခေတ်တက္ကသိုလ်တွေမှာ ကျောင်းသား၊ ဆရာဦးရေမမျှတာမို့ နည်းပြအတန်းမှာ ကျောင်းသား ၁၅၀ လောက်ရှိတယ်။ ဆရာလုပ်သူက ဘယ်လိုမှ ဂရုစိုက်ဖို့မလွယ်ကူလှဘူး။

အင်္ဂလန်တက္ကသိုလ်တွေမှာ ကျင့်သုံးထဲ့စနစ်က ပုံစံတစ်မျိုး၊ သူတို့ဆီမှာတော့ Tutor ဆိုတဲ့သူက ရာထူးမဟုတ်ဘဲ ပါမောက္ခတစ်ဦးက ကျောင်းသားတစ်ဦးကို အနီးကပ်ကြီးကြပ်ဆွေးနွေးပို့ချတဲ့စနစ်။ ဆရာနဲ့ ကျောင်းသား တစ်ပတ်တစ်ကြိမ်တွေ့ဆုံပြီး စာဆွေးနွေးမပြုတာ။ မသိတာမရှင်းတာကို ကျောင်းသားက ကြိုက်သလိုမေးမြန်းနိုင်တယ်။ ဆရာလုပ်သူကလည်း ကျောင်းသားလုပ်သူရဲ့ အခြေအနေကို အနီးကပ်လေ့လာခွင့်ရတယ်။

အမေရိကန်တက္ကသိုလ်မှာတော့ နည်းပြသင်တန်းတွေကို ပါရဂူဘွဲ့ယူနေတဲ့ ကျောင်းသားကြီးတွေက Teaching assistant အဖြစ် ဆောင်ရွက်ကြတယ်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းပေါ့။ ကျွန်တော်ဟာ အခုလိုပဲ နည်းပြသင်တန်းတွေကို နှစ်နှစ်လောက်တာဝန်ယူခဲ့ရတယ်။ သင်တန်းပို့ချမှုလုပ်ခွင့်မရသေးခဲ့ဘူး။ နှစ်နှစ်လောက် ဆရာအတွေ့အကြုံရပြီးချိန်မှာ ပါမောက္ခဆရာကြီး ဝီလျံပေါက ကျွန်တော့်ကို Lecture ဝင်ခွင့်ပြုတယ်။ ဒီတုန်းက ပတမနှစ်မှာ စာရင်းကိုင်ဘာသာကိုသင်ရတာ။ နှစ်နှစ်လောက်အတွေ့အကြုံအပေါ်အခြေခံပြီး Lecture ဝင်ခွင့်ပြုတာကို ကျွန်တော်သိပ်ဝမ်းသာမိတယ်။ အရင်လိုကျောင်းသား (၃၀)မဟုတ်တော့ဘဲ အတန်းထဲမှာ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်ရှိတယ်။ အခုလိုဆရာက မိမိကို ယုံယုံကြည်ကြည်နဲ့ တာဝန်ပေးခဲ့တာမို့ ပိုပြီးအားတည်ခဲ့တယ်။ ပြင်ဆင်ခဲ့တယ်။ အစွမ်းကုန်ကြိုးစားခဲ့တယ်။ ကျောင်းသားတွေနားလည်လွယ်အောင် အမျိုးမျိုးတီထွင်ခဲ့တယ်။ အခုလိုဆောင်ရွက်ခဲ့လို့လားမသိဘူး။ ကျွန်တော့်အတန်းထဲကို လာတက်တဲ့ကျောင်းသားဦးရေက တဖြည်းဖြည်းများလာတယ်။ ပတမနှစ်အပြင် ဒုတိယနှစ်အတန်းမှာ (Costing)သင်ပေးရတယ်။

ဒီတုန်းက အတန်းတွေကအပြိုင်။ ကျောင်းသားဦးရေများတာမို့ ဘာသာတစ်ခုကို ဆရာ ဆရာမလေးငါးဦးက တစ်ပြိုင်တည်းသင်ကြရတယ်။ ကျွန်တော့်အတန်းထဲမှာ တိုးလာတဲ့ကျောင်းသား ကျောင်းသူတွေက အခြားအတန်းကို မတက်ဘဲ ကျွန်တော့်အတန်းကို လာတက်ကြတာ။ အခုလို ကျွန်တော့်အတန်းမှာ ကျောင်းသားတွေတဖြည်းဖြည်းများလာပြီး အခန်းမဆံ့လို့ အဖြင်မှာခုံထိုးပြီးတက်ကြတာတွေရှိခဲ့တယ်။ အခုလိုဖြစ်တာကို ကိုယ်ကကျေနပ်ပေမယ့် အခြားအတန်းတာဝန်ယူတဲ့သူတွေက ကျေနပ်မှာမဟုတ်ကြဘူး။ ဒါကြောင့်လည်း သူတို့အတန်းမတက်တက်အောင် လက်မှတ်တွေထိုးတဲ့စနစ်ကို အတင်းအကျပ်ဆောင်ရွက်ကြတယ်။ ဒါပေမယ့် ကျောင်းသား ကျောင်းသူတွေက အလာမပြတ်ဘဲ ကျွန်တော့်ကိုအားပေးကြတယ်။

အမှန်တော့ ဘာသာတစ်ခုဟာ ဘယ်လောက်ပဲခက်ခက် လွယ်ကူအောင်ပို့ချနိုင်မှာ ဖြစ်ပါတယ်။ အရေးကြီးတာက ကိုယ့်ကိုအထင်ကြီးဖို့ဆိုတာထက် ကျောင်းသားအပေါ် အာရုံထားဖို့က အဓိကပါ။ အခုခေတ်မှာတော့ (Student Central approach) ကျောင်းသား ကျောင်းသူကို ဗဟိုပြုတဲ့စနစ် ဖြစ်ပါတယ်။

ဘာကြောင့် အခုလိုဖြစ်ရသလဲဆိုတာ ပြန်လည်သုံးသပ်ကြည့်မိတယ်။ ကျွန်တော်စာသင်တဲ့အခါ အတန်းတဲမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေထဲမှာ ကျောင်းသား ကျောင်းသူတစ်ဦးဦးကို စိတ်အာရုံထားပြီး သူ့ကို နားလည်အောင် ငါသင်ပေးရမယ်ဆိုပြီး ဆုံးဖြတ်ခဲ့တယ်။ ဒီကျောင်းသား ကျောင်းသူက မိမိစိတ်အာရုံထဲမှာသာရှိတဲ့သူသာဖြစ်ပါတယ်။ အဖြင်မှာရှိတဲ့ သူမဟုတ်ပါဘူး။ သူနားလည်အောင်၊ သူသဘောပေါက်အောင် ငါဘယ်လိုပြောရမလဲ။ ဘယ်လိုရှင်းရမလဲဆိုတာကို အဖြေထုတ်ခဲ့တယ်။ ပြီးတော့ အတန်းထဲမဝင်ခင် ပြင်ဆင်ခဲ့တယ်။ တတ်နိုင်သမျှအလွယ်ဆုံးဖြစ်အောင် ဖန်တီးခဲ့တယ်။

အမှန်တော့ ကျွန်တော်က (Keep it Simple) လွယ်ကူအောင် ဆောင်ရွက်ပါဆိုတဲ့ဆောင်ပုဒ်ကို ဆုပ်ကိုင်ခဲ့တယ်။ ကျွန်တော်ကျောင်းသားဘဝတုန်းက သတိပြုမိတာတစ်ခုရှိတယ်။ "ဒီဆရာ သိပ်တော်တာပဲ၊ သူပြောတာ တစ်လုံးမှနားမလည်ဘူး"ဆိုတာလေ။ ကျောင်းသားနားမလည်အောင် သင်မှ၊ ခက်ခက်ခဲခဲပြောမှ အတင်ကြီးကြတယ်လို့ ယူဆခဲ့ကြတာ။ အမှန်တော့ ဘာသာတစ်ခုဟာ ဘယ်လောက်ပဲခက်ခက် လွယ်ကူအောင်ပို့ချနိုင်မှ ဖြစ်ပါတယ်။ အရေးကြီးတာက ကိုယ့်ကိုအတင်ကြီးဖို့ဆိုတာထက် ကျောင်းသားအပေါ် အာရုံထားဖို့က အဓိကပါ။ အခုခေတ်မှာတော့ (Student Central approach)ကျောင်းသား ကျောင်းသူကို ဗဟိုပြုတဲ့စနစ်ဖြစ်ပါတယ်။

ကျွန်တော်ဟာ နည်းပြဆရာ ငါးနှစ်လုပ်ပြီး နိုင်ငံခြားပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံကို သွားခဲ့ရတယ်။ ခြောက်နှစ်လောက်ကြာခဲ့တယ်။ အင်္ဂလန်မှာ ဘွဲ့လွန်ကျောင်းတက်ရင်း သူတို့ဆီမှာရှိတဲ့ ဆရာတွေရဲ့ သင်ကြားမှုပုံစံကို လေ့လာခွင့်ရခဲ့တယ်။ ဘွဲ့လွန်သင်တန်းကို သင်ကြားနေကြတဲ့ သူတွေမို့ ဝါရင့်ဆရာတွေ၊ သင်ပုံသင်နည်းသိပ်သပ်ရပ်တယ်။ (Marketing) ဘာသာသင်ပေးတဲ့ဆရာတစ်ဦးကို အခုထိမှတ်မိနေတယ်။ သူက စာသင်ခန်းထဲဝင်လာရင် မင်းသားတစ်ယောက်လိုပဲ၊ ဝတ်ပုံစားပုံက ဟော့နေတာပဲ၊ အသံနေအသံထား ကိုယ်လက်လှုပ်ရှားပုံကအစ အားလုံးပြည့်စုံတယ်။ နောက်တစ်ဦးက သင်္ချာပါမောက္ခ၊ သူက လူငယ်၊ စာသင်တဲ့နေရာမှာ သွက်တယ်၊ ခက်ထဲ့သင်္ချာပုစ္ဆာတွေကို လွယ်အောင်သင်ပြနိုင်တယ်။ နောက်ပါမောက္ခတစ်ယောက်ကတော့ စိတ်ပညာပါမောက္ခ၊ သူကသင်တောက်ကူပစ္စည်းသုံးစွဲတဲ့နေရာမှာ ကျွမ်းကျင်တယ်။ သူဖြောချင်တဲ့၊ ခက်ခဲတဲ့ အယူအဆ၊ အတွေးအခေါ်တွေကို ကျောင်းသားတွေ အလွယ်တကူနားလည်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။

သူတို့ဟာ ကျွန်တော့်ရဲ့ သင်ဆရာတွေသာမက မြင်ဆရာ၊ ကြားဆရာတွေဖြစ်ခဲ့ပါတယ်။ ကျွန်တော်ပညာတော်သင်ပြီးတော့ ပါရဂူဘွဲ့နဲ့ စီးပွားရေးတက္ကသိုလ်ပြန်လာခဲ့တယ်။ ပါမောက္ခဆရာကြီးက ကျွန်တော့်ကို ဘွဲ့ကြိုအတန်းကြီးတွေသင်ဖို့ တာဝန်ပေးပြီး ဟိုတစ်ချိန်က ဝါဏိဇ္ဇဗေဒဌာနမှာ နာမည်ကြီးတဲ့ Post Graduate Diploma in Management and Administration(DMA)မှာ သင်ခွင့်ရခဲ့တယ်။ ဒီ (DMA)သင်တန်းဟာ အခုခေတ် MBAသင်တန်းနဲ့တူပါတယ်။ နိုင်ငံခြားမှာ ကျွန်တော်ဟာ ဘာသာရပ်ကျွမ်းကျင်မှုအပြင်၊ စာသင်ကြားမှုနည်းတွေပါရရှိခဲ့တာ ကျွန်တော့်အတွက် အောင်မြင်မှုတွေရခဲ့ပါတယ်။ လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်တုန်းကလိုပဲ ကျောင်းသား ကျောင်းသူတွေရဲ့ အားပေးမှုတွေကို ဆုံနိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ စီးပွားရေးတက္ကသိုလ်မှာ ၁၉၈၉ ခုနှစ်အထိ တာဝန်ယူခဲ့ရတယ်။ ၁၉၈၉ ခုနှစ်မှာတော့ ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ယူရင်း ဖောင်ကြီးမှာဖွင့်လှစ်တဲ့ ပညာရေးနဲ့ ကျန်းမာရေးဝန်ကြီးဌာနတွေက ဖွင့်လှစ်တဲ့ အထူးမွမ်းမံသင်တန်းတွေမှာ ပို့ချခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ စာသင်တဲ့နေရာမှာ သင်တောက်ကူပစ္စည်းအနေနဲ့ ဂေါ်ပြားတွေကို Slide တိုးပြီးပြခဲ့ရတယ်။ ဒီတုန်းကတော့ သိပ်ခေတ်မီတဲ့နည်းတစ်ခုပေါ့။ အခုတော့ ဒီဂေါ်ပြားတွေမသုံးတော့ဘူး။

၁၉၉၂ ခုနှစ်မှာတော့ ကျွန်တော် နိုင်ငံခြားမှာ တာဝန်တမ်းဆောင်ခဲ့ပါတယ်။ ပတမဆုံး နယူးယောက်မြို့မှာရှိတဲ့ UNICEF အဖွဲ့ချုပ်မှာ တာဝန်ယူခဲ့တယ်။ အဲဒီလိုတာဝန်ယူရင်း ကျွန်တော်ဝါသနာပါတဲ့ စာသင်ခွင့်လည်း ရခဲ့တယ်။ သင်တန်းသားတွေက UNICEF ကဝန်တမ်းတွေ။ ရုံးချုပ်အပြင် UNICEF ရုံးစိုက်တဲ့နိုင်ငံတွေမှာ စာသင်ခွင့်ရခဲ့တယ်။ ဒါကြောင့်လည်း ၁၉၉၅ မှာ Trainer of the Year "စာသင်အကောင်းဆုံးဆု"ကို ရယူနိုင်ခဲ့တယ်။

ကျွန်တော့်ရဲ့စာသင်ကြားမှုကြောင့် ကျွန်တော့်ဘဝကို တစ်ဆစ်ချိုးပြောင်းလဲခဲ့တယ်။ ခရစ်နှစ် ၂၀၀၀၊ ဒီတုန်းက ကျွန်တော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ UNICEF ရုံးမှာ တာဝန်ယူစဉ်က ဗန်ကောက်မြို့မှာရှိတဲ့ ESCAP ရုံးမှာ သင်တန်းပေးခွင့်ရခဲ့တယ်။ ဒီသင်တန်းမှာ ESCAP က အကြီးအကဲ Dr.Kim တက်ခဲ့တယ်။ သူနဲ့အတူ ညွှန်ကြားရေးမှူး(?)ဦးလည်းပါတယ်။ သူတို့ကို ကျွန်တော်မသိပါဘူး။ တာဝန်ရှိတဲ့အတိုင်း စာသင်ခဲ့တယ်။ သင်တန်းပြီး တစ်ပတ်အကြာမှာ သူတို့အထဲကတစ်ဦးက တယ်လီဖုန်းဆက်လာတယ်။ အီတလီနိုင်ငံ တူရင်းမြို့မှာ ဖွင့်လှစ်ထားတဲ့ UN ဝန်တမ်းတက္ကသိုလ်မှာ Principal Officer တာဝန်ပေးချင်တယ်လို့ အကြောင်းကြားခဲ့တယ်။ ဇနီးနဲ့တိုင်ပင်ပြီး ကျွန်တော်ဝါသနာပါတဲ့ အလုပ်ကိုလုပ်ခွင့်ရမှာမို့ ကမ်းလှမ်းချက်ကိုလက်ခံခဲ့တယ်။ ဒါနဲ့ကျွန်တော်ဟာ ဝန်တမ်းတက္ကသိုလ်မှာ ရှစ်နှစ်တိုင်တိုင်တာဝန်ယူခဲ့ပါတယ်။ ဝန်တမ်းတက္ကသိုလ်မှာ တာဝန်ယူစဉ် ကျွန်တော်ဟာ သင်တောက်ကူပစ္စည်းဖြစ်တဲ့ Power Point Slides တွေကို ကျွမ်းကျွမ်းကျင်ကျင်သုံးတတ်လာခဲ့တယ်။ ကျွန်တော်ဖတ်ခဲ့တဲ့စာအုပ်၊ စာတမ်းပါအကြောင်းအရာတွေကို Slide Showတွေနဲ့ပြသပြီး သင်ကြားခွင့်ရခဲ့တယ်။ Internet ကတစ်ဆင့် တစ်ကမ္ဘာလုံးကို ဖြန့်ဝေနိုင်ခဲ့တယ်။

ကျွန်တော် ၂၀၀၈ ခုနှစ်မှာ မြန်မာပြည်ကို ပြန်လာခဲ့ပါတယ်။ ပြန်လာပြီးချိန်ကစပြီး အခုအချိန်အထိ စာသင်လျက်ရှိပါတယ်။ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွေမှာ စာသင်လျက်ရှိပါတယ်။ လူကြီးတွေရဲ့ တာဝန်ပေးချက်ကြောင့် နေပြည်တော်မှာလည်း စာသင်ကြားခွင့်ရခဲ့ပါတယ်။

ကျွန်တော်ဟာ တစ်သက်လုံးဆရာလုပ်ချင်တဲ့သူ ဖြစ်ပါတယ်။ အခုတိ စာသင်ခွင့်ရနေလို့ ကျေနပ်နေမိပါတယ်။ စေတနာ၊ ဝါသနာ၊ နစ်နာမှုတွေကို လွှမ်းခြုံထားပြီး စာသင်နေပါတယ်။ သေတစ်ပန်သက်ဆုံး စာသင်ခွင့်ရပါစေလို့ ဆုတောင်းမိပါတယ်။

ရေစကြို ဖေဖော်ဝါရီ ၂

ရေစကြိုမှ အရှေ့ဘက်ရေဝင်ကျွန်းများသို့ ဇက်ဖြင့်ကားများကူးနိုင်ပြီ

မကွေးတိုင်းဒေသကြီး ရေစကြို မြို့နယ် ပေါက်တောကြီးကျေးရွာ ဆိပ်ကမ်းတွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ပြေလတ်ရောခေါ်သော ပခုက္ကူမြို့နယ် သမဝါယမပိုင် ဇက်ကလပ်ရေယာဉ်ကို လာခေး စနစ်ဖြင့်ငှားကာ ပြေးဆွဲနေပြီဖြစ် သည်။ ချင်းတွင်းမြစ်နှင့် ဧရာဝတီ မြစ်တို့အကြားတွင် တည်ရှိသော ရေဝင်ကျွန်းကြီးပေါ်ရှိ ကျေးရွာအုပ်စု များမှ ချင်းတွင်းမြစ် အနောက်ဘက် ကမ်း ရေစကြိုသို့ ကုန်စည်ပို့ဆောင် မှုနှင့် ယာဉ်များသွားလာရေး အဆင်ပြေကြမည်ဖြစ်သည်။ ယင်း ဇက်ရေယာဉ်ဖွင့်ပွဲသို့ မြို့ပေါ်မှ ကုန်သည်ကြီးများ၊ နိုင်ငံရေးပါတ်ဝင် များ၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာ များမှ တာဝန်ရှိသူများတက်ရောက်ကြ သည်။ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၄ နာရီအတိ ပြေးဆွဲမည်ဖြစ်ပြီး ပုံမှန်ကူးနေသော မော်တော်ခတက် သက်သာသောနှုန်းဖြင့် ဝန်ဆောင်မှု ပေးမည်ဖြစ်ကြောင်း သိရသည်။ နှုန်းထားများမှာ လူတစ်ဦး၊ စက်ဘီး တစ်စီးလျှင် ငွေကျပ် ၂၀၀၊ ဆိုင်ကယ် တစ်စီး ငွေကျပ် ၅၀၀၊ တော်လာဂျီ ပုံမှန်အရွယ် ငွေကျပ် ၅၀၀၀ဖြစ်သည်။ ယင်းဇက်ဖွင့်လှစ်ရန်အတွက် ဇက် ရေယာဉ်ပြေးဆွဲရန် ခွင့်ပြုချက်ရသော ဦးမြင့်နိုင်သည် ရေစကြိုမှ ပေါက်တော ရွာ ဖြစ်ဆိပ်အတိ၊ ပေါက်တော သောင်ခုံပေါ်နှင့် အရှေ့ဘက် ရေဝင် ကျွန်းကြီးပေါ်ရှိလမ်းများကို မြေဖို့ ပြုပြင်ပေးခဲ့ရာ ငွေကျပ်သိန်း ၃၀ကျော် ကုန်ကျခဲ့သည်။ "ကျွန်တော့်အတွက် အကျိုးအမြတ်ကျန်တာ မကျန်တာ တက် ဒီရေဝင်အရပ်က လူတွေ သွားလာရေးလွယ်ကူပြီး စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာကြမယ်ဆိုရင် ကျွန်တော် အလွန်ဝမ်းသာမိမှာပါ" ဟု ၄င်းက ဆိုသည်။

ငွေရည်ဆန်း(ရေစကြို)

ပြည်တွင်းသတင်း

ဂျပန်နိုင်ငံအသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ ဆောက်လုပ်လှူဒါန်းသော စလင်းမြို့ အခြေခံပညာအထက်တန်း(ခွဲ)သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

မကွေး ဖေဖော်ဝါရီ ၂

ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်(G.G.P) အစီအစဉ်အရ ဆောက်လုပ်လှူဒါန်းသော စလင်းမြို့အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သုံးထပ်ကျောင်းဆောင်သစ် (စည်သူဆောင်) ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ မိကီရိုနုမတ (Mr.Mikio Nu Ma Ta)၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကျော်မင်း၊ မြို့မိ မြို့ဖ ဦးဝင်းမောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** (G.G.P) ဂျပန်အစိုးရက ဆောက်လုပ်လှူဒါန်းသည် သုံးထပ်ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ဂျပန်သံအမတ်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် သုံးထပ် (RC)ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ပြောကြား

ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားပြီး ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

သုံးထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ရေး ကုမ္ပဏီကိုယ်စား ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီး၊ ဂျပန်သံအမတ်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဝေးအပ်လှူဒါန်း

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက စလင်းမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ် (G.G.P) အစီအစဉ်အရ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ကျောင်းဆောင်အလျားပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၃၆ ပေရှိ (RC) သုံးထပ်ကျောင်းဆောင်ဖြစ်ပြီး အလျားပေ ၃၀၊ အနံပေ ၃၀ ရှိ စာသင်ခန်းခြောက်ခန်း၊ အလျားပေ ၃၀၊ အနံပေ ၂၀ရှိ စာသင်ခန်းသုံးခန်း စုစုပေါင်း စာသင်ခန်းကိုးခန်း ပါဝင်၍ တန်ဖိုးငွေကျပ် ၁၂၁၁၇၁၄၂၀ (ကန်ဒေါ်လာ ၁၄၀၈၉၇) ကုန်ကျခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးအားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။
- ☆ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် မါစင်ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို မြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

မယင်းကြီး အမကဌ ပညာရည်ချွန်ဆုပေး

နေပြည်တော် ဖေဖော်ဝါရီ ၂

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု မယင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိန်လွင်၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးသောင်းငွေ၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ညွန့်၊ မယင်းကြီး ကျောင်းအုပ်ဆရာကြီး ဦးကြည်အေးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖျော်ဖြေ

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး မယင်းကြီးကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ စုံညီပွဲတော်ကို ကျင်းပရာ တက်ရောက်လာကြသူများအား ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော် အကပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **တင်မောင်လွင်**

❀ *ရွှေဖုံးမှ*

မီးသတ်ယာဉ်များ ဝယ်ယူဖြည့်တင်းပေးမှုကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် အချိန်မီငြိမ်းသတ်နိုင်မည်ဖြစ်၍ မီးဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများလျော့နည်းသွားမည်ဖြစ်သည်။ မီးသတ်တပ်ဖွဲ့အနေဖြင့်လည်း ရာသီမရွေး အချိန်အခါမရွေး ဖြစ်ပွားတတ်သော မီးလောင်မှုများကို ကြိုတင်လက်ဦးမှုရယူနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **သိန်းဇော်(ရွှေလီဦး)**

ဝက်စ်ဘရွန်းနှင့် လီဗာပူးတို့ပွဲတွင် ဝက်စ်ဘရွန်းတိုက်စစ်မှူး အနီချိဘီ လီဗာပူးဘက်သို့ ချေပဂိုးသွင်းယူအပြီး တွေ့ရစဉ်။

❀ *ကျောဖုံးမှ*

အဲဗာတန်ကစားသမားဟောင်း အနီချိဘီက သွင်းယူပေးခဲ့သည်။ နှစ်သင်းစလုံး အနိုင်ဂိုးရရှိရေး ကြိုးစားသော်လည်း ဂိုးထပ်မသွင်းနိုင်ဘဲ တစ်ဖက်တစ်ဂိုးစီဖြင့်သာ ပြီးဆုံးသွားခဲ့သည်။

အီတလီစီးရီးအေ

တနင်္ဂနွေနေ့ ယှဉ်ပြိုင်ကစားသည် အီတလီစီးရီးအေ ပွဲစဉ် (၂၂) တွင် အတ္တလန္တာက နာပိုလီကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ကာတာနီးယားနှင့် လီဗော်နိုတို့ပွဲမှာ တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။ လာဇီယိုက အဝေးကွင်း၌ ချယေဗိုကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **သီဟ**

ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၁၄ (တနင်္လာနေ့)

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ ပြည်တွင်းသတင်း
၈း၂၅ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
၈း၄၀ ရဖယ်စုံလင်အာဆီယံအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၁၅ ရင်ခုန်လက်ကမ်းတေးသစ်လမ်း
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် **နေကမွေးတဲ့လ** (ပထမပိုင်း)

ညပိုင်း

၁၅း၁၅ ဆေးရောင်စုံရုပ်ရှင် **နေကမွေးတဲ့လ** (ဇာတ်သိမ်း)
၁၆း၄၅ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၃၀ မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း စကားဝိုင်းဆွေးနွေးပွဲ (အပိုင်း-၃)
၂၀း၄၀ ပြည်သူတို့ရဲ့စကားသံများ

စစ်တွေမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား သိန်းနှစ်ထောင်ကျော်ဖိုး ဖမ်းဆီးရမိ

စစ်တွေ ဖေဖော်ဝါရီ ၂

စစ်တွေမူးယစ်အထူးအဖွဲ့မှ ရဲမှူးရိုထွန်းသန်းနှင့် တပ်ဖွဲ့ဝင်များ၊ စစ်တွေအမှတ်(၂) ရဲစခန်းမှ ရဲအုပ်ကျော်သာမောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အေးခင်မောင်၊ ခရိုင်မှူ/ကူမှ ရဲအုပ်ခိုင်စိုးထွန်း၊ သတင်းတပ်ဖွဲ့မှ ဒုရဲအုပ်သန်းထွန်း၊ သင်္ဘောဆိပ်ရဲစခန်းမှူး ဒုရဲအုပ်နေလင်းမြင့်နှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သည့် အဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီ မိနစ် ၂၀ တွင် သက်သေများနှင့်အတူ စစ်တွေမြို့ပြည်တွင်းရေကြောင်း သင်္ဘောဆိပ်၌ ညေဝတီ (၂)သင်္ဘောဖြင့် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ လိုက်ပါမည် ခရီးသည်သန်းလိုင်(၂၈ နှစ်) ညေဝတီ (ခ) ရပ်ကွက် စစ်တွေမြို့နေသူ ယူဆောင်လာသည့် The North Face စာတန်းပါအပြာနုရောင်ခရီးဆောင်အိတ်ကို ရှာဖွေရာ အပြာရောင်တိပ်ဖြင့် တစ်ထပ်၊ မိုင်းကိုင်စက္ကူဖြင့် တစ်ထပ်ထုပ်ထားသည့် အတုပ်တစ်တုပ်လျှင် (R/WY) တံဆိပ်ပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား တစ်သောင်းစီပါ ခုနှစ်ထုပ်နှင့် ၎င်းကိုင်ဆောင်သည် HELLO တံဆိပ်ပါ GSM အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ မြန်မာငွေရောရာ ငွေကျပ်ငါးသောင်းတွေ့ရှိရ၍ သိမ်းဆည်းရမိခဲ့သည်။

စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်လာသူ သန်းလှိုင်ကို စစ်ဆေးရာ ဆေးပြားများမှာ စစ်တွေမြို့ ကျောင်းကြီးလမ်းရပ်ကွက်နေ မောင်စိုးလှိုင် (၂၆ နှစ်)ပိုင် ဆေးပြားများဖြစ်ကြောင်း တွက်ဆိုချက်အရ စစ်တွေခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသစ်ဆန်း ဦးစီးပူးပေါင်းအဖွဲ့ဝင်များက အဆိုပါ နေအိမ်ကို နံနက် ၇ နာရီခွဲတွင် ဝင်ရောက်စစ်ဆေးရာ မောင်စိုးလှိုင်နှင့်အတူ စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက်နေ မောင်မောင်ထွေး (ခ) တူးတူး (၂၅ နှစ်) တို့နှစ်ဦးကို တွေ့ရသဖြင့် အခန်းကို ရှာဖွေစဉ် ၎င်းတို့ နှစ်ဦးအိပ်သည် အိပ်ရာအောက်မှ CASCIO တံဆိပ်ပါ ဘူးခွံအတွင်း ဂျာနယ်စက္ကူဖြင့် ထုပ်ထားသည် (R/ WY/SU) တံဆိပ်ပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၊ မြန်မာငွေရောရာ ငွေကျပ်ရစ်သိန်းနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးဖြုသည် ကင်ဘိုအမျိုးအစား ဆိုင်ကယ်တစ်စီး၊ Nulang အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီး၊ Darang အမျိုးအစား အနက်ရောင် 125 ဆိုင်ကယ်တစ်စီးတို့ကို တွေ့ရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ထပ်မံသိမ်းဆည်းရမိခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ပြစ်မှုကျူးလွန်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဥပဒေအရ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သိမ်းဆည်းရမိသော ဆေးပြားများ၏ ကာလတန်ဖိုးမှာ ငွေကျပ်သိန်း နှစ်ထောင့်တစ်ရာ တစ်ဆယ့်လေးသိန်း ခုနစ်သောင်း ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

စိတ်ကြွရူးသွပ်ဆေးပြား ၀၂၀၀ ကျော် သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂

ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီခွဲက အမှတ်(၂၈)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကျိုင်းတုံ)မှတပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု နောင်ထပ်ရွာနေ မမာလာဝင်း(၂၀ နှစ်)၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၈ ပြား စုစုပေါင်း တန်ဖိုးငွေကျပ် ၃၁ ဒသမ ၂ သိန်းနှင့် နေအိမ်အတွင်းမှ ငွေကျပ် ၅ ဒသမ ၈၅ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မမာလာဝင်းကို ကျိုင်းတုံမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ပြည်တွင်းသတင်း

ရေတိမ်ဒေသများအား ထိန်းသိမ်းကာကွယ်ရုံသာမက စနစ်တကျ အကျိုးရှိစွာအသုံးချ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ၂၀၁၄ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့(World Wetlands Day) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် နော်ဝေပတ်ဝန်းကျင်ရေးရာ အေဂျင်စီ၊ အပြည်ပြည်ဆိုင်ရာ တိရစ္ဆာန်နှင့်အပင်များအဖွဲ့ (FFI)၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)၊ ရွှေပြည်အေးကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော ၂၀၁၄ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ ပျဉ်ပုံကြီးကျေးရွာအနီး မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကျင်းပသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ရေတိမ်ဒေသနှင့်ပတ်သက်သည့် နိုင်ငံခြားသားပညာရှင်များ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ၂၀၁၄ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ ဆောင်ပုဒ်အဖြစ် **"ရေတိမ်ဒေသများနှင့် စိုက်ပျိုးရေးယှဉ်တွဲဖွံ့ဖြိုးအောင် ဆောင်ရွက်ပေး"** Wetlands and Agriculture: Partners for Growth ဟု အပြည်ပြည်ဆိုင်ရာ ရေတိမ်ဒေသများ ကွန်ဗင်းရှင်း(Convention on Wetlands)က သတ်မှတ်ထုတ်ပြန်ထားပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ ရမ်ဆာအတွင်းရေးမှူးရုံးမှ ကမ္ဘာ့အရေးပါသော ရေတိမ်ဒေသစာရင်းဝင်နေရာ (Ramsar Site) တစ်ခုအဖြစ် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို သတ်မှတ်နိုင်ခဲ့ပါကြောင်း။

ရေတိမ်ဒေသများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက်သာမက ရေသယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်ဂေဟစနစ်များ ရေရှည်တည်မြဲစေရေး ထိန်းညှိပေးခြင်း၊ ရားပါးမျိုးစိတ်များနှင့် ဒေသမျိုးရင်းမျိုးစိတ်များ အဓိကကျက်စားရာဒေသအဖြစ် တွေ့ရှိရခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်း စသည် ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးတွေကို ပံ့ပိုးပေးလျက်ရှိသည့်အပြင် ရေလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ စသည့် နိုင်ငံတော်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်အတွက် ရေတိမ်ဒေသများ၏ အခန်းကဏ္ဍသည် မရှိမဖြစ် အရေးပါကြောင်း၊ ရေတိမ်ဒေသများသည် စိုက်ပျိုးမြေများအတွက် ရေသိုလှောင် သိမ်းဆည်းထားရုံသာမက မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေခြင်း၊ စိုက်ပျိုးသီးနှံများ မျိုးပွားစေခြင်းနှင့် ပိုးမွှားများ သုတ်သင်ဖယ်ရှားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော ရေပျော်ငှက်မျိုးစိတ်များနှင့် အခြားတိရစ္ဆာန်မျိုးစိတ်များအတွက် အဓိက မှီတင်းနေထိုင်ရာ ဂေဟစနစ်တစ်ခုအဖြစ် အထောက်အကူပြုလျက်ရှိပါကြောင်း။

ရမ်ဆာကွန်ဗင်းရှင်း၏ အဓိကဦးတည်ချက်များအရ ရေတိမ်ဒေသများအား ထိန်းသိမ်းကာကွယ်ရုံသာမက စနစ်တကျ အကျိုးရှိစွာ အသုံးချခြင်းကိုလည်း အလေးထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရေတိမ်ဒေသများကို စနစ်တကျစီမံအုပ်ချုပ်ရန်လည်း လိုအပ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စိုက်ပျိုးနည်းစနစ်များကိုသာ အသုံးပြုရန်လည်း လိုအပ်လှပါကြောင်း။

ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းများကို အထိရောက်ဆုံးလျော့ချနိုင်ရန်နှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေတိမ်ဒေသဂေဟစနစ်များကို စနစ်တကျထိန်းသိမ်းကာကွယ်သွားရမည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း အကျိုးရှိရှိ စီမံခန့်ခွဲအသုံးချသွားနိုင်ရန် နိုင်ငံတော်အစိုးရနှင့်တကွ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သူများအားလုံးမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးညာဏ်ဝင်းက ပဲခူးတိုင်းဒေသကြီးအနေဖြင့် မိုးယွန်းကြီးအင်းဘေးမဲ့တောကဲ့သို့ပင် ဆောင်းခိုငှက်များ ကျရောက်ကျက်စားမှုအများဆုံးရှိသည့် မုတ္တမပင်လယ်ကွေ့ဒေသတွင် ပါဝင်သော သနပ်ပင်၊ ကဝမြို့နယ်အပိုင်းတို့၌ ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်လုနီးပါး ရှားပါးငှက်မျိုးစိတ်ဖြစ်သည် ဒီလုံးငှက် ခေါ် ရေညောင့်နှုတ်ဝိုင်းငှက်များ ကျရောက်ကျက်စားလေ့ရှိကြောင်းကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ သိရှိရကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းတို့ကို ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်အတူ ဟန်ချက်ညီတိုးတက်အောင်ဖြင်အောင် ဆောင်ရွက်သွားနိုင်ရေး စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နော်ဝေနိုင်ငံအစိုးရ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီ၏ ပံ့ပိုးမှုဖြင့် ပြန်လည်ပြင်ဆင်ခဲ့သော မိုးယွန်းကြီးအင်း ရေတိမ်ဒေသပညာပေးပြခန်းကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှု၍ မိုးယွန်းကြီးအင်းအတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေတိမ်ဒေသများသည် စိုက်ပျိုးမြေများအတွက် ရေသိုလှောင်သိမ်းဆည်းထားရုံသာမက မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေခြင်း၊ စိုက်ပျိုးသီးနှံများ မျိုးပွားစေခြင်းနှင့် ပိုးမွှားများ သုတ်သင်ဖယ်ရှားပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိသော ရေပျော်ငှက်မျိုးစိတ်များနှင့် အခြားတိရစ္ဆာန်မျိုးစိတ်များအတွက် အဓိက မှီတင်းနေထိုင်ရာဂေဟစနစ်တစ်ခုအဖြစ် အထောက်အကူပြုလျက်ရှိ။

မင်းကင်းမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

မင်းကင်း ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်အတွင်းရှိ တင်ဘက်-ဦးကြီး-ကျောက်အိုးလမ်းပိုင်း အရှည် ၄ ဒသမ ၂ မိုင်၊ အကျယ် ၃၆ ပေရှိ မြေသားလမ်းဖောက်လုပ်မှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၅၀ ဒသမ ၀၂၃ သန်းအကုန်အကျခံကာ ပန်းမှန်ကုမ္ပဏီက စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

ယင်းလမ်းဖောက်လုပ်ပေးခြင်းကြောင့် တင်ဘက်ကျေးရွာအုပ်စုနှင့် ကျောင်းကြီးကျေးရွာအုပ်စုတို့ရှိ အိမ်ခြေ ၉၄၄ အိမ်မှလူဦးရေ ၄၈၂၅ ဦးတို့၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး မြို့နယ်နှင့် ကျေးလက်များအကြားကုန်စည်စီးဆင်းမှု လွယ်ကူမည်ဖြစ်သည်အပြင် ယင်းလမ်းဖောက်လုပ်ပြီးစီးပါက အချိန်မရွေး၊ ရာသီမရွေး ကျေးလက်နေပြည်သူများအတွက် ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်မှုကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက်တွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဂျိုးနက်**

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ကော်မတီအဖွဲ့ဝင်များဖြစ်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်တို့နှင့်အတူ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးဦးစိုးတင့် **(အပေါ်ယာပုံ)**က ရန်ကုန်မြို့၌ (၁၀)နှစ်ကျော်ကတည်းက ရေကြီးရေလျှံမှုဖြစ်ပေါ်လာရာမှ တပြည်းပြည်း ရေစီးရေလာမကောင်းခြင်းသည် လျော့ပါးသွားခြင်းမရှိဘဲ

ရန်ကုန်တိုင်းဒေသ

ရေစီးရေလာကော

ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရသဖြင့် အမြန်ဆုံးကောင်းမွန်ရေး ထိန်းသိမ်းနိုင်ရန် မိမိတို့ကော်မတီကို နိုင်ငံတော်အစိုးရက ပညာရှင်များဖြင့် အဓိကထား ဖွဲ့စည်းပေးထားပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို မိုးမကျမီ ဆောင်ရွက်ရန်နှင့် ကုန်ကျစရိတ်များတွက်ချက်ပြီး နိုင်ငံ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ကျောက်မဲခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက ကျောက်မဲမြို့သို့ ရောက်ရှိပြီး ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပသည့် တဲဖက်ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီဝင်များ၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကား ပြောကြားသည်။ ထို့နောက် ကျောက်မဲခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က နယ်မြေဒေသဆိုင်ရာ အချက်များကိုလည်းကောင်း၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ မိုးမိတ်၊ မဘိမ်း မြို့နယ်များမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများက မိမိတို့၏ မြို့နယ်အတွင်းရှိ ဒေသဆိုင်ရာအချက်အလက်များ၊ ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလု၊ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလုဝင်းတို့က ကော်မတီဝင်များ၏ တင်ပြချက်များအား ပြန်လည်ဖြည့်ဆည်းရှင်းလင်းခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ မိုးမိတ်၊ မဘိမ်းမြို့များတွင် စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တစ်မြို့နယ်လျှင် ကျပ်သိန်း ၅၀၀ ဖြင့် စုစုပေါင်း ကျပ်သိန်း ၃၀၀၀၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ၁၀ သိန်းဖြင့် ယဉ်ကျေးမှုအဖွဲ့ ၁၈ ဖွဲ့အတွက် စုစုပေါင်း ကျပ်သိန်း ၁၈၀၊ ပညာရေးကဏ္ဍအတွက် တစ်မြို့နယ်လျှင် ငွေကျပ် ၁၀ သိန်းနှင့် ကွန်ပျူတာ နှစ်စုံစီဖြင့် စုစုပေါင်း ကျပ်သိန်း ၆၀ နှင့် ကွန်ပျူတာ ၁၂ စုံကို ပြည်နယ်ဝန်ကြီးများက ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

✳ ရှေ့ဖုံးမှ

ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အီတလီနိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးတွဲဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်သည်။ အဆိုပါ စာချွန်လွှာအရ တစ်နှစ်မှ သုံးနှစ်အထိ အထောက်အကူဖြုအစ်အစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အီတလီနိုင်ငံ La Sapienza University နှင့် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်မှ ပညာရှင်များ ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်မည့် ခရီးစဉ်ဒေသများကို သုတေသနပြုခြင်း၊ နှစ်နိုင်ငံ အပြန်အလှန် လေ့လာခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများဖြုလုပ်ပြီး သုတေသနဖလှယ်ခြင်းများ ပြုလုပ်ကြရန် စီစဉ်ထားသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန် တစ်နှစ်မှ သုံးနှစ်အတွင်း အချိန်ယူ လုပ်ကိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ရေးဟောင်းလက်ရာအဆောက်အအုံအများအပြားဆုံးရှိနေရာ အထူးသဖြင့် ရန်ကုန်မြို့တွင် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများ ပေါများစွာ ရှိနေသည်။ အဆိုပါ ရှေးဟောင်းမြို့ပြအဆောက်အအုံများကို သီးသန့်လေ့လာလိုသည့် ကမ္ဘာလှည့်ခရီးသွားများလည်း ရှိနေရာ သီးခြားအစီအစဉ်အဖြစ် သတ်မှတ်ကာ စည်ကားသော ညဈေးများပါ ဖွင့်လှစ်နိုင်ပါက ပိုမိုအဆင်ပြေနိုင်မည်ဟု ပုဂ္ဂလိက ခရီးသွားလုပ်ငန်းပိုင်ရှင် ဦးမောင်တိုးက ပြောသည်။

ရန်ကုန်မြို့တွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကမ္ဘာလှည့်ခရီးသွားများအတွက် ခရီးစဉ်သစ်များဖော်ဆောင်က ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လိုစိတ်များပေါ်ပေါက်လာရန် ဆောင်ရွက်သွားရန် လိုအပ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ခရီးစဉ်နေရာသစ်များ ဖော်ဆောင်ပါက သဘာဝရေပူစမ်း၊ ရေတံခွန်စသည်နေရာများရှိနေသလို ကချင်ပြည်နယ် မိုးမောက်မြို့အနီးတွင်လည်း ရေပူစမ်းရှိနေသည်။ ထိုအတူ မွန်ပြည်နယ်တွင် စက်စဲကမ်းခြေ အပြင် အံခဲကမ်းခြေ၊ ကျိုက်မဝက်ကမ်းခြေ၊ ပင်လယ်ဝကမ်းခြေတို့ရှိနေသလို ဧရာဝတီတိုင်းဒေသကြီးတွင်လည်း ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားနိုင်သည့် ခရီးစဉ်သစ်များ ဖော်ဆောင်နိုင်ပါက နေရာများစွာ ရှိနေသည်။

မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတို့သည် သဘာဝအလှများကိုယ်စီရှိနေပြီး ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များလည်း ပိုင်ဆိုင်ကြလျက်ရှိရာ သဘာဝအလှမပျက်၊ ရေးဟောင်းယဉ်ကျေးမှု လက်ရာမပျက်ဘဲ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမည် နေရာဒေသခရီးစဉ်သစ်များဖော်ထုတ်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

လူမှုအဖွဲ့အစည်းအတွက် စာကြည့်တိုက်များ

မောင်ယဉ်ကျေး

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနကဦးစီး၍ အာဆီယံစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲ ၂၀၁၄ ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်မှ ၄ ရက်အထိ နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပမည်ဖြစ်သည်။ ဤနှီးနှောဖလှယ်ပွဲသည် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက တာဝန်ယူချိန်တွင် စီစဉ်ပြုလုပ်သော မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အာဆီယံဒေသဆိုင်ရာစာကြည့်တိုက်ပညာ နှီးနှောဖလှယ်ပွဲလည်း ဖြစ်သည်။

၂၀၁၄ ခုနှစ်သည် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် လက်ခံခဲ့ပြီး အာဆီယံလူမှုရေး ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေးကို လက်ခံကျင်းပရုံမက အာဆီယံဥက္ကဋ္ဌတာဝန်ယူမြင်း အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုဆိုင်ရာအစီအစဉ်များကိုကျင်းပဖြုလုပ်သွားမည်ဖြစ်သည်။ ယခုပြုလုပ်သည့် အာဆီယံစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲ ၂၀၁၄ သည် အဆိုပါအစီအစဉ်များအနက်တစ်ခုဖြစ်သည်။ မကြာသေးမီက အမျိုးသားစာကြည့်တိုက်များကို သမိုင်းသုတေသနဦးစီးဌာနအောက်သို့ ဖြောင်းရွှေ့ခဲ့ပြီး သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစာကြည့်တိုက်၏လုပ်ငန်းများကို အများပြည်သူသိရှိသဘောပေါက်စေရန် စာဖတ်ရှိန်တိုးမြှင့်ရေးနှင့် စာကြည့်တိုက်အသုံးဖြုသူတိုးပွားစေရေးဆောင်ရွက်ရန်အတွက် စာကြည့်တိုက်နှီးနှောဖလှယ်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

အမှန်စင်စစ် မြန်မာနိုင်ငံတွင် ပျူယဉ်ကျေးမှုထွန်းကားခဲ့စဉ်ကာလများကပင် စာကြည့်တိုက်များသည် ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများအဖြစ် စတင်ထွန်းကားလာခဲ့ပြီဟု ဆိုနိုင်သည်။ အစောဆုံး တွေ့ရှိရသည့် မြန်မာစာပေအထောက်အထားမှာ ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ သရေခေတ္တရာမြို့ဟောင်းမှရရှိသော ရွှေပေလွှာချပ်များဖြစ်သည်။ ထိုရွှေပေလွှာချပ်များတွင် ဗုဒ္ဓ၏တရားစာများကို ပါဠိဘာသာဖြင့်ရေးထွင်းထားသည်ကို တွေ့နိုင်သည်။ ထို့အပြင် အုတ်ခွက်ဗုဒ္ဓဆင်းတုတော်များ၏ ပလ္လင်အခြေတွင် ရေးထွင်းထားသော အလှူရှင်အကြောင်းအရာများနှင့် ကျောက်အရိုးအိုးများတွင် ရေးထွင်းထားသော အကြောင်းအရာများက မြန်မာနိုင်ငံတွင် ရှေးယခင်ကပင် ဗုဒ္ဓစာပေသာမက လူမှုရေးနှင့်ယဉ်ကျေးမှုစာပေများလည်း ထွန်းကားနေကြောင်း အထောက်အထားများပင်ဖြစ်သည်။

အခြား အစောဆုံးမြန်မာစာပေပုံစံမှာ ကျောက်စာဖြစ်သည်။ ကျောက်စာတွင် စေတီပုထိုး၊ ကျောင်းစသည်တို့ ဆောက်လုပ်လှူဒါန်းခြင်းအတွက် အလှူမှတ်တမ်းအဖြစ် ရေးထိုးလေ့ရှိသည်။ မြန်မာစာပေလောကတွင် ထင်ရှားသောကျောက်စာမှာ အေဒီ ၁၁၁၃ တွင် ကျန်စစ်သားမင်းကြီး၏ သားတော် ရာဇကုမာရ်မင်းသားရေးထိုးခဲ့သော မြစေတီကျောက်စာဖြစ်သည်။ မြစေတီကျောက်စာသည် ကျောက်စာတိုင်လေးမျက်နှာတွင် အလှူဆုတောင်းစာကို ပျူ ပါဠိ၊ မွန်၊ မြန်မာ လေးဘာသာဖြင့် ရေးထိုးထားပြီး မြန်မာစာပေ၌ ဘာသာစကားများ ဆက်နွယ်မှုနှင့် ဘာသာစကား၏ အဆင့်အတန်းကို လေ့လာရာတွင် အကောင်းဆုံးအထောက်အထားလည်းဖြစ်သည်။ ပညာရှင်များ၏အဆိုအရ ကျောက်စာပါအရေးအသားနှင့် စာရေးသားဟန်သည် အဆင့်အတန်းမြင့်ကြောင်းနှင့်မြန်မာစာပေသည် ကျောက်စာရေးထိုးချိန်မတိုင်မီကပင် ဖွံ့ဖြိုးထွန်းကားနေပြီဟု မှန်းဆနိုင်ကြောင်း သိရသည်။

နောက်ပိုင်းတွင် စာပေရေးသားရာ၌ ပေရွက်ကိုအသုံးပြုလာကြပြီး မြန်မာစာလုံးပုံစံသည် အဝိုင်းပုံသို့ ပြောင်းလဲလာခဲ့သည်။ ပုဂံခေတ်တွင် အနော်ရထာမင်းသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခဲ့ပြီး သီရိလင်္ကာနိုင်ငံမှ ပါဠိဘာသာကျမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ ပါဠိဘာသာကို မြန်မာစာပေတွင် ဘာသာစကားအဖြစ် ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။ ကျောက်စာများတွင် ရေးထိုးထားသော အလှူမှတ်တမ်းများအရ လှူဒါန်းသူများသည် စေတီပုထိုး၊ ကျောင်း၊ ပိဋကတ်တိုက် (စာကြည့်တိုက်)များကို ပိဋကတ်တော်များနှင့်တကွ လှူဒါန်းခဲ့ကြရာတွင် ရဟန်းတော်များ၏ ပညာရေးအတွက် ရည်ရွယ်ကာ ပိဋကတ်တော်များနှင့် ပိဋကတ်တိုက်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အလုပ်အကျွေးများကိုပါ တစ်ပါတည်းလှူခဲ့ကြကြောင်း သိရသည်။ ထို့ကြောင့် မြန်မာစာပေနှင့် ပိဋကတ်တိုက်များသည် ပညာပြန့်ပွားရေးတွင် အဓိကကဏ္ဍမှပါဝင်ခဲ့ကြောင်း သိနိုင်သည်။

စာကြည့်တိုက်များသည် မြန်မာ့ယဉ်ကျေးမှု၊ အနုပညာရပ်များနှင့် စာပေထွန်းကားခဲ့သည် ပုဂံခေတ်၊ အနော်ရထာမင်းအုပ်ချုပ်ခဲ့သော အေဒီ ၁၁ ရာစုမှစတင်၍ ထွန်းကားလာခဲ့သည်။ အစောဆုံးတွေ့ရှိရသော အထောက်အထားမှာ ပုဂံမြို့ရှိ အနော်ရထာမင်း ပိဋကတ်တိုက်(အေဒီ ၁၀၅၇) ဖြစ်သည်။ ထိုအချိန်မှစ၍ ပိဋကတ်တိုက်ခေါ် စာကြည့်တိုက်များသည် မြန်မာမင်းဆက်များတစ်လျှောက်တွင် နန်းတွင်း၌တည်ရှိခဲ့သော နန်းတွင်းရှိ အရာထမ်းများအသုံးပြုခဲ့သော တော်ဝင်စာကြည့်တိုက်များအဖြစ် ထွန်းကားခဲ့ကြသည်။

လွတ်လပ်ရေးရပြီးချိန်တွင် ဘားနတ် အခလွတ်စာကြည့်တိုက်မှ စာစုများနှင့် ရတနာပုံနန်းတွင်းမှ ပေ၊ ပုရပိုက်၊ လက်ရေးစာများအစုအဝေးဖြင့် အမျိုးသားစာကြည့်တိုက်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်တွင် တည်ထောင်ခဲ့သည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၌ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်-ကောလိပ်စာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၊ အထူးစာကြည့်တိုက်များ စသည်မြင့် စာကြည့်တိုက်အမျိုးအစားများစွာ တည်ရှိနေပြီဖြစ်သည်။

၂၁ ရာစုသည် ကမ္ဘာ့သတင်းအချက်အလက်ဝန်းကျင်ကို ဖန်တီးဖြစ်ထွန်းစေခဲ့ရာ ကမ္ဘာပေါ်ရှိ စာကြည့်တိုက်များသည် အချက်အလက်ဖြန့်ချိရာဌာနများနှင့် အများမြည်သူစုဝေးရာဖြည်သူ့စင်တာများအဖြစ် ပြောင်းလဲလာသည်။ ယနေ့ခေတ်စာကြည့်တိုက်များသည် အွန်လိုင်းမီဒီယာများမှတစ်ဆင့် အသင့်ရရှိနိုင်သည် အင်တာနက်မှ အချက်အလက်များနှင့် ယှဉ်ပြိုင်နေကြရသည်။

အမှန်စင်စစ် စာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုဌာနများဖြစ်သကဲ့သို့ ပညာဖြန့်ဖြူးရာဌာနများလည်းဖြစ်သည်။ ယနေ့ခေတ်ပညာရေးစနစ်သည် လူထုကိုဦးတည်သော တစ်သက်တာပညာသင်ယူမှုစနစ်သို့ တိုးချဲ့လာခဲ့သည်။ ထို့ကြောင့် စာကြည့်တိုက်များသည် အချက်အလက်ဖြန့်ဖြူးရာဌာနများသာမက ပြည်သူလူထုအတွက် ပညာသင်ယူရန်နေရာများလည်း ဖြစ်လာသည်။

မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ မြန်မာနိုင်ငံရေးမြုပြင်ပြောင်းလဲမှုသည် နိုင်ငံ၏ကောင်းမွန်သော လူမှုရေးဘဝဖြောင်းလဲမှုများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေသည်။ ယခုနှစ်အတွင်း တစ်ဟုန်ထိုး တိုးတက်လာသော သတင်းအချက်အလက်နှင့်ဆက်သွယ်မှုနည်းပညာနှင့်အတူ မြန်မာနိုင်ငံ၏ အချက်အလက်ဝန်းကျင်သည် ပြောင်းလဲလာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အောင်မြင်သော ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ရာတွင် ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသော နိုင်ငံသားများက တည်ထောင်ကြရမည်ဖြစ်ကြောင်း သိရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် လက်တွေ့ဆန်သော အမျိုးသားရေးတာဝန်များကို အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အာဆီယံဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသော တာဝန်တစ်ရပ်အဖြစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ်အတွက် တာဝန်ယူခဲ့သည်။

ထို့ကြောင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်စဉ်ကာလအတွင်း စာကြည့်တိုက်ကဏ္ဍကို တိုးမြှင့်ရန်အတွက် ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲကို ကျင်းပ၍ နိုင်ငံတကာမှ စာကြည့်တိုက်ပညာရှင်များနှင့် အာဆီယံနိုင်ငံများမှ စာကြည့်တိုက်မှူးများ ဖြည်တွင်းမှ စာကြည့်တိုက်ပညာရှင်များနှင့် အတွေ့အကြုံနှင့်ဗဟုသုတများကို ဖလှယ်စေမြင်းဖြစ်သည်။

ယခုပြုလုပ်သည့် နှီးနှောဖလှယ်ပွဲသည် တက်ရောက်လာကြသော ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ အသိပညာ အတတ်ပညာများကို ဖလှယ်၍ ပူးပေါင်းဆွေးနွေးခြင်းဖြင့် ဒစ်ဂျစ်တယ်ဝန်းကျင်သို့ ရေးရှုသော စာကြည့်တိုက်နှင့် သတင်းအချက်အလက်နယ်ပယ်သို့ တိုးချဲ့နိုင်သည့် အခွင့်အလမ်းများ ရရှိကြမည်ဟု မျှော်လင့်သည်။ အဆိုပါ အခွင့်အလမ်းများကို ရယူလျက် ကျွန်ုပ်တို့အနေဖြင့် နှီးနှောဖလှယ်ပွဲ၏ ရည်မှန်းချက်ဖြစ်သော 'လူမှုအဖွဲ့အစည်းအတွက် စာကြည့်တိုက်များ' ဆိုသို့ ရောက်ရှိအောင် အတူတကွ လက်တွဲပါဝင်ဆောင်ရွက်သွားကြလျက် နှီးနှောဖလှယ်ပွဲကြီးကို ကျင်းပသွားမည်ဖြစ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် အာဆီယံစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲမှ စာကြည့်တိုက်လောကအတွက် အကျိုးရှိသော ဆွေးနွေးချက်များ ပေါ်ထွက်လာတော့မည်ဖြစ်ပါသည်။ ။

စာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုဌာနများဖြစ်သကဲ့သို့ ပညာဖြန့်ဖြူးရာဌာနများလည်းဖြစ်။

...ကိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ...လာကောင်းမွန်ရန် ထိန်းသိမ်းရေးကော်မတီစည်းဝေး

ခံမှအခြေအနေများကို ဓာတ်ပုံမှတ်တမ်းများမြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည် ကော်မတီဝင်များက ဆောင်ရွက်မည် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးတင့်က ပဏာမအဆင့်အနေဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အရှေ့ခြမ်း မြို့နယ်များ ဦးစားပေး ဆောင်ရွက်ရန် မှာကြားပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၄၈)ရပ်ကွက်ရှိ ငမိုးရိပ်ချောင်းလက်တက်ဖြစ်သော ထားဝယ်ချောင် ချောင်းရေထိန်းတံခါးနှင့် ထားဝယ်ချောင်ချောင်းတစ်လျှောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

...ကို တွေ့ရှိရ ...ကောင်းမွန်ရေး ...တို့ကော်မတီကို ... ပညာရှင်များ ...စည်းပေးထားပါ ...ဆောင်ရွက်မှုများ ...ဆောင်ရွက်ရန်နှင့် ...က်ချက်ပြီး နိုင်ငံတော်အစိုးရထံတင်ပြ၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူလူထု ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာ လုပ်ငန်းများပြီးစီး အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဒုတိယဝန်ကြီး ဦးမြင့်ဇော်တို့က ဆောင်ရွက်ရန်ရှိသည်များအနက် လတ်တလောအရေးတကြီး ဖြစ်ပေါ်သော နေရာဒေသအလိုက်ကြည့်ရှုပြီး အဖြေရှာဆောင်ရွက်ရန် ပြောကြားကြပြီး ကော်မတီအတွင်းရေးမှူးက ကော်မတီဖွဲ့စည်းမြင်းနှင့်လုပ်ငန်းတာဝန်များ၊ ယခင်နှစ်များက ရေကြီးရေလျှံမြင်းဖြစ်ပေါ်

(သတင်းစဉ်)

ပညာရည်ချွန်ဆုပေးပွဲနှင့် ပဒေသာကပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထက(၆) မှလွန်တွင် ဘက်စုံပညာရည်ချွန်ဆုပေးပွဲနှင့် ပဒေသာကပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ထိုပွဲတွင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ရပ်ကွက်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသားမိဘများ စုံညီစွာ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဆရာကြီး ဦးဝင်းဗိုလ်က ကျောင်းသား ကျောင်းသူများအား ခေတ်နှင့်အညီတိုးတက်ပြောင်းလဲနေသော ပညာရေးစနစ်တွင် စည်းကမ်းတကျ နှီးကြားတက်ကြွစွာဖြင့် သင်ကြား သင်ယူလိုစိတ်နှင့်တကွ ယှဉ်ပြိုင်ကြိုးစားလိုစိတ်များပေါက်ဖွားပြီး အနာဂတ်တွင် သားကောင်းရတနာလေးများ ပေါ်ထွန်းစေလို၍ နာလေးနာဖြင့် ရည်ရွယ်ပါကြောင်းဖြင့် ပြောကြားသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်ဆုပေးပွဲကို အတန်းများအလိုက်ဆုပေးခဲ့ပြီး ကျောင်းသူ ကျောင်းသားများ၏ အဆို၊ အကများအပြင် ပညာတန်ဆောင်ပြိုင်ပွဲ(ရုပ်ပြစာစီစာကုံး ပထမဆုရ) မနန်းခင်ချမ်းမြေနှင့် မြို့နယ် ကျပန်းစကားပြောပြိုင်ပွဲ (အထူးဆုရ)ဆဋ္ဌမတန်းမှ မဆုလဲ့လဲ့အောင်တို့က ပြိုင်ပွဲဝင်ဆုရ အတွေ့အကြုံများကို ပြန်လည်တင်ပြခဲ့ကြောင်းသိရှိရသည်။

ရွှေကျွန်းခိုင်သစ်

ပြည်တွင်းသတင်း

မိုးကုတ်ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်နိုင်ရေးအတွက် စီမံဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၂

မိုးကုတ်ကျောက်မျက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ရရှိရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်ရောင်းဝယ်မှုဈေးမှန်၊ လမ်းမှန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်နိုင်ရေး၊ အခွန်အခများ မှန်ကန်စွာပေးသွင်းရေးကို စိစစ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက မိုးကုတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျောက်မျက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မိုးကုတ်မြို့ ကျောက်မျက် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဘဌေး၊ မြို့မိမြို့ဖ ဦးထွန်းရွှေ၊ ဦးထွန်းဦးတို့က မိုးကုတ်မြို့တွင် ခေတ်အဆက်ဆက် ကျောက်မျက် တူးဖော်ခဲ့မှု၊ ဈေးကွက်အခြေအနေနှင့် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်နိုင်ရေးတွက် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြပြီး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးအေးချိုက သတ္တုတွင်းဝန်ကြီးဌာန၏ ကျောက်မျက်တူးဖော်ရေးတွင် သတ်မှတ်ထားသည့် စည်းကမ်းများနှင့် တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်နိုင်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ရှင်းလင်းရာတွင် မိုးကုတ်ကျောက်မျက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

တင်မောင်(မန္တလေး)

နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

Ooredoo Myanmar Limited နှင့် KMA Group of Companies တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် ညနေ ၆ နာရီခွဲက ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ Co-operative Business Centre ၌ကျင်းပရာ ရေဦးစွာ CB Bank နှင့် KMA Group of Companies ဥက္ကဋ္ဌ ဦးခင်မောင်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကာတာနိုင်ငံ Ooredoo Group ဥက္ကဋ္ဌ H.E. Sheik Abdullah Bin Mohammed Bin Saud Al-Thani က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဧည့်သည်တော်များရှေ့တွင် CB Bank နှင့် KMA Group of Companies မှ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ကာတာနိုင်ငံ Ooredoo Group ဥက္ကဋ္ဌ H.E. Sheik Abdullah Bin Mohammed Bin Saud Al-Thani တို့က နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ်အင်္ဂါထိခိုက်မှု အာမခံ လျော်ကြေးပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီက မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)ဆဋ္ဌမထပ် အစည်းအဝေးခန်းမ၌ကျင်းပသော အားကစားသမားကိုယ်အင်္ဂါထိခိုက်မှု အာမခံ အကျိုးခံစားခွင့်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားအားလုံးအတွက် ခြန်မာ့အာမခံလုပ်ငန်းနှင့်လိုင်စင်ရပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခုတို့ ပူးပေါင်း၍ အားကစားသမား ကိုယ်အင်္ဂါထိခိုက်မှု အာမခံကို ထားရှိပေးခဲ့ရာ ခြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမား ဦးဇာနည်သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် စက်ဘီးစီးလေ့ကျင့်စဉ် ညာဘက်လက်ဖျံရိုး ကျိုးသွားသဖြင့် အကျိုးခံစားခွင့် လျော်ကြေးငွေကျပ် ၁၀၅၀၀၀၀ ကို ပေးလျော်ခြင်းနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမား ဦးကြည်လင်းသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် မြန်မာနှင့်ထိုင်းပွဲစဉ်၌ ညာဘက်ခြေချင်းဝတ် ဒဏ်ရာပြင်းထန်စွာရရှိခဲ့၍ အကျိုးခံစားခွင့် လျော်ကြေးငွေကျပ် ၁၀ သိန်းနှင့်ဆေးရုံတက်ရောက် ကုသမှုသုံးရပ်အတွက် ငွေကျပ် ၅၀၀၀၀ စုစုပေါင်း အကျိုးခံစားခွင့်လျော်ကြေးငွေ ၁၀၅၀၀၀၀ ပေးလျော်ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် Credit Guarantee Insurance သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသည် မြန်မာ့အာမခံလုပ်ငန်းမှ မကြာမီဆောင်ရွက်မည့် Credit Guarantee Insurance လုပ်ငန်းအတွက် ဂျပန်နိုင်ငံ Sumitomo Mitsubishi Banking Corporation(SMBC) မှ တာဝန်ရှိသူများနှင့် ဂျာမနီနိုင်ငံ giz အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက နည်းပညာဖြန့်ဝေပေးသော သင်တန်းဖြစ်ပြီး သင်တန်းသို့ အရာထမ်း၊ အမှုထမ်း ၂၀ တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာယာလှသော်လည်း ပထင်မရှားဖြစ်နေသေးသည့် မွန်ပြည်နယ်မှ အံခဲပင်လယ်ကမ်းခြေအပန်းဖြေစခန်း

မြန်မာနိုင်ငံသည် ပင်လယ်ရေပိုင်နက် မိုင်ထောင်ချီပိုင်ဆိုင်ထားသောနိုင်ငံတစ်ခုဖြစ်သော်လည်း နာမည်ကျော်လူကြိုက်များသည် ပင်လယ်ကမ်းခြေအပန်းဖြေစခန်း လွန်စွာနည်းနေပေသေးသည်။ ရခိုင်ပြည်နယ်မှ ငပလီကမ်းခြေ၊ ကမ်းသာယာတမ်းခြေ၊ မွန်ဖြည်နယ်မှ စက်စဲကမ်းခြေ၊ ဧရာဝတီတိုင်းဒေသကြီးမှ ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်းမကန်ကမ်းခြေတို့ကို လူသိများပြီး အပန်းဖြေစခန်းအဖြစ် ဖွင့်လှစ်ထားပေသည်။

ထိုကမ်းခြေများကဲ့သို့ သာယာလှပြီး လမ်းပန်းဆက်သွယ်ရေးလွယ်ကူသော ပင်လယ်ကမ်းခြေများစွာဖြန်မာနိုင်ငံအတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက်၌ ရှိနေသေးရာ ထိုအထဲတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ အံခဲပင်လယ်ကမ်းခြေသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သံဖြူဇရပ်မြို့မှ ၁၁ မိုင်ခရီးကို ပင်စပြကျေးရွာ၊ ကရုပ်ပိရွာ၊ ဝဲဂလောင်းရွာတို့ကို ဖြတ်ကျော်အပြီး အလွန်သာယာလှပသည့် အံခဲကမ်းခြေကို ရောက်ရှိပေမည်။

အံခဲကမ်းခြေသည် စက်စဲကမ်းခြေနှင့် မြို့နယ်တစ်ခုအတွင်း၌ တည်ရှိနေပြီး မိုင်အားဖြင့် များစွာမဝေးကွာသော်လည်း စက်စဲကမ်းခြေထက် ပိုမိုကျယ်ပြန့်ပြီး ပင်လယ်ရေသည် ပို၍ ကြည်လင်ပေသည်။ စက်စဲကမ်းခြေ၏ အကျယ်မှာ နှစ်မိုင်ဝန်းကျင်သာရှိနေသော်လည်း အံခဲကမ်းခြေသည် အကျယ်အရှည် ငါးမိုင်အထက်တွင် ရှိနေပေသည်။ တန်ခိုးကြီးကျိုက္ခမီရေလယ်ဘုရားဖူးအမျိုး စက်စဲကမ်းခြေကို ၁၀ မိုင်ခန့်သွားရောက်ရသော်လည်း အံခဲကမ်းခြေတွင် သမိုင်းဝင်ကျိုက်နဲ့ဘုရားကို ဖူးမြော်နိုင်မည်ဖြစ်ပေသည်။ မွန်ဘာသာဖြင့် ကျိုက်-ဘုရား၊ နဲ့-အောင်မြင်သည်၊ 'အောင်တော်မူဘုရား'ဟု အဓိပ္ပာယ်ရလေသည်။

ကျိုက်နဲ့တန်ခိုးကြီးဘုရားသည် ကပ္ပလီပင်လယ်အတွင်း၌ တည်ရှိနေသော်လည်း ဝါဆိုဝါခေါင် မိုးဖြိုင်ဖြိုင်ရွာသွန်းချိန်နှင့် ပင်လယ်ရေတက်ချိန်တို့တွင် ဘုရားကုန်းခြေအထိ ရေလွှမ်းမြင်းမရှိဘဲရေများသည် ဘုရားပတ်လည်တွင် ဒယ်အိုးပုံသဏ္ဌာန်ဖြင့် တည်ရှိနေခြင်းမှာလည်း အံ့သြရသည့်အချက်ဖြစ်နေသည်။

အံခဲကမ်းခြေသို့ရောက်သည့်အခါ တန်ခိုးကြီးကျိုက်နဲ့ဘုရားကို ဖူးမြော်အပြီး သာယာလှပကျယ်ပြန့်သော ပင်လယ်ကမ်းခြေတွင် အပန်းဖြေနိုင်ပေသည်။ စက်စဲကမ်းခြေတွင် အလွန်နည်းသွား[illegible]ဖြစ်သော ပင်လယ်ခရုခွံများစွာကို အံခဲကမ်းခြေ၌ တွေ့မြင်ကောက်ယူဆော့ကစားနိုင်ပေသည်။ ငါးမိုင်ကျော်ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်မှ တဖြူးဖြူးတိုက်ခတ်လာသော လေကောင်းလေသန့်တို့ကို တဝကြီးရှူရှိုက်ပြီး မျက်စိတစ်ဆုံးရှိ သဲသောင်ဖြူလွှလွှတို့တွင် အပန်းဖြေနိုင်သလို ပင်လယ်ရေကြည် သန့်သန့်ထဲတွင် လှိုင်းစီးရင်း ပျော်မြူးနိုင်ပေလိမ့်မည်။

သို့သော် အံခဲကမ်းခြေသည် ကျိုက်နဲ့ဘုရားပွဲတော် ကျင်းပရာ တန်ဆောင်မုန်းလဆုတ် ၂ ရက်မှ ၄ ရက် အထိသာ ဒေသခံများနှင့် အနီးပတ်ဝန်းကျင်တို့မှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိနေပြီး ကျန်အချိန်များတွင် အပန်းဖြေစခန်းတည်ဆောက်ထားခြင်းမရှိသောကြောင့် လူသူအရောက်အပေါက်နည်းပြီး မထင်မရှားဖြစ်နေရလေသည်။ ယခင်က နယ်မြေအေးချမ်းမှုမရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုတို့ကြောင့် သာယာလှပလွန်းသော မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းခြေတစ်ခု ရွက်ပုန်းသီးပမာဖြစ်နေရသော်လည်း ယခုအခါတွင် အေးချမ်းလာသောနယ်မြေနှင့် ကောင်းမွန်လာသော ဆက်သွယ်ရေးလမ်းထို့ကြောင့် အံခဲကမ်းခြေကို အဆင့်မြင့် အပန်းဖြေစခန်းတစ်ခုအဖြစ် ဖန်တီးပြုပြင် လုပ်ဆောင်အကောင်အထည်ဖော်နိုင်မည်ဆိုပါက ဒေသတွင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပေသည်။ **သက်နိုင်(ပြင်ဦးလွင်)**

မီးဘေးကာကွယ်ရေးဆောင်ရွက်

စစ်ကိုင်း ဖေဖော်ဝါရီ ၂

ပူပြင်းမြောက်သွေ့သည့် ရာသီသို့ မကြာမီအချိန်တွင် ရောက်ရှိလာတော့မည်ဖြစ်ရာ စစ်ကိုင်းမြို့ရှိ ရပ်ကွက်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်၌ ဖေဖော်ဝါရီ ၁ ရက် နံနက်က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် ရပ်ကွက်မီးသတ်တပ်စုမှူး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မီးသတ်ကန်ငါးကန်ကို အညစ်အကြေးများဆယ်ယူ၍ ရေများအပြည့်ဖြည့်ထားကြောင်း သိရသည်။ **(၁၄၀)**

လွယ်ဂျယ်မြို့နယ်ခွဲ၌ ပညာရေးစုံညီပွဲတော်ကျင်းပ

လွယ်ဂျယ် ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

တက်ရောက်

ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀၀ ခန့်တက်ရောက်ကြကြောင်း သိရသည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ကုန်းကြမ်းမြို့ရှိ စိန္တာမုနိစေတီတော်အား ဖူးမြော်

နေပြည်တော် ဖေဖော်ဝါရီ ၂

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ဇန်နဝါရီ ၂၈ ရက် ညနေပိုင်းတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသ လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့ရှိ ကုသလဒီပါစိန္တာမုနိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို သည်။

ထို့နောက် ဒေသခံ တိုင်းရင်းသားများအား တွေ့ဆုံပြီး ကုန်းကြမ်းဒေသ ဖွံ့ဖြိုးတိုးတက်နေမှုကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ဗုဒ္ဓယဉ်ကျေးမှု ဆက်လက်ထွန်းကားပြန့်ပွားစေရေး ကြိုးစားအားထုတ်ကြရန် မှာကြားကာ စေတီတော်ပြုပြင်မွမ်းမံရန်အတွက် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့်အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ မွန်းတည့် ၁၂ နာရီတွင် လားရှိုးမြို့သို့ရောက်ရှိ၍ လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန်ဆူရမ်းကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာနန္ဒာအရှင်သူမြတ်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓာတ်အားလိုင်းတိုင်များ ကွန်ကရစ်တိုင် အစားထိုးလဲလှယ်

မော်လူး ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ ဓာတ်အားလိုင်း သွယ်တန်းနိုင်သည့် သစ်သားတိုင်များအား ကွန်ကရစ်တိုင် အစားထိုးလဲလှယ်ခြင်းကို ဇန်နဝါရီ ၃၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်က အကုန်အကျခံချပေးခဲ့သည့် အမြင့် ၁၀ မီတာ၊ ကွန်ကရစ်တိုင် အလုံးရေ ၁၂၀ ကို အင်းတော်-မော်လူး 11 KV ဓာတ်အားလိုင်း သစ်သားတိုင်နေရာတွင် ကွန်ကရစ်တိုင်အစားထိုးလဲလှယ် ဆောင်ရွက်ခြင်းလုပ်ငန်း၊ ကွန်ကရစ်တိုင် သံလက်တန်း Ac 5R 95-mm² ကြိုးများ အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက်၊ ၂၈ ရက်မှစ၍ လုပ်ငန်းများ ဆောင်ရွက်နေကြောင်း မော်လူးမြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းက ပြောကြားခဲ့သည်။

ကွန်ကရစ်တိုင်များ စိုက်ထူချိန်အတွင်း လျှပ်စစ်မီးဖြတ်တောက်မည်ကို ပြည်သူများသို့ ကြိုတင်အသိပေးကြေညာထားကြောင်း သိရသည်။

(မော်လူး)

အခွန်ဆောင်လို့
ဘဏ္ဍာတိုး
တိုင်းပြည်စီးပွား
ဖွံ့လို့ဖြိုး

ဘိလိယက်နှင့် စနူကာပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် Style(3) Snooker Center တို့ ပူးပေါင်းကျင်းပသော Wiraka Open Snooker Toumament-2014 ပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာဈေး Style (3) ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး အလုပ်အမှုဆောင် ဦးသိန်းဇော်က ပြိုင်ပွဲကို ကျူတံတိုး၍ ဖွင့်လှစ်ပေးသည်။ အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၂ ရက်အထိ နေ့စဉ် သုံးချိန်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အငယ်တန်း၊ အကြီးတန်း အားကစားသမား ၇၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တင်စိုး(မြန်မာ့အလင်း)

ပညာရေးဌာနသို့ ပညာရိပ်မွန်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ကန့်ဘလူ ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ပညာရိပ်မွန် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးပညာရေးမှူး ဦးဖုန်းကြွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဝန်ကြီးချုပ်က ပညာရိပ်မွန် ကျောင်းဆောင်သစ် အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းဆောင်သစ် ဆောက်လုပ်သည့် အခြေအနေကို ကျောင်းအကျိုးတော်ဆောင် ဦးမောင်မင်းက ရှင်းလင်းတင်ပြသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာကြီးက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။ ဆက်လက်၍ ပညာရိပ်မွန် ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင် ဦးအုံးမောင်က ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ပညာရေးမှူးက လက်ခံယူသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊ လွှတ်တော် ကိုယ်စားလှယ်တို့က လက်ဆွဲကွန်ပျူတာ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းနှင့် ဂျာနယ်များကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာပြည်သူများကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးဝင်းဗိုလ်က ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ ပညာရိပ်မွန် နှစ်ထပ်ကျောင်းဆောင်သစ်သည် သွပ်မိုး၊ နံကပ်၊ သမံတလင်းခင်းမြစ်ပြီး အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့် ၂၁ ပေရှိကာ ငွေကျပ်သိန်း ၇၄၀ ကုန်ကျခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း

ရန်ကုန်မြို့တွင် အအေးသိသိသာသာလျော့ကျ

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံအနှံ့အပြားဒေသများတွင် ဆောင်းအကုန်နွေအကူးသို့ ရောက်ရှိလာသဖြင့် အအေးဓာတ်များ တစ်စတစ်စလျော့ကျလာသည်။ အအေးဓာတ်များ လျော့ကျလာသည်နှင့်အမျှ အပူချိန်အနည်းငယ် မသိမသာတိုးလာခဲ့သည်။ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်တွင် ဇန်နဝါရီ ၂၇ ရက်တွင် အမြင့်ဆုံးအပူချိန် ၃၁ ဒီဂရီစင်တီဂရိတ်မှ အနိမ့်ဆုံးအပူချိန် ၁၉ ဒီဂရီစင်တီဂရိတ်အထိရှိခဲ့ရာ ဇန်နဝါရီ ၃၀ ရက်တွင် အမြင့်ဆုံး အပူချိန် ၃၂ ဒီဂရီစင်တီဂရိတ်မှ အနိမ့်ဆုံးအပူချိန် ၁၉ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်အနည်းငယ်မြင့်တက်ခဲ့သည်။ ထိုနည်းတူ ရန်ကုန်ကမ္ဘာအေးတွင်လည်း ဇန်နဝါရီ ၂၇ ရက်တွင် အမြင့်ဆုံးအပူချိန် ၃၃ ဒီဂရီစင်တီဂရိတ်မှ အနိမ့်ဆုံးအပူချိန် ၁၈ ဒီဂရီစင်တီဂရိတ်ရှိရာမှ ဇန်နဝါရီ ၃၀ ရက်တွင် အမြင့်ဆုံးအပူချိန် ၃၄ ဒီဂရီစင်တီဂရိတ်မှ အနိမ့်ဆုံးအပူချိန် ၁၈ ဒီဂရီစင်တီဂရိတ်အထိ အနည်းငယ် မသိမသာတိုးလာခဲ့၍ အအေးဓာတ်များ လျော့ကျခဲ့သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက ပြောကြားသည်။

ထွန်းတောက်ကြယ်

RUBY
519100
09-51-77212, 535100

မီးသတိပြု

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုနေသည် ၃၀-၁-၂၀၁၄ ရက်တွင် စော်ဘွားကြီးကုန်းအကျော် ပြည်လမ်း မြဝတီဆိုင်ရှေ့၌ အငှားကားငှား၍ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ ဆရာထွန်းလမ်းထောင့်ရှိ City Mart သို့ဝင်စဉ် အငှားကား CAILDAR VAN အဖြူရောင် ကားပေါ်သို့ လက်ဆွဲအိတ်အဝါရောင်နှင့် အပြာရောင်အိတ်များတွင် ငွေသားကျပ်သိန်း ၇၀နှင့် အိမ်ဂရန်မူရင်းနှင့် စာရွက်စာတမ်းများပါရှိသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် လိုက်လိုက်လှဲလှဲ ကျေးဇူးဆပ်ပါမည်။

ကိုနေ

ဖုန်း-၀၉-၄၂၁၁၀၇၂၅၄၊၀၉-၄၂၁၀၉၅၆၄၈

လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မှော်ဘီမြို့၊ ချမ်းမြေ့မြိုင်စာသင်တိုက်ကြီး၏ ရာသက်ပန် ပစ္စည်းလေးပါးအလှူရှင် ဦးဝင်းနိုင်၏ဇနီး ဒေါ်ဝေဝေမွန် (ရွှေဟိန်းထက်ကုမ္ပဏီ)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် သုဓမ္မသီဂီဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာသာသနာအကျိုးများနှင့် ပရဟိတလုပ်ငန်းများကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းအပ်ပါသည်။

ဝေယျာဝစ္စအဖွဲ့
ချမ်းမြေ့မြိုင်စာသင်တိုက်
မှော်ဘီမြို့

ဝင်ခွင့်ရရေး သေချာမှုအတွက် ပြည့်စုံထိရောက်သော သင်ကြားမှုများဖြင့်

ကျော်ကျော်ရှိန် PGDMA ဝင်ခွင့်

(၃) ရက်ပြတ် စာမေးပွဲ ပြင်ဆင်မှု သင်တန်းများ

မြို့ထဲ (ကျောက်တံတား)၊ တာမွေ		ဖေဖော်ဝါရီ (8) ရက်နေ့စမည်	
8,9,10 (3 days)	မြို့ထဲ	တန်းခွဲ (A)	နံနက် - ၈း၀၀ - ၁၁း၀၀
	တာမွေ	တန်းခွဲ (B)	နေ့လည် - ၁၁း၃၀ - ၂း၃၀
11,12,13 (3 days)	မြို့ထဲ	တန်းခွဲ (C)	နံနက် - ၈း၀၀ - ၁၁း၀၀
	တာမွေ	တန်းခွဲ (D)	နေ့လည် - ၁၁း၃၀ - ၂း၃၀
14,15,16 (3 days)	မြို့ထဲ	တန်းခွဲ (E)	နံနက် - ၈း၀၀ - ၁၁း၀၀
	တာမွေ	တန်းခွဲ (F)	နေ့လည် - ၁၁း၃၀ - ၂း၃၀

09 31340284

သာကီသွေး ဂျာနယ် အမှတ်(၁၅) ထွက်ပြီ

အခြေခံဥပဒေပြင်ဆင်ရေး မြင်သင့်မှုပြင်
ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘာသာရေး
သမိုင်းဇာတ်ကြောင်း

အင်းစိန်ရွာမဆရာတော်ကြီး၊ ဟသ်ာတမိုးကောင်းဆရာတော်ကြီး
မဟာဗောဓိမြိုင်ဆရာတော်ကြီး၊ ဒေါက်တာသောဘိတ၊ နတ်မင်းကြီး
မပေါ်သစ်၊ ဆွေမိတ်ဦး၊ မောင်ကျော်ခံ(မင်းပြား)၊ မောင်သွေးချွန်
နိုင်ဇော်၊ သာကီနွယ်(အင်းစိန်)၊ ဝေမိုး(ကျွန်းလှ)၊ ဦးမျိုးတင့်ကြည်

မဘသ၏ လှုပ်ရှားမှုသတင်းများ မှတ်စုများ ဦးတည်ချက်များ

ဆက်သွယ်ရန် - အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊ ဖုန်း - ၀၉ ၂၅၀၀၄၄၆၁၂

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စံပြစက်မှုလယ်ယာမြေ ဧက ၁၀၀၀၀ နေပြည်တော်၌ စတင်ဖော်ထုတ်

နေပြည်တော် ဖေဖော်ဝါရီ ၂

ပြန်မာနိုင်ငံသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ စတင်ကူးပြောင်းနေပြီဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်တွင် စံပြစက်မှုလယ်ယာမြေ ဧက ၁၀၀၀၀ ကို ဖော်ထုတ်လျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြေစာရင်းဦးစီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုထား၍ စံပြစက်မှုလယ်ယာမြေကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

"အခု စံပြစက်မှုလယ်ယာမြေ ဧက ၁၀၀၀၀ ကို နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်မှာ စတင်အကောင်အထည်ဖော်မှာဖြစ်ပါတယ်။ တပ်ကုန်းမြို့နယ်မှာ ဧက ၁၀၀၀ ဖော်ထုတ်မှာဖြစ်ပါတယ်။ အခု တပ်ကုန်းမြို့နယ်မှာ ထုပ်နေတာကတော့ ကျေးချောင်း၊ ခရမ်းစပ်ကုန်းမှာရှိတဲ့ လယ်ဧက ၇၅၀ နဲ့ ရေအေး၊ ညောင်တုန်းအိုင်မှာ ဧက ၂၅၀ ဖော်ထုတ်လျက်ရှိပါတယ်။ ၈၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ။ စံပြစက်မှုလယ်ယာမြေတစ်ဧကမှာ အလျားပေ ၃၆၀ နဲ့ အနံပေ ၁၂၀ တို့ဖြင့် အချိုးကျကျ အကွက်ညီညီ ပုံစံမှန်အောင် မြေညှိပေးခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်း၊ ရေဆိုးထုတ်မြောင်းဖော်ပေးခြင်း၊ ရေသွင်းမြောင်း၊ ကန်ထုတ်လမ်း စသည်တို့ကို ထည့်သွင်းပြုလုပ်ပေးထားတာကြောင့် ယခင်ကလို မညီမညာမြေတွေ၊ ရေမရောက်တဲ့နေရာတွေမရှိတဲ့အတွက်ကြောင့် တောင်သူများ၏ ရေရှည်အတွက်ပို၍အဆင်ပြေမှာဖြစ်ပါတယ်။ ကန်ထုတ်လမ်းတွေကြောင့် ရိတ်သိမ်းခြွေလှေ့စက်တွေအလွယ်တကူ ဝင်ရောက်နိုင်တဲ့အပြင် တလင်းပျောက်စနစ်ထားရှိတာကြောင့် လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး အချိန်ကုန်ငွေကုန်မှုတွေလည်း လျော့နည်းသွားမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စံပြစက်မှုလယ်ယာမြေဖော်ထုတ်မှုနဲ့ ပတ်သက်ပြီးမေးမြန်းရာ "တောင်သူတွေရဲ့သီးနှံတွေကို ရိတ်သိမ်းပြီးမဖော်ထုတ်ရတာဖြစ်ပါတယ်။ တချို့ တောင်သူတွေက တစ်ဧက ဒသမ ၅၀ ပိုင်ဆိုင်တယ်။ အချို့က ဒသမ ၈၀ ပိုင်တယ် စသည်ဖြင့် ထယ်ဧတပိုင်ဆိုင်မှုတွေက တစ်ဧကကျော်၊ တစ်ဧက ဒသမ ၂၀ လိုတာတွေကို တစ်ဧက၊ နှစ်ဧကစသည်ဖြင့် ပေးသွားမှာဖြစ်ပါတယ်။ အခုဖော်ထားတာက တစ်ဧကအကွက်တွေဖြစ်တာကြောင့် တောင်သူတွေရဲ့ မြေဧကပိုင်ဆိုင်မှု တစ်ဧက၊ နှစ်ဧကအထိဖြစ်မှာပါ။ ဒီတပ်ကုန်းမှာဖော်ထုတ်ပုံနဲ့ အခြားနေရာဖော်ထုတ်ပုံချင်းတော့ မတူနိုင်ဘူးပေါ့။ မြေပြင်အနေအထား အနိမ့်အမြင့်စတာတွေပေါ်မူတည်ပြီး ဖော်ထုတ်ရတာဆိုတော့ အချိန်မတူနိုင်ပါဘူး။ ဒီစံပြ စက်မှုလယ်မြေတွေဖော်ထုတ်ပြီးရင် တောင်သူတွေအတွက် အစစအရာရာ အဆင်ပြေမှာဖြစ်ပါတယ်"ဟု တပ်ကုန်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်က ပြောမြသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း လက်မှုလယ်ယာမြေမှ စက်မှုလယ်ယာမြေစနစ်သို့ စတင်ကူးပြောင်းနေချိန်တွင် နေပြည်တော်ကောင်စီနယ်မြေကို စံပြဗဟိုပြု၍ စံပြစက်မှုလယ်ယာမြေဧက ၁၀၀၀၀ ကို ဖော်ထုတ်လျက်ရှိရာ တောင်သူများအတွက် အမန်တကယ်အကျိုးရှိမည်ဖြစ်သည်။ ထို့ကြောင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း လယ်ယာမြေများကို စက်မှုလယ်ယာမြေအဖြစ် ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။ **(အဝေါ်ပုံ)**

သတင်း-ကျော်သူဝင်း၊ ဓာတ်ပုံ-သက်ထက်

ကျိုင်းတုံမြို့နယ်ကျောင်းကျန်းမာရေးဌာနက သန်ချဆေးများဖြန့်ဝေပေး

ကျိုင်းတုံ ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျောင်းကျန်းမာရေးဌာန အဖွဲ့ခေါင်းဆောင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ထျော်ဝင်း ဦးဆောင်မှုဖြင့် အဖွဲ့ဝင်များဖြစ်ကြသည့် သွားကျန်းမာရေးဆရာဝန် ဒေါက်တာ စိုင်းဝန်းမား၊ အထက်တန်းသူနာပြုဆရာမ ဒေါ်နန်းခမ်းနွန်း၊ သူနာပြုဆရာမ ဒေါ်ချောရတနာဦးနှင့် ဆေးစပ်ဆရာမ ဒေါ်မိမိချိုတို့သည် ကျိုင်းတုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူကလေးငယ်များကို သန်ချဆေးများ တိုက်ကျွေးနိုင်ရန်အတွက် သန်ချဆေးများကို အခမဲ့ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ သန်ချဆေးများ အခမဲ့ဖြန့်ဝေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ကျိုင်းတုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအနေဖြင့် အထက်တန်းကျောင်း ရစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်း မြောက်ကျောင်း၊ မူလတန်းကျောင်း ၁၆၂ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၁၇၉ ကျောင်းတို့မှ မူလတန်းအဆင့်ကျောင်းသား ၁၇၁၇၈ ဦး၊ ကျောင်းသူ ၈၄၉၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅၆၇၅ ဦးတို့အား ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် သန်ချဆေးတစ်လုံးစီဖြင့် သန်ချဆေး ၂၅၆၇၅ လုံးကို သက်ဆိုင်ရာကျောင်းများရှိ ကျောင်းအုပ်ကြီးများထံသို့ ကိုယ်တိုင်လက်ရောက်ပေးအပ်ခဲ့ကြသည်။

အဆိုပါသန်ချဆေးကို ခြောက်လလျှင် တစ်ကြိမ် သောက်သုံးပေးကြရသည်အတွက် ဇူလိုင်လဆန်းပိုင်းအတွင်းက ပထမအကြိမ်အဖြစ် သန်ချဆေးများကို အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ပြီးဖြစ်၍ ယခုအကြိမ်သည် ဒုတိယအကြိမ်အဖြစ် အခမဲ့ဖြန့်ဝေပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ကျိုင်းတုံမြို့နယ်ကျောင်းကျန်းမာရေးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ မူလတန်းအဆင့်ကျောင်းသား ကျောင်းသူများ သောက်သုံးနိုင်ရန် သန်ချဆေးများ အခမဲ့ဖြန့်ဝေပေးအပ်ခြင်းလုပ်ငန်းများကို ပညာသင်နှစ် တစ်နှစ်တာအတွင်း နှစ်ကြိမ်ဆောင်ရွက် မြှုလုပ်ပေးထျက်ရှိနေကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၆၁၀၀၀
ရန်ကုန်ရွှေဈေး	၁၅ ပဲရည်	တစ်ကျပ်သား	၆၂၂၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၇-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၀.၉၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃-၁၅.၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၈	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၂၈၅၀-၃၆၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၂၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၈၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၄၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၃၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းတင်ပြသည်။

သက်ဆိုင်သူနှင့်အများသိစေရန်

အမှတ် ၄၄၀၊ သိမ်ဖြူလမ်း၊ ဂေါလောတောင်ဥက္ကလာမြို့နယ်တွင် ဖွင့်လှစ်ထားသော NGU (New Generation Group) မှ တည်ထောင်သူ၊ သက်ဆိုင်သူနှင့် ကျောင်းသား ကျောင်းသူ၊ မိဘရှင်များ သိရှိစေရန်။

ကျွန်တော် အင်္ဂလိပ်စာသင်ကြားနေသူ ဦးမျိုးမြင့် ၁၄/ဘကလ(နိုင်)၀၂၅၀၇၄ သည် NGU မှ ဖွင့်လှစ်ထားသော ဘော်ဒါနှင့် စာသင်ဝိုင်းများတွင် လုံးဝသင်ကြားခြင်းမရှိပါဘဲလျက် ၂၇-၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ၂၈-၁-၂၀၀၄ရက်ထုတ် ကြေးမုံသတင်းစာတို့နှင့် Internet တို့တွင် NGU တွင် သင်ကြားပါမည်ဟု ကျွန်တော်၏ သဘောတူခွင့်ပြုချက်မရဘဲ ထည့်သွင်းကြော်ငြာခဲ့ပါသည်။

ကျောင်းသား ကျောင်းသူနှင့် မိဘရှင်များအထင်လွဲ အခြင်းပွားမှုများ ပေါ်ပေါက်နိုင်စေသောကြောင့် နောက်နောင် ကျွန်တော်၏အမည်ကို လုံးဝ(လုံးဝ)ထည့်သွင်းကြော်ငြာခြင်း မပြုပါရန် အသိပေး အကြောင်းကြားကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(ဒေါ်ခင်မိုးသူ)

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၁)

အမှတ် ၅၀၊ ပထမထပ်၊ အခန်း(B-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၅၄၆၅၁

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။

(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉

၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ နှစ်ထောင်ဖြည့်ရပ်ကွက်၊ အမှတ် ၅၇၅နေ ဦးတင်ဌေး ၈/ရစက(နိုင်)၁၂၁၇၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

ဦးတင်ဌေးသည် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ် ၁၄၀/၁၄၂ ကို တစ်ဦးတည်းပိုင်ဆိုင်သူဖြစ်ပြီး ထိုမြေပေါ်တွင် တာဝန်ယူကာ နှစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံ (Two storeyed R.C Building)ကို ဆောက်လုပ်ရန် ဦးသိန်းထွန်းတင် ၉/တသန(နိုင်)၁၁၁၇၁၄ အား ကန်ထရိုက်တာအဖြစ် လုပ်ငန်းအပ်နှံခဲ့ပါသည်။

ထိုသို့အပ်နှံရာတွင် ဦးတင်ဌေးနှင့် ဦးသိန်းထွန်းတင်တို့နှင့်ဦးတည်းသာ သဘောတူပြီး လုပ်ငန်းလက်ခံခြင်း သဘောတူစာချုပ်ချုပ်ဆိုခဲ့ကာ လုပ်ငန်းအပ်နှံငွေကို ဦးသိန်းထွန်းတင်ကိုသာ ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ ဦးတင်ဌေးမှ ဦးသိန်းထွန်းတင် တစ်ဦးတည်းသာ လုပ်ငန်းအပ်နှံခဲ့သော်လည်း ယခုအခါ ထိုလုပ်ငန်းလုပ်ကိုင်ရာတွင် ဦးသိန်းထွန်းတင် လုပ်ဆောင်နေသည့်လုပ်ငန်းအား ဟန့်တားနှောင့်ယှက်သူများရှိနေကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ဦးတင်ဌေးသည် ဦးသိန်းထွန်းတင်တစ်ဦးတည်းကိုသာ လုပ်ငန်းအပ်နှံခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဦးသိန်းထွန်းတင်တစ်ဦးတည်းကိုသာ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ် ၁၄၀/၁၄၂ပေါ်တွင် အဆောက်အအုံဆောက်လုပ်ပိုင်ခွင့် အပ်နှံထားခြင်းဖြစ်ကြောင်းနှင့် ထိုမြေကွက်ပေါ်တွင် ဦးသိန်းထွန်းတင်၏ညွှန်ကြားချက်အရ လုပ်ငန်းလုပ်ဆောင်သူမှအပ အခြားမည်သူမဆို ပင်ရောက်ကျူးကျော်ဟန့်တားနှောင့်ယှက်ခြင်း၊ တားမြစ်ခြင်းတို့ပြုလုပ်ပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုခံရမည်ဖြစ်ပြီး နစ်နာဆုံးရှုံးမှုများ ခံစားကြရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဇော် LL.B, Dip. in French

တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၆၀)

ဦးနေတူး LL.B (စဉ်-၃၃၉၇၅) ဒေါ်အေးမော်မော်ထွန်း LL.B (စဉ်-၃၆၇၇၃)

အထက်တန်းရှေ့နေများ

EUREKA LEGAL SERVICES

အမှတ် ၁၀/၄၄၊ မောင်ခင်လမ်း၊ ရွှေချီရပ်၊ နေပြည်တော်-ပျဉ်းမနားမြို့

ကန့်ကွက်နိုင်ပါသည်

ပြင်ဦးလွင်မြို့၊ ပွကောက်ကျေးရွာ၊ ကွင်းအမှတ် ၆၈၃/၇၅၁၊ ဦးပိုင်အမှတ် N 21, N 22၊ မြေချိန်ဧရိယာ ၁၀ ဒသမ ၀၀ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သည် လက်ရောက်လွှဲပြောင်းရောင်းချခွင့် ရှိသူဟု ကတိပြုသူ ဦးအောင်လင်းထင် ၇/ပခန(နိုင်)၀၀၄၅၃၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးမြင့်သိန်း (ဘ)ဦးမောင်ကြီး ၉/မနတ(နိုင်)၀၇၂၃၃၀ က စရန်ငွေတချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ သိစေအပ်ပါသည်။

ဦးမြင့်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ခင်နိုင် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၃၉၅)

ဘယကျော်ထင်ရပ်ကွက်၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၇၀၀၄၁၇၀၊ ၀၉-၂၀၂၂၄၉၀

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်များ ပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂

ဒီမိုကရေစီအသွင် ကူးပြောင်းလာသော မြန်မာနိုင်ငံတွင် ပြည်သူကို ဗဟိုပြုသော လုပ်ငန်းစဉ်များ ပီပြင်စွာ ထွက်ပေါ်လာရေးနှင့် ရဲနှင့်ပြည်သူ ပူးပေါင်းကာ တရားဥပဒေစိုးမိုးရေးအတွက် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို အီးယူအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်သင်တန်းကို မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖွင့်လှစ်ကာ ရဲအရာရှိ တပ်ဖွဲ့ဝင်များအား ဇန်နဝါရီ ၁၃ ရက်မှစတင်၍ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် ပညာပေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းနှင့် ဒုတိယဦးစီးမှူးများ၊ ရပ်ကွက် ၂၀ မှ အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများ၊ လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော အရန်မီးသတ်၊ ကြက်ခြေနီ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရုံးဌာနပေါင်းစုံမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ဥရောပသမဂ္ဂမှ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းခေါင်းဆောင်ဖြစ်သောMr. David က ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်များအကြောင်းကို စကားပြန်ဖြင့် ရှင်းလင်းပြောကြားသည်။**(ယာပုံ)** ထို့နောက် တက်ရောက်လာသော ကန်တော်ကလေး (အရှေ့ပိုင်း) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

အောင်သန်း (မင်္ဂလာတောင်ညွန့်)

ဆီးဂိမ်းပွဲတော်နှင့် မသန်စွမ်းဆီးဂိမ်းပွဲတော်များအတွက် ကူညီခဲ့ကြသော ယာဉ်လုပ်သားများအားဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပခဲ့သည် ဆီးဂိမ်းပွဲတော်ကြီးနှင့် မသန်စွမ်း ဆီးဂိမ်းပွဲတော်ကြီးများအတွင်း ပါဝင်ကူညီခဲ့ကြသော ယာဉ်လုပ်သားများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ငွေပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၁ နာရီက တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းရှိ ပါရမီခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးမြင့်အောင်နှင့် ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးမျိုးမြင့်တို့က အမှာစကားပြောကြားခဲ့ကာ ဆီးဂိမ်းပွဲတော်ကြီးနှင့် ပါရာဆီးဂိမ်းပွဲတော်ကြီးများအတွင်း ပါဝင်ကူညီခဲ့ကြသော ယာဉ်လိုင်းများမှ ကြီးကြပ်၊ ယာဉ်မောင်း၊ ယာဉ်အကူ၊ စက်ပြင်များဖြစ်ကြသည် ပါရမီမြို့တွင်း ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကိုလည်းကောင်း၊ ရွှေမန်းသူအဝေးပြေး ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကိုလည်းကောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းကိုလည်းကောင်း၊ မန္တလေးအခြေစိုက် ခရီးသည်နှင့်ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းကိုလည်းကောင်း၊ တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလည်းကောင်း၊ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ငွေများကို ၎င်းတို့ကိုယ်စား ကိုယ်စားလှယ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပေးခဲ့သည်။ **(ဝဲပုံ)**

ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပသည့် အဆိုပါအခမ်းအနားတွင် ဆီးဂိမ်းပွဲတော်ကြီးနှင့် ပါရာဆီးဂိမ်းပွဲတော်ကြီးများအတွင်း ပါဝင်ကူညီခဲ့ကြသော ယာဉ်လိုင်းများမှ ကြီးကြပ်၊ ယာဉ်မောင်း၊ ယာဉ်အကူ၊ စက်ပြင် ၁၆၃ဦးအတွက် ပေးအပ်ချီးမြှင့်ကြောင်း သိရပြီး ဆီးဂိမ်းပွဲတော်ကြီးတွင် ပါဝင်ကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အတူ တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းစီကိုလည်းကောင်း၊ ဆီးဂိမ်းပွဲတော်ကြီးနှင့် ပါရာဆီးဂိမ်းပွဲတော်ကြီး နှစ်ခုစလုံးတွင် ပါဝင်ကူညီခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ တစ်ဦးလျှင် ငွေကျပ် သုံးသောင်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်၍ စုစုပေါင်း ချီးမြှင့်ငွေကျပ် သုံးဆယ့်ကိုးသိန်းရစ်သောင်းရှိကြောင်းသိရပြီး တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆောက်လုပ်ရန် ငွေလှူ

လက်ဖွဲ့တန်း ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ (၁)လမ်း ကိုယ့်အားကိုယ်ကိုး Open Mind စာကြည့်တိုက် ယာယီအဆောက်အအုံ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီခွဲက အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟနှင့် မြို့မိ၊ မြို့ဖ ဦးကြည်စိန်တို့က အမှာစကားပြောကြားပြီး အလှူရှင် ဦးနေဦး-ဒေါ်သစ်သစ်မီး၊ သား-မောင်ကျော်နေဖုန်းသန့်တို့က စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀ သိန်းကို စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဆရာကြီးဦးဇော်ရွှေထံပေးအပ်ပြီး လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

(၀၉၅)

မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆောင်ရွက်

မြို့သစ် ဖေဖော်ဝါရီ ၂

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည် လှုံ့ဆော်နေမှုကို ဇန်နဝါရီ ၂၇ ရက် ည ၇ နာရီမှစ၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ရဲမှူးရဲထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသောင်းတင်နှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အခြားသော (NGO)အဖွဲ့များကပါ လိုက်လံကူညီဆောင်ရွက်လျက်ရှိသည်အပြင် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမင်းနိုင်နှင့် ဝန်ထမ်းများက မြို့မဈေးကြီးအတွင်း မီးသတ်ကား၊ မီးသတ်ဆေးဘူးများဖြင့် ဈေးရောင်း ဈေးဝယ်လာကြသော ပြည်သူများကို သရုပ်ပြလေ့ကျင့်ပြသခဲ့ကြောင်း၊ လှုံ့ဆော်မှုများကို တနင်္လာနေ့ညတွင် အပတ်စဉ်လှုံ့ဆော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

ပြည်သူလိုတာ လုပ်ဖို့ရာ
ကျရာအခွန် ပေးဆောင်ပါ

SAYTANAR TUN CO.,LTD (စေတနာထွန်း ကုမ္ပဏီလီမိတက်) သည် ADOXY တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ DIETARY SUPPLEMENT PRODUCT (15ml/bottle) ကျန်းမာရေးအထောက်အကူပြုအစားအစာများအား မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တရားဝင်တင်သွင်းတည့် ... သတိပေးကြေညာချက်

မှတ်ပုံတင်အမှတ် - (၂၆၅/၂၀၁၄)

ဦးမျှော်ကိုကို (ဝဉ် - ၂၀၀၃)
LL.B, H.G.P., Dip in Business Law
Dip in Applied Psychology, Dip in Maritime Law, WIPO (Switzerland)

ဦးအောင်မြင့်ထွန်း (LL.B)
ဦးရာဇာဝင်း (LL.B)
ဦးအောင်ပြည့်ဖြိုးလွင် LL.B, WIPO (Switzerland)

နိုင်ငံတကာအားကစားသတင်း

ရိုးမားတို့ဖြတ်ကျော်မယ့် ကိုပါအီတာလီယာ အကြိုဗိုလ်လုပွဲပထမအကျော့

ကိုပါအီတာလီယာအကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ပါရီ ၄ ရက်နဲ့ ၅ ရက်တွေမှာ ယှဉ်ပြိုင်ထစားကြပါတော့မယ်။ ဒီပွဲစဉ်မှာ အူဒီးနိစ်နဲ့ ဖီအိုရင်တ်းနား၊ ရိုးမားနဲ့ နာပိုလီတို့အကြိတ်အနယ်ယှဉ်ပြိုင် ကစားကြမှာဖြစ်လို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရဦးမှာဖြစ်ပါသည်။ ဒီပွဲစဉ်မှာ ပြတ်သားတဲ့ရလဒ်ကိုရယူထားနိုင်မှ ဒုတိယအကျော့အတွက် စိတ်အေးရမှာမို့ ခြေကုန်ထုတ်ကြမယ့် ဒီပွဲအတွက်ရင်ခုန်စရာ ကောင်းနေတာတော့အမှန်ပါပဲ။

အူဒီးနိစ်နှင့် ဖီအိုရင်တ်းနား

အူဒီးနိစ်ကွင်းမှာ ကစားတိုင်း ဖီအိုရင်တီးနားတို့ ခက်ခက်ခဲခဲ ရင်ဆိုင်ခဲ့ရတာချည်းပါပဲ။ အူဒီးနိစ်တို့က အိမ်ကွင်းမှာဖီအိုရင်တီးနားကို အနိုင်ယူခဲ့တာများတာမို့ ဒီပွဲမှာ လူစုံထုတ်ပြီး အနိုင်ရလဒ်အတွက် ကြိုးစားပါလိမ့်မယ်။ အခုတလော အိမ်ကွင်းပွဲစဉ်တွေမှာ နိုင်ပွဲဆက်နေတဲ့အူဒီးနိစ်ဟာ ဒီအဆင့်ကိုရောက်ဖို့အတွက် အင်တာမီလန်နဲ့ အေစီမီလန်တို့လို မာကျောတဲ့အသင်းတွေကို ဖြတ်ကျော်ခဲ့ရတာမို့ ခြေစွမ်းပိုင်းက အကောင်းဆုံး အနေအထားကို ရောက်ရှိနေပြီး စိတ်ဓာတ်ပိုင်းလည်း အမြင့်ဆုံးအနေအထားရှိနေပါထယ်။ ဖီအိုရင်တီးနားတို့ကတော့ ကိုပါအီတာလီယာဖလားပွဲစဉ်တွေမှာ အမြဲတမ်းတိုက်စစ်ဖွင့် ကစားလေ့ရှိပြီး ပြိုင်ဘက်တွေကိုအနိုင်ယူလိုစိတ်ပြင်းပြင်းနဲ့ ကစားတတ်တာမို့ အူဒီးနိစ်တို့လည်း အိမ်ကွင်းဆိုပေမယ့် သိပ်တော့မလွယ်ပါဘူး။ ဒီပွဲဟာခြေရည်တူတဲ့အသင်းတွေရဲ့ အရေးကြီးတဲ့ပွဲစဉ်ဖြစ်တာမို့ ရလဒ်မပြတ်သားနိုင်တဲ့ပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

ရိုးမားနှင့် နာပိုလီ

ဒီနှစ်သင်းဆုံတိုင်း ရိုးမားတို့နိုင်ပွဲရအောင် ကစားနိုင်ခဲ့တာများပါတယ်။ ရိုးမားနဲ့နာပိုလီတို့ နောက်ဆုံးသုံးကြိမ်ဆုံတွေ့ခဲ့ရာမှာ ရိုးမားက နှစ်ကြိမ် နိုင်ပွဲရယူထားနိုင်ပါတယ်။ ရိုးမားကွင်းမှာနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နာပိုလီတို့ ၂၀၁၁ ခုနှစ်က တစ်ကြိမ်သာ အနိုင်ရခဲ့ဖူးပါတယ်။ ကိုပါအီတာလီယာဖလား ပြိုင်ပွဲမှာတော့ ရိုးမားတို့နှစ်ကြိမ် နာပိုလီကို အနိုင်ယူထားတာမို့ ရိုးမားတို့က စိတ်ဓာတ်အသာစီးရရှိထားပါတယ်။ အခုကွင်းမှာ ခြေယှဉ်မယ့်တတ်တဲ့ နာပိုလီဟာ အစဉ်အလာအရရော လက်ရှိခြေစွမ်းပိုင်းအရပါ ရိုးမားတို့ကို ဖိအားပေးကစားမှာ သေချာပါတယ်။ ရိုးမားတိုက်စစ်မှူးတွေဟာ ဂိုးသွင်းခြေစွမ်းထက်မြက်ကြသူတွေဖြစ်ပြီး ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ အနိုင်ဂိုးတွေသွင်းယူနိုင်ကြသူထွေမို့ အားကိုးရသူတွေဖြစ်ပါတယ်။ ဒါကြောင့် ပထမအကျော့ အကြိုဗိုလ်လုပွဲ ရလဒ်ကို ပြတ်သားအောင် ရိုးမားတို့ ပံ့ဖော်ပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်

စတုတ်က မန်ယူကို မထမဆုံးနိုင်

အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် စတုတ်နှင့် မန်ယူတို့ ဖေဖော်ဝါရီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ စတုတ်က မန်ယူကို ၁၉၈၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအနိုင်ရခဲ့သည်။ မန်ယူတွင် မာတာ၊ ဗန်ပါစီနှင့် ရွန်းနေတို့အတွဲ ပထမဆုံးပါဝင်ပွဲထုတ်ခဲ့သည်။ သို့သော် ချာလီအဒမ်၏ အလွတ်တည်ကန်ဘောက နောက်ထန်းလူမိုက်ကယ်ကာရစ်ကို့ထိပြီး ဂိုးဝင်သွားခဲ့သည်။ ယင်းဂိုးကို ဒုတိယပိုင်းပြန်အစတွင် ဗန်ပါစီက ချေပခဲ့သည်။ သို့သော် ချာလီအဒမ်က ဒုတိယဂိုးသွင်းယူပြီး မန်ယူကို ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ မန်ယူအတွက် ရွန်းနေ၏ လေလွင့်ချိန်တွင် ချေပဂိုးသွင်းယူရန် ကြိုးပမ်းမှုမှာလည်း လွဲချော်သွားခဲ့သည်။

ဘာစီလိုနာတို့အိမ်ကွင်းရှုံးပွဲကြုံ

စပိန်လာလီဂါပြိုင်ပွဲများအဖြစ် ဘာစီလိုနာနှင့်ဗလင်စီယာတို့ ဖေဖော်ဝါရီ ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာတို့ ၂၀၁၂ ခုနှစ် ဧပြီလနောက်ပိုင်း ပထမဆုံးအိမ်ကွင်းရှုံးပွဲကြုံခဲ့သည်။ ထိုအတောအတွင်း ဗလင်စီယာက ဘာစီလိုနာအသင်း၏ ၂၅ ပွဲမြောက်ဆက်တိုက်အနိုင်ရမှု အဆုံးသတ်လိုက်သည်။ ဘာစီလိုနာအသင်းမှ ဆန်ချက်ဇ်က ပါရေဂျိုး၏ချေပဂိုးမသွင်းမီ ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက် ဧည့်အသင်း ဗလင်စီယာအတွက် ပါဘလိုပီယက်တီက ခေါင်းတိုက်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို လိယိုနယ်မက်ဆီက ပယ်နယ်တီမှတစီဆင့် ချေပဂိုးသွင်းယူခဲ့သည်။ ဘာစီလိုနာအသင်းမှ အယ်လိဘာသည် ဗလင်စီယာကစားသမားတစ်ဦးကို ကြမ်းတမ်းစွာကစားခဲ့သဖြင့် အနီကတ်ပြထုတ်ပယ်ခံရသည်။ လာလီဂါချန်ပီယံဘာစီလိုနာအသင်းသည် ၁၀ ဦး ၁၁ ဦးဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ယင်းနောက် ဗလင်စီယာအသင်းအတွက် အနိုင်ဂိုးကို အယ်လ်ကာဆာက သွင်းယူခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

အေစီမီလန်ရှုံးပွဲမရှိထိန်းထားနိုင်

အီတလီစီးရီးအေ ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာတွင် အေစီမီလန်က တိုရီနိုကို နောက်မှလိုက်ဂိုးသွင်းပြီး နည်းပြသစ် ဆီးဒေါ့လက်ထက် ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းနိုင်ခဲ့သည်။ တုရင်ကလပ် တိုရီနိုတိုက်စစ်မှူး အမ်မီဘင်းက ရစီကိုက်အကွာမှ ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ ယင်းဂိုးကို အဒီးလ်ရာမီက ဒုတိယပိုင်းပြန်အစတွင် ကိုက် ၂၀ အကွာမှ ပြန်လည်ချေပဂိုးသွင်းယူခဲ့သည်။ မီလန်ကစားသမား ကာကာက ပါဒယ်လီ၏ အပိုင်ကန်သွင်းမှုကို ဖယ်ထုတ်ပေးနိုင်ခဲ့သည်။

နိုင်ငံတကာ ပြည်တွင်းလိဂ်ပွဲစဉ်နှင့် ဂိုးရလဒ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၄		**ဖေဖော်ဝါရီ ၄**
မန်စီးတီး - ချယ်လ်ဆီး		နံနက် ၂း၃၀
အီတလီစီးရီးအေ ပွဲစဉ်-၂၂		**ဖေဖော်ဝါရီ ၄**
ဂျီနိုအာ - ဆမ်ဒိုးရီးယား		နံနက် ၂း၁၅
စပိန်လာလီဂါ ပွဲစဉ်-၂၂		**ဖေဖော်ဝါရီ ၄**
ဗီလာရီးရဲလ် - အိုဆာဆူနာ		နံနက် ၃း၃၀

ဖေဖော်ဝါရီ ၁/၂ ရက် ဂိုးရလဒ်များ

ဝက်စ်ဟမ်း	၂-၀	ဆွမ်ဆီး
ကာဒစ်ဖ်	၂-၁	နော့ဝှစ်ချ်
အဲဗာတန်	၂-၁	အက်စ်တွန်ဗီလာ
ဖူလ်ဟမ်	၀-၃	ဆောက်သမ်တန်
ဟားလ်စီးတီး	၁-၁	စပါး
လော်ရီယန့်	၂-၂	မိုနာကို
ဆိုးချော့စ်	၁-၀	နန့်တက်စ်
စိန့်အက်တီယန်	၃-၀	ဗလင်စီနက်စ်
ရီမ်းစ်	၂-၄	မောင့်ပယ်လီယာ
အီဗီယန်	၁-၁	အဂျာစီယို
ဘတ်စ်တီယာ	၃-၂	ဂူအင်ဂမ့်
ရှော်လ်ကေး	၂-၁	ဝုဖ်ဘတ်
လေဗာကူဆင်	၂-၁	စတုဂတ်
ဟော်ဖန်ဟိမ်း	၃-၀	ဟမ်းဘတ်
မိန့်ဇ်	၂-၀	ဖရိုင်းဘတ်
အော့စ်ဘတ်	၃-၁	ဝါဒါဘရီမင်
ဟန်နိုဗာ	၃-၁	ဂလက်ဘတ်
ကက်ဂလီယာရီ	၁-၀	ဖီအိုရင်တီးနား
ဘိုလော့ဂ်နာ	၀-၂	အူဒီးနိစ်
လီဗန်တေး	၀-၀	ဗယ်လက်ကာနို
ဂီတာဖေး	၀-၀	ဗယ်လာဒိုလစ်
မာလာဂါ	၃-၂	ဆီဗီလာ
ကျူပီအာ	၃-၃	ဘန်လေ
ဘုန်းမောက်	၀-၁	လက်စတာ
ဒွန်ကတ်စတာ	၀-၀	မစ်ဒယ်ဘရော့
လိဒ်	၅-၁	ဟက်ဒါဖီးလ်
မီဝေါလ်	၁-၃	ရီးဒင်း
အစ်ဆွစ်	၁-၀	ဘော်လ်တန်
ဝီဂန်	၂-၁	ချာလ်တန်
ဘလက်ဘန်း	၂-၀	ဘလက်ပူးလ်
ဘာမင်ဂမ်	၃-၃	ဒါဘီ

စိမ်းလဲ့ဦးတက်လမ်းစိုက်ပျိုးရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးဝမ်းကြည်၊ တရားလွှတ်တော်ရှေ့နေ ဦးသိန်းဇော်ညွန့်(စဉ်-၅၈၈၀)၊ ဒေါ်ရွှေမိုးဃံညွန့် (စဉ်-၈၁၂၅)နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာလွင် ၉/ပမန(နိုင်)၁၂၃၇၃၂၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၉-၁-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာ၏ ကြေးမုံကြော်ငြာစာမျက်နှာ(၈)ပါ သတိပေးတားမြစ်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁၉၉၇ ခုနှစ်တွင် ကျွန်ုပ်မိတ်ဆွေမှ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ရွာမပိုင်းရပ်ကွက်၊ ကွင်းအမှတ် (၅၂၇-က)၊ ဦးပိုင်အမှတ် (၄၂/၄၄)ရှိလယ်မြေ ၁၆ဧကကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင် စဉ်ဆက်မပြတ် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို သမာအာဇီဝဖြင့် လုပ်ကိုင်နေသူတစ်ဦး ဖြစ်ပါသည်။ ထိုသို့ ဝယ်ယူပြီးနောက် ဒေါ်သီတာလွင်ပိုင်ဆိုင်သော မြေနေရာအကျယ်အဝန်းအတိုင်း ကျောက်တိုင်များစိုက်ထူ၍ နယ်နိမိတ် သတ်မှတ်ထားရှိပြီး၊ ပတ်ဝန်းကျင်ရှိ လယ်သမားများ၏ ချစ်ကြည်ရင်းနှီးမှုဖြင့် ကာလကြာရှည်စွာ နေထိုင်လာခဲ့သူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ ၄င်းပိုင်လယ်မြေများကို လန-၃၉လျှောက်ထားခဲ့စဉ် ပတ်ဝန်းကျင်လယ်သမားများက ထောက်ခံလက်မှတ်ရေးထိုးပေးခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က စိမ်းလဲ့ဦးတက်လမ်းဟူသောအမည်ကိုပင် ကျွန်ုပ်၏မိတ်ဆွေမှ မကြားခဲ့ဖူးကြောင်း သိစေအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် မိမိပိုင်မြေတွင် လက်ရှိလုပ်ငန်းများကို လုပ်ကိုင်နေခြင်းဖြစ်၍ စိမ်းလဲ့ဦးတက်လမ်းစိုက်ပျိုးရေး၏ညွှန်ကြားချက်အရ သတင်းစာတွင် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာချက်များသည် လုံးဝမှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ၃၁-၁၂-၂၀၁၃ရက် နံနက် ၆း၀၀နာရီတွင် စိမ်းလဲ့ဦး တက်လမ်းစိုက်ပျိုးရေးမှ တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်သော လူအင်အား ၆၀ခန့်သည် ကျွန်ုပ်မိတ်ဆွေ၏ ခြံစည်းရိုးသွပ်ဆူးကြိုးများကို ဖြတ်ယူသယ်ဆောင်ခြင်း၊ နယ်နိမိတ်ကျောက်တိုင်များကို ရိုက်ချိုးဖျက်ဆီးခြင်း၊ ဝါးတံတားထိုးခြင်း၊ မြေအတွင်းကျူးကျော်တဲထိုးခြင်းများပြုလုပ်ခဲ့၍ ကျွန်ုပ်မိတ်ဆွေမှ သက်ဆိုင်ရာသို့ ခိုင်လုံသော သက်သေအထောက်အထားများ၊ ဓာတ်ပုံအထောက်အထားများနှင့်အတူ ပြည့်စုံစွာဖြင့်တိုင်ကြားခဲ့သောကြောင့် ၁၄-၁-၂၀၁၄ရက် ညနေ ၃နာရီတွင် စိမ်းလဲ့ဦးတက်လမ်းစိုက်ပျိုးရေးမှ ကျူးကျော်သူများသည် တဲများဖျက်၍ ကျွန်ုပ်မိတ်ဆွေ၏မြေအတွင်းမှ မိမိတို့ဆန္ဒအလျောက် ပြန်လည်ဆုတ်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ စိမ်းလဲ့ဦးတက်လမ်းစိုက်ပျိုးရေးလုပ်ငန်းမှ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရှိဘဲ ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင် လက်ရှိပိုင်ဆိုင်သော မြေနေရာအတွင်းသို့ အဓမ္မဝင်ရောက်ခဲ့သည် လုပ်ရပ်သည် စိမ်းလဲ့ဦးတက်လမ်းစိုက်ပျိုးရေးလုပ်ငန်း၏ ဂုဏ်သိက္ခာအဆင့်အတန်းကို ပြသရာရောက်ကြောင်း အများသိစေအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင်ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် စဉ်ဆက်မပြတ် လက်ရှိဖြစ်နေ၍ ဖြစ်ရပ်မှန်အတိုင်း တိုင်ကြားခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းရန် မလိုအပ်ကြောင်းနှင့် ဥပဒေနှင့်အညီ အမှန်တရားပေါ်ပေါက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိမ်းလဲ့ဦးတက်လမ်းစိုက်ပျိုးရေးမှ အထွေထွေမန်နေဂျာ ဦးဝမ်းကြည်အဖွဲ့နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်အေးမူ (၅၃၉၇)
B.Sc., R.L., M.P.A., D.B.L., D.I.L., D.M.L.,D.I.R., D.A.Psy.
ထရားလွှတ်တော်ရှေ့နေ

ဒေါ်ကြူကြူနိုင် (၉၁၁၂)
တရားလွှတ်တော်ရှေ့နေ

အခန်းအမှတ် (အေ-၇) ပထမထပ်၊ May Shopping Center First Floor, ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၅၆၉၇၀၊ ၀၉-၇၃၁၄၀၀၉၉၊ ၀၉-၇၃၀၃၀၃၇၆၊ ၉၅၁-၅၇၀၉၂၂ (Res) shwehinntharlawfirm@gmail.com

စာအုပ်စာပေ
လှူ့မိတ်ဆွေ

GOLDEN STAR ဆိုးသွားလုပ်ငန်း
❖ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
❖ ရွှေစက်တော်/ငွေဆောင်(သော်ကြာ)
Ph:206200, 430480, 544383, 703448, 09-5046000

ဘက်စုံပို့ဆောင်ရေးဥပဒေပြဋ္ဌာန်း

ဘက်စုံပို့ဆောင်ရေးဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃ ။)
၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို **ဘက်စုံပို့ဆောင်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်ထောင်စုအစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ခ) **ဘက်စုံပို့ဆောင်ရေး** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်အရ နိုင်ငံကစ်နိုင်ငံရှိ ဒေသတစ်ခုခုမှ အခြားနိုင်ငံရှိ သတ်မှတ်ဒေသသို့ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကုန်စည်ကိုတာဝန်ယူလက်ခံ၍ အနည်းဆုံးပို့ဆောင်ရေးနည်းလမ်းနှစ်သွယ်ဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။
(ဂ) **ပို့ဆောင်ရေးနည်းလမ်း** ဆိုသည်မှာ ကုန်စည်ကို ကုန်းလမ်း၊ ရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းလမ်း သို့မဟုတ် လေကြောင်းလမ်းဖြင့် သယ်ယူပို့ဆောင်သည့် နည်းလမ်းများကို ဆိုသည်။
(ဃ) **ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးပဋိညာဉ်ကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ချုပ်ဆိုသူဖြစ်ပြီး ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည်လက်ခံသူ၏ ကိုယ်စားလှယ်အဖြစ် မဟုတ်ဘဲ ကိုယ်ကိုင်ပဋိညာဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူကို ဆိုသည်။
(င) **သယ်ယူပို့ဆောင်သူ** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူကဲ့သို့ ထပ်ကုထပ်မျှ လုပ်ကိုင်ဆောင်ရက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ ကုန်းလမ်း၊ ရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းလမ်း၊ လေကြောင်းလမ်း သို့မဟုတ် အခြားနည်းလမ်းကစ်ရပ်ရပ်ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကစ်ခုလုံး သို့မဟုတ် ကစ်စိတ်ကစ်ပိုင်းကို ဆောင်ရက်သူ သို့မဟုတ် ဆောင်ရွက်ရန် ကာဝန်ယူသူကို ဆိုသည်။
(စ) **ကုန်စည်အပ်နှံသူ** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူနှင့် စာချုပ်ချုပ်ဆိုသူကိုဆိုသည်။
(ဆ) **ကုန်စည်လက်ခံသူ** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ဖော်ပြထားသော ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူထံမှ လက်ခံရယူပိုင်ခွင့်ရှိသူကို ဆိုသည်။
(ဇ) **ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးပဋိညာဉ်ပါ စည်းကမ်းချက်များနှင့်အညီ လွှဲပြောင်းပေးပို့ရန် ကာဝန်ယူသည့်အပြင် ၎င်းက ကုန်စည်ကို လက်ခံကာဝန်ယူကြောင်း ကုန်စည်အပ်နှံသူသို့ ထုက်ပေးသည့် ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်၏ သက်သေခံစာကမ်းအဓတ်အသားကို ဆိုသည်။
(ဈ) **ကုန်စည်လွှဲပြောင်းပေးပို့ခြင်း** ဆိုသည်မှာ အောက်ပါကစ်ခုခုကို ဆိုသည်-
(၁) ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လက်ရောက်လွှဲပြောင်းပေးအပ်ခြင်း၊
(၂) ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးပဋိညာဉ်နှင့်အညီ ကုန်စည်လက်ခံသူ၏ အစ်အမံဖြင့် နေရာချထားပြင်း သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရမည်နေရာတွင်ရှိသည့် ကုးသန်းရောင်းဝယ်ရေး ဥပဒေနှင့် ဓလေ့ထုံးစံအရ နေရာချထားခြင်း၊
(၃) ကုန်စည်လွှဲပြောင်းပေးပို့ရမည့်နေရာတွင် ကျင့်သုံးသည့်ဥပဒေ သို့မဟုတ် စည်းမျဉ်းများအရ လွှဲအပ်ထားခြင်းခံရသူသို့ဖြစ်စေ၊ အခြားပုဂ္ဂိုလ်သို့ဖြစ်စေ ကုန်စည်လွှဲပြောင်းပေးအပ်ခြင်း။
(ည) **အထူးငွေကြေး ထုတ်ယူပိုင်ခွင့်ယူနစ်** ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေးထုက်ယူပိုင်ခွင့်ယူနစ်ဆိုသည် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုက်ပြန်သည့်နည်းဥပဒေများအရ ငွေကြေးထုက်ယူပြင်းအကွက် အထူးသက်မှက်ထားသည့် ငွေကြေးစနစ်ကစ်ခုကို ဆိုသည်။
(ဋ) **ကုန်စည်** ဆိုရာတွင် ထုပ်ပိုးထားသည်ဖြစ်စေ၊ ထုပ်ပိုးထားခြင်း မရှိသည်ဖြစ်စေ သယ်ယူသည့် သို့မဟုတ် သယ်ယူရန်ရှိသည့် သက်ရှိကိရိယာ်၊ ကုန်သေတ္တာ၊ သယ်ယူရန်ကုန်စည်တင် အခင်းပြား သို့မဟုတ် အလားတူကိရိယာဖြင့် သယ်ယူသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကစ်ခုခုပါဝင်သည်။
(ဌ) **ထုပ်ပိုးပစ္စည်း** ဆိုသည်မှာ ကုန်စည်တစ်ခုချင်းစီကို ကစ်အိက်၊ တစ်စိတ်၊ ကစ်ပုံင်း၊ ကစ်စည်၊ ကစ်လိပ်၊ ကစ်ပြင်း၊ ဘေထုပ် ကစ်ထုပ်၊ ကစ်စီး၊ ကစ်ဖာ၊ သေတ္တာတစ်သေတ္တာ သို့မဟုတ် အခြားအခေါ်အဝေါ် ယူနစ်ကစ်ခုခုဖြင့် ရေတွက်နိုင်ပြီး ကစ်ခုချင်းစီ သီးခြားခွဲ၍ သယ်ယူပို့ဆောင်နိုင်သည့် ကုန်စည်ယူနစ်ကစ်ခုခုကို ဆိုသည်။
(ဍ) **လက်မှတ်ရေးထိုးထားသည့်စာ** ဆိုရာတွင် လက်မှက်ရေးထုးထားသည့် စာအပြင် ကြေးနန်း၊ ကလကစ်၊ ဖက်စ်ဖြင့်သော်လည်းကောင်း၊ စက်မှ သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့် ပုံနှိပ်စာ၊ မက်ကမ်း သို့မဟုတ် ပြန်လည်ဖော်ပြချက် သို့မဟုတ် ထုက်လွှင့်သည့် သကင်းအချက်အလကပြင့်သော်လည်းကောင်း၊ အဆိုပါ ကိစ္စအလ်ငှာ ရည်ရွယ်၍အခြား စာချုပ်စာကမ်းကစ်ခုခု သို့မဟုတ် ပစ္စည်းကိရိယာဖြင့်သော် လည်းကောင်း ပြုလုပ်ခြင်းကို ပါဝင်သည်။

(ဎ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရထုက်ပေးသည့် ဘက်စုံပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူ မှက်ပုံတင်လက်မှတ် သို့မဟုတ် ကိုယ်စားလှယ်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။
(ဏ) **ပဋိညာဉ်** ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ကုန်စည်ကို သယ်ယူပို့ဆောင်ခရယူ၍ အပြည်ပြည်ဆိုင်ရာ ဘက်စုံပို့ဆောင်ရေး နည်းလမ်းအကိုင်း ဆောင်ရွက်ပေးရန် သို့မဟုတ် ထိုသို့ဆောင်ရွက်မှုကို အကောင်အထည်ဖော်ရန် ကာဝန်ယူချုပ်ဆိုသည့် ပဋိညာဉ်ကို ဆိုသည်။
(တ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ဆိုသည်။
(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။
(ဒ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုသော်လည်းကောင်း၊ မှက်ပုံကင်အရာရှိ၏ လုပ်ငန်းကာဝန်များကို ဆောင်ရွက်ရန် ၎င်းက ခန့်အပ်ကာဝန်ပေးသည့် အခွင့်ရအရာရှိကိုသော်လည်းကောင်း ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာကုန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ ကကပြုချက်များကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
(ခ) ပြည်တွင်းပြည်ပတွင်ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကုးသန်းရောင်းဝယ်ရေးလုပ်ငန်းများ စည်းကမ်းကျနစွာ ကိုးကကဖွံ့ဖြိုးရေးအကွက် အထောက်အကူပြုရန်၊
(ဂ) အပြည်ပြည်ဆိုင်ရာ ကုးသန်းရောင်းဝယ်ရေးနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ ပြည်စုံစေရေးအကွက် စွမ်းဆောင်ရည်ရှိပြီး ထိရောက်ပြန်ဆန်သော ဘက်စုံပို့ဆောင်ရေး ဝန်ဆောင်မှုများ ပိုမိုဖွံ့ဖြိုးကိုးကက်လာစေရန်၊
(ဃ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများက ဤဥပဒေအရမှက်ပုံကင်၍ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရန်၊
(င) ဘက်စုံပို့ဆောင်ရေးဝန်ဆောင်မှုကွင် အသုံးပြုသူများနှင့် ကုန်စည်ပို့ဆောင်သူများအကြား မျှကသည့်အကျိုးကျေးဇူးများ ခံစားနိုင်စေရန်နှင့် ပေါ်ပေါက်လာသည့်ပြဿနာများကို ငြိမ်းအေးစွာဖြေရှင်းနိုင်ရန်၊
(စ) ကုန်စည်ကို သမားရိုးကျနည်းဖြင့် ကြားခံနိုင်ငံများမှကစ်ဆင့် ပို့ဆောင်ရာကွင် အဆင့်ဆင့်ဆောင်ရွက်ရသည့် အခက်အခဲနှင့်ပြဿနာများ လျော့နည်းကင်းဝေးစေပြီး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုသွက်လက်လျင်မြန်လာစေရန်။

အခန်း(၃)
သက်ဆိုင်ခြင်း

၄။ ဤဥပဒေသည် အောက်ပါကနှင့် သက်ဆိုင်စေရမည်-
(က) ဤဥဒေအရ ဗဟိုအဖွဲ့ကွင် မှက်ပုံကင်ပြီး မှက်ပုံကင်လက်မှက်ရယူထားသည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊
(ခ) ကရားမကြောင်းအရ ကောင်းဆိုသည့် နစ်နာမှုများပြေရှင်းရန်အလို့ငှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပဋိညာဉ်တွင် သက်မှက်ထားသည့်အတိုင်း-
(၁) ပဋိညာဉ်အရ ကုန်စည်ကိုကာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့် နေရာသည် မြန်မာနိုင်ငံကွင် ကည်ရှိပြီး လွှဲပြောင်းပေးပို့ရမည့်နေရာသည် စာချုပ်ဝင် အခြားနိုင်ငံကစ်နိုင်ငံတွင် ကည်ရှိသည့် ပဋိညာဉ်များ၊ သို့မဟုတ်
(၂) ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည့်နေရာသည် မြန်မာနိုင်ငံတွင် ကည်ရှိပြီး ပဋိညာဉ်အရ ကုန်စည်ကို ကာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်နေရာသည် စာချုပ်ဝင် အခြားနိုင်ငံကစ်နိုင်ငံကွင် ကည်ရှိသည့် ပဋိညာဉ်များ။

၅။ ဤဥပဒေကွင် သုံးနှုန်းထားသော **"ဘက်စုံပို့ဆောင်ရေး၊" "ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၊" "ပဋိညာဉ်" နှင့် "ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်"** ဆိုသည့် စကားရပ်များသည် အပြည်ပြည်ဆိုင်ရာ သို့မဟုတ် ဒေသဆိုင်ရာ သဘောသဘာဝရှိသည့် အသုံးအနှုန်းဖြစ်သည်ဟု မှတ်ယူရမည်။

အခန်း(၄)
ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအကွက် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးအကွက် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောကူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ ဝန်ကြီးဌာနသည်-
(က) ပုဒ်မ ၆ အရ ဗဟိုအဖွဲ့ကိုဖွဲ့စည်းရာကွင် ဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ကစ်ဦးက ဉက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း ကာဝန်ပေးအပ်ရမည်။
(ခ) ဗဟိုအဖွဲ့တွင် ဒုတိယဉက္ကဋ္ဌနှင့် တွဲဖက်အကွင်းရေးမှူးကိုလည်း ထည့်သွင်းဖွဲ့စည်းနိုင်သည်။
(ဂ) ဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောကူညီချက်ဖြင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုအဖွဲ့၏ ကာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအကိုင်းဖြစ်သည်-
(က) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအားလည်းကောင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲပြင်းနှင့် ဝန်ကြီးဌာနသို့ အကြံပြုချက်များ တင်ပြပြင်း၊
(ခ) ဘက်စုံပို့ဆောင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအကွက် ပြည်ကွင်းပြည်ပမှ အခွင့်အာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ၊ သယ်ယူပို့ဆောင်သူများ၊ ကုန်စည်အပ်နှံသူနှင့် ကုန်စည်လက်ခံသူများနှင့်လည်းကောင်း ပူးပေါင်းညှိနှိုင်းပေးခြင်း၊
(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအား စည်းကမ်းချက်များ သက်မှက်၍ မှက်ပုံကင်လက်မှက်ထုက်ပေးခြင်း၊
(ဃ) ဤဥပဒေနှင့် ဤဥပဒေအရ ထုက်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့် အမိန့်ကိုပါ ကားပြစ်ချက်ကစ်ခုခုကိုဖြစ်စေ၊ မှက်ပုံကင်လက်မှက် စည်းကမ်းချက်ကစ်ခုခုကိုဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်သူအား ပုဒ်မ ၄၃ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှက်ခြင်း၊
(င) သယ်ယူပို့ဆောင်သူများ၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် အသုံးပြုသူများက ဤဥပဒေနှင့် ဤဥပဒေအရ ထုက်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ မှက်ပုံကင်လက်မှက် စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ခြင်းရှိ မရှိ လိုအပ်သလို စစ်ဆေးပြင်း၊ ထိုသို့စစ်ဆေးနိုင်ရန် ဗဟိုအဖွဲ့၏ အဖွဲ့ဝင်ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သော ပုဂ္ဂိုလ်ကစ်ဦးဦးကိုဖြစ်စေ ကာဝန်ပေးအပ်ပြင်း၊
(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်နွှယ်သော ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးလုပ်ငန်းများနှင့် သင်ကန်းများကို စည်းကမ်းချက်များသက်မှက်၍ လိုင်စင်ထုက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ထုက်ပေးပြင်းနှင့် ကြီးကြပ်ခြင်း၊
(ဆ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာကွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လိုအပ်သည့် နိုင်ငံ့ဝန်ထမ်းများအား ခန့်ထားခြင်း၊
(ဇ) ဗဟိုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သက်မှက်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊
(ဈ) ဤဥပဒေပါ ကိစ္စအလို့ငှာ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် အခြားကာဝန်များကို ဆောင်ရွက်ပြင်း။

အခန်း(၅)
မှတ်ပုံတင်ခြင်း

၉။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအဖြစ်သော လည်းကောင်း၊ နိုင်ငံတော်က အဖွဲ့ဝင်ဖြစ်သော ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာကုန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောကူစာချုပ်၏အဖွဲ့ဝင်ဖြစ်သည့် ပြည်ပနိုင်ငံကစ်ခုခုမှ မှက်ပုံကင်လက်မှက်ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ကိုယ်စားလှယ်အဖြစ် သော်လည်းကောင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်လိုသူ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူသည် မှက်ပုံကင်လက်မှက် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။
(ခ) ဗဟိုအဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်များအား သက်မှက်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။
(ဂ) ဗဟိုအဖွဲ့က ပုဒ်မခွဲ(ခ)အရ ခွင့်ပြုသည့်အခါ မှက်ပုံကင်အရာရှိသည် လျှောက်ထားသူအား သက်မှက်ထားသည့် မှက်ပုံကင်ခကို ပေးသွင်းစေပြီး သက်မှက်သည့် စည်းကမ်းချက်များဖြင့် မှက်ပုံကင်လက်မှတ်ကို ထုက်ပေးရမည်။

၁၀။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် မှက်ပုံကင်သက်တမ်း ကုန်ဆုံးသည့်အခါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက မှက်ပုံကင်သက်ကမ်းကိုးမြှင့်ပေးရန် သက်မှက်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။
(ခ) ဗဟိုအဖွဲ့က ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေများကို ပေးသွင်းစေပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရမည်။

အခန်း(၆)
ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ် ထုတ်ပေးခြင်း

၁၁။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပဋိညာဉ်အရ ကုန်စည်ကို ကာဝန်ယူ၍ သယ်ယူပို့ဆောင်ရန် လွှဲပြောင်းလက်ခံသည့်အခါ ဘက်စုံပို့ဆောင်ရေး ကုန်စည်ကင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှက်မှာ လွှဲပြောင်းနိုင်သော စာချုပ်စာကမ်းဖြစ်သည် သို့မဟုတ် လွှဲပြောင်းပြင်းမပြုနိုင်သော စာချုပ်စာကမ်းဖြစ်သည်ကို ကုန်စည်အပ်နှံသူက ရွေးချယ်လက်ခံသည့်အကိုင်း ဖော်ပြ၍ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှက်ကို ကုန်စည်အပ်နှံသူအား ထုက်ပေးရမည်။

၁၂။ ပုဒ်မ ၁၁ အရ ထုက်ပေးသောလက်မှက်ကွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူကဖြစ်စေ၊ ၎င်း၏အခွင့်အာဏာရ ပုဂ္ဂိုလ်ကစ်ဦးကဖြစ်စေ လက်မှက်ရေးထိုး ရမည်။

၁၃။ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှက်ကွင် အောက်ပါအချက်များပါရှိရမည်-
(က) ကုန်စည်အပ်နှံသူကပေးသော ကုန်နှင့်စပ်ဆိုင်သည့် ဖော်ပြချက်၊ မည်သည့်ကုန်စည်ဖြစ်ကြောင်း ဖော်ပြချက်၊ လိုအပ်သည့် အမှတ်ကဆိပ်၊ ပျက်စီးလွယ်သော သို့မဟုတ် အန္တရာယ်ရှိသော ကုန်စည်ဖြစ်လျှင် ထိုသို့ဖြစ်ကြောင်း ဖော်ပြချက်၊ ထုပ်ပိုးပစ္စည်း သို့မဟုတ် ပစ္စည်းအစ်ကအပိုင်း အရေအကွက်၊ အခြားနည်းဖြင့် ဖော်ပြသည့် ကုန်စည်စုစုပေါင်းအလေးချိန်၊ ပမာဏ သို့မဟုတ် အရေအကွက်၊
(ခ) ကုန်စည်၏ လက်ရှိမျက်ပြင်အခြေအနေ၊

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

(ဂ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏လုပ်ငန်းအမည်နှင့် အခြေစိုက် (ရုံးချုပ်)တည်နေရာလိပ်စာ၊

(ဃ) ကုန်စည်အပ်နှံသူအမည်၊

(င) ကုန်စည်အပ်နှံသူကပေးသည့် ကုန်စည်လက်ခံမည့်သူအမည်၊

(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပဋိညာဉ်အရ ကုန်စည်ကို တာဝန်ယူ၍ သယ်ယူပို့ဆောင်ရန်လွှဲပြောင်းလက်ခံသည့် နေရာနှင့်ရက်စွဲ၊

(ဆ) ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာ၊

(ဇ) ကုန်စည်လွှဲပြောင်း ပေးပို့ရမည့်နေရာ၊ နေ့ရက် သို့မဟုတ် အချိန်ကာလကို စာချုပ်ဝင်များက အတိအလင်းသဘောတူဖော်ပြထားလျှင် ယင်းသို့ ဖော်ပြသည့် လွှဲပြောင်းပေးပို့ရမည့်နေရာ၊ နေ့ရက် သို့မဟုတ် အချိန်ကာလ၊

(ဈ) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်မှာလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းဖြစ်သည် သို့မဟုတ် လွှဲပြောင်းခြင်းမပြုနိုင်သော စာချုပ်စာတမ်းဖြစ်သည်ဟု ဖော်ပြချက်၊

(ည) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ထုတ်ပေးသည့်နေရာနှင့်နေ့ရက်၊

(ဋ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ၎င်း၏အခွင့်အာဏာရပုဂ္ဂိုလ်၏ လက်မှတ်၊

(ဌ) စာချုပ်ဝင်များက အတိအလင်းသဘောတူထားလျှင် ယင်းသို့ သဘောတူထားသည့်အတိုင်း ပို့ဆောင်ရေးနည်းလမ်းတစ်ခုစီအတွက် ကုန်စည်သယ်ယူပို့ဆောင်ခ သို့မဟုတ် ကုန်စည်လက်ခံသူက ပေးရမည့်ငွေကြေးအမျိုးအစားအပါအဝင် ကုန်စည်သယ်ယူပို့ဆောင်ခ သို့မဟုတ် ၎င်းက ကုန်စည်သယ်ယူပို့ဆောင်ခအတွက်ပေးရမည့် အခြားဖော်ပြချက်၊

(ဍ) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ထုတ်ပေးချိန်တွင်သိရှိရသည့် ပို့ဆောင်ရေးခရီးစဉ်လမ်းကြောင်း၊ ပို့ဆောင်ရေးနည်းလမ်းနှင့် တစ်ဆင့်လွှဲပြောင်းသယ်ဆောင်ရမည့်နေရာ၊

(ဎ) စာချုပ်ဝင်တို့သဘောတူညီထားသည့် တည်ဆဲဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိသော အခြားဖော်ပြချက်။

၁၄။ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ပုဒ်မ ၁၃ ပါအချက်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ မပါရှိသော်လည်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)ပါ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ညီညွတ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်၏ တရားဝင်မှုကို ထိခိုက်ခြင်းမရှိစေရ။

၁၅။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက လက်ခံတာဝန်ယူခဲ့သည့် ကုန်စည်နှင့်စပ်လျဉ်း၍ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ပေါ်တွင် ပုံနှိပ်ထားသော သို့မဟုတ် ထပ်၍ရိုက်နှိပ်ထားသော ကုန်အလေးချိန်၊ ဝန်နှင့်ရေတွက်ပုံ၊ ကုန်စည်တင်သူထည့်သွင်းသည့်ကုန်သေတ္တာ သို့မဟုတ် အခြားအလားတူ စကားရပ်များကဲ့သို့သော ဖော်ပြချက်များသည် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အဆိုပါ ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့်သက်သေခံအထောက်အထားလက်မှတ်သည် ပြင်သာသော သက်သေခံအထောက်အထားပြစ်စေရမည်။

(ခ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ကုန်စည်လက်ခံသူသို့ လွှဲပြောင်းပေး၍ဖြစ်စေ၊ အလားတူ အီလက်ထရွန်နစ်အချက်အလက်ဖြင့် အပြန်အလှန်ပို့လွှတ်၍ဖြစ်စေ ပေးပို့သည်ကို ကုန်စည်လက်ခံသူကသဘောရိုးဖြင့် လက်ခံရရှိပြီးဖြစ်ကြောင်း အသိအမှတ်ပြုပြီးဖြစ်လျှင် ထိုကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်နှင့်စပ်လျဉ်း၍ ဆန့်ကျင်ကွဲလွဲပြီး တင်ပြသည့် သက်သေခံချက်များကို လက်ခံခြင်းမပြုရ။

အခန်း(၇)

ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏တာဝန်နှင့်ပေးအပ်ရန်တာဝန်ရှိမှုများ

၁၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ကို ၎င်းကတာဝန်ယူ၍ ပို့ဆောင်ရန်လက်ခံသည့်အချိန်မှစ၍ သဘောတူညီချက်အရ ကုန်စည်ကိုလွှဲပြောင်းပေးပို့သည့် အချိန်အထိ ထိုကုန်စည်အတွက် တာဝန်ရှိသည်။

၁၇။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်နေစဉ်အတွင်း မိမိ၏ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးနှင့်ထပ်ဆင့်ချုပ်ဆိုသည့် ပဋိညာဉ်အရ ဆောင်ရွက်ရာတွင် ထိုသူ၏ပြုလုပ်မှုနှင့် ပျက်ကွက်မှုများအတွက်သော်လည်းကောင်း မိမိကိုယ်တိုင်ပြုလုပ်မှုနှင့်ပျက်ကွက်မှုဖြစ်သကဲ့သို့ တာဝန်ရှိစေရမည်။

၁၈။ ကုန်စည်လွှဲပြောင်းပေးပို့ခြင်းကို သေချာစေရန်အလို့ငှာ အောက်ဖော်ပြပါ လိုအပ်သော ပြုလုပ်မှုများကို ဆောင်ရွက်ရာတွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည်-

(က) ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို လွှဲပြောင်းနိုင်သောပုံစံဖြင့် ထုတ်ပေးပြီးသည့်အခါ-

(၁) "လက်ဝယ်တိုင်ဆောင်သူသို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်မူရင်းတစ်စောင်ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၂) "အမိန့်ရသူသို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက မှန်ကန်ကြောင်း ထပ်ဆင့်အတည်ပြုထောက်ခံသည့် အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်မူရင်းတစ်စောင်ပေးအပ်သူအား ကုန်စည်ကိုလွှဲပြောင်းပေးပို့ရမည်။

(၃) လွှဲပြောင်းပေးပို့ရမည့်သူ၏ အမည်မပါရှိဘဲ ကွက်လပ်ဖြင့် "----- သို့ လွှဲပြောင်းပေးပို့ရန်" ဟု ဖော်ပြပါက ပုဒ်မခွဲငယ်(၂)ပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို လွှဲပြောင်းခြင်းမပြုနိုင်သော ပုံစံဖြင့် ထုတ်ပေးပြီးသည့်အခါ-

(၁) "အမည်ဖော်ပြထားသူသို့ လွှဲပြောင်းပေးပို့ရန်"ဟု ဖော်ပြပါက ထိုသူမှန်ကန်ကြောင်း သက်သေခံအထောက်အထားပြသနိုင်လျှင် အဆိုပါကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်မူရင်းတစ်စောင်ပေးအပ်သူအား ကုန်စည်ကို လွှဲပြောင်းပေးပို့ရမည်။

(၂) အဆိုပါ သက်သေခံအထောက်အထားလက်မှတ်တွင် ကုန်စည်လက်ခံသူအဖြစ် အမည်ဖော်ပြထားသူမှန်ကန်ကြောင်း သက်သေခံအထောက်အထားပြသပါက ထိုသူအား ထုတ်ပေးရမည်။

(ဂ) အဆိုပါ ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ထုတ်ပေးခဲ့ခြင်းမရှိသည့်အခါ ပဋိညာဉ်အရ ကုန်စည်အပ်နှံသူက ညွှန်ကြားသည့် ပုဂ္ဂိုလ်ထံသို့ဖြစ်စေ၊ ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည်လက်ခံသူ၏ အခွင့်အရေးရရှိသူက ညွှန်ကြားသည့် ပုဂ္ဂိုလ်ထံသို့ဖြစ်စေ ကုန်စည်ကိုလွှဲပြောင်းပေးပို့ရမည်။

၁၉။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပဋိညာဉ်အရ တာဝန်ယူပို့ဆောင်ရန် ကုန်စည်ကိုစတင်လက်ခံသည့် အချိန်မှစ၍ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ရာတွင် ဖြစ်စေ၊ ပုဒ်မ ၁၇ ပါ မိမိ၏ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်ရာတွင်ဖြစ်စေ ကုန်စည်များ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဆုံးရှုံးမှုအတွက် မိမိကိုယ်တိုင်တွင်သော်လည်းကောင်း၊ မိမိ၏ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးတွင်သော်လည်းကောင်း တာဝန်မရှိကြောင်း သက်သေခံချက်အထောက်အထားမတင်ပြနိုင်လျှင် ယင်းဆုံးရှုံးမှုတစ်ခုခုအတွက် တာဝန်ရှိစေရမည်။

(ခ) ကုန်စည်လွှဲပြောင်းပေးပို့ရမည့် အချိန်ကာလနှင့်စပ်လျဉ်း၍ ကုန်စည်အပ်နှံသူက ကြေညာခြင်းမပြုလုပ်ခဲ့ဘဲ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်ကိုလက်ခံခဲ့ခြင်းဖြစ်လျှင် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုကြောင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှုအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူတွင် တာဝန်မရှိစေရ။

၂၀။ အတိအလင်းသဘောတူညီခဲ့သည့်အချိန်အတွင်းကုန်စည်ကို လွှဲပြောင်းပေးပို့ခြင်းမပြုလျှင် သဘောတူညီချက်ကုန်ဆုံးသည့်နေ့၏ နောက်ရက်ကိုသော်လည်းကောင်း၊ ထိုသို့သော သဘောတူညီချက်မျိုးမရှိသည့်ကိစ္စတွင် ဂရုပြုလုံ့လစိုက်သော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအနေဖြင့် ကိစ္စရပ်အခြေအနေပေါ်မူတည်၍ လျော်ကန်သင့်မြတ်သော အချိန်အတွင်း လွှဲပြောင်းပေးပို့ခြင်းမပြုလျှင် လျော်ကန်သင့်မြတ်သော အချိန်ကုန်ဆုံးသည့်နေ့ နောက်ရက်ကိုသော်လည်းကောင်း၊ ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုပေါ်ပေါက်သည့်နေ့ဟု သတ်မှတ်သည်။

၂၁။ ပုဒ်မ ၂၀ အရ ကုန်စည်ကိုလွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုပေါ်ပေါက်ကြောင်း သတ်မှတ်သည့်နေ့မှရက်ပေါင်း ၉၀ အတွင်း ကုန်စည်ကိုလွှဲပြောင်းပေးပို့ခြင်းမပြုနိုင်လျှင် ကုန်စည်ကို တောင်းဆိုပိုင်ခွင့်ရှိသူတစ်ဦးဦးသည် အခြားဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားမရှိပါက ပျောက်ဆုံးသည့်ကုန်စည်အဖြစ် မှတ်ယူ၍ ဆောင်ရွက်နိုင်သည်။

၂၂။ ပုဒ်မ ၁၉ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်နှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သည့် ကာလအတောအတွင်း အောက်ပါအခြေအနေတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ပေါ်ပေါက်ကြောင်း၊ သက်သေထင်ရှားပြနိုင်ပါက အဆိုပါကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် တာဝန်မရှိစေရ-

(က) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ၊ ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်၏ ပြုလုပ်မှု သို့မဟုတ် ပေါ့ဆမှု၊

(ခ) ကုန်စည်ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်ပြုလုပ်ခြင်း သို့မဟုတ် ကုန်စည်နံပါတ်တပ်ခြင်းပြုလုပ်ရာတွင် မလုံလောက်မှု သို့မဟုတ် အားနည်းချို့ယွင်းမှု၊

(ဂ) ကုန်စည်အပ်နှံသူ၊ ကုန်စည်လက်ခံသူ သို့မဟုတ် ၎င်း၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်က ကုန်စည်ကိုင်တွယ်ထိန်းသိမ်းမှု၊ ကုန်စည်တင်မှု၊ ကုန်စည်ချမှု သို့မဟုတ် သိုလှောင်ထိန်းသိမ်းထားရှိမှု၊

(ဃ) ကုန်စည်၏ ပင်ကိုသဘာဝချို့ယွင်းမှု သို့မဟုတ် မပြင်သာသော ချို့ယွင်းမှု၊

(င) သက်ဆိုင်သည့်အလုပ်သမားများ အစုအဝေးဖြင့် ဆန္ဒဖော်ထုတ်မှု၊ အလုပ်ပိတ်မှု၊ အလုပ်ရပ်နားထားမှု၊ အလုပ်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မလုပ်စေရန် တားဆီးခံရမှု၊

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု သို့မဟုတ် မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်မှု။

၂၃။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပုဒ်မ ၂၂ ပါ အခြေအနေများအပြင် ပင်လယ်ရေကြောင်းနှင့် ပြည်တွင်းရေကြောင်းတို့ဖြင့် ကုန်စည်ပို့ဆောင်ရာ၌ ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုအတွက် အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါကလည်း တာဝန်မရှိစေရ-

(က) ရေယာဉ်မှူး၊ သင်္ဘောသား၊ ရေကြောင်းပြအရာရှိ သို့မဟုတ် သယ်ယူပို့ဆောင်သူ၏ ဝန်ထမ်းက တမင်ပြုလုပ်မှု၊ ပေါ့ဆမှု သို့မဟုတ် ပျက်ကွက်မှု၊

(ခ) သယ်ယူပို့ဆောင်သူနှင့် မသက်ဆိုင်သည့် မီးလောင်မှု၊

(ဂ) သတ်မှတ်ရေကြောင်းခရီးစဉ်စတင်ချိန်၌ အသုံးပြုသည့် သင်္ဘောမှာ သွားလာရေးအတွက် ကြံ့ခိုင်၍ လိုအပ်ချက်များ ပြည့်စုံမှုရှိကြောင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက သက်သေထင်ရှားပြနိုင်ပြီး သတ်မှတ်ရေကြောင်းခရီးစဉ်အတွင်းတွင် သင်္ဘောမှာ ကြံ့ခိုင်ခြင်း၊ လိုအပ်ချက်များ ပြည့်စုံခြင်းမရှိ ဖြစ်လာမှု။

၂၄။ ကုန်စည်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လျော်ကြေးကို သတ်မှတ်ရာ၌ ကုန်စည်လက်ခံသူသို့ ကုန်စည်လွှဲပြောင်းပေးပို့သည့်နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း၊ ပဋိညာဉ်နှင့်အညီ ကုန်စည်လွှဲပြောင်းပေးပို့ရမည့် နေရာနှင့် အချိန်ကာလတို့တွင် တည်ရှိသော ကုန်စည်တန်ဖိုးကိုသော်လည်းကောင်း အခြေခံရမည်။

၂၅။ ကုန်စည်တန်ဖိုးနှင့်စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်နေသော ကုန်စည်ချင်းဖလှယ်သည့် ကုန်စည်ဒိုင်ဈေးနှုန်းကိုသော်လည်းကောင်း၊ အဆိုပါ ဈေးနှုန်းမရှိလျှင် ကာလပေါက်ဈေးနှုန်းကိုသော်လည်းကောင်း၊ အဆိုပါကုန်စည်ချင်းဖလှယ်သည့် ဈေးနှုန်းနှင့် ကာလပေါက်ဈေးနှုန်းတို့မရှိလျှင် အဆိုပါကုန်စည်အမျိုးအစားနှင့်အရည်အသွေးတူ ကုန်စည်၏ ပုံမှန်တန်ဖိုးကိုသော်လည်းကောင်း အခြေခံ၍ ဆုံးဖြတ်ရမည်။

အခန်း(၈)

ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးအပ်ရန်တာဝန်ရှိမှု ကန့်သတ်ချက်

၂၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ပို့ဆောင်ရန် တာဝန်မယူမီ ကုန်စည်အပ်နှံသူက ကုန်စည်၏သဘာဝနှင့် တန်ဖိုးကိုကြေညာခြင်းမပြုခဲ့သည့်အပြင် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင်လည်းထည့်သွင်းဖော်ပြခြင်းမရှိခဲ့လျှင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ဘက်စုံပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်ကို အခြေခံ၍ ထုပ်ပိုးပစ္စည်းတစ်ခုချင်းအတွက်သော် လည်းကောင်း၊ ဆုံးရှုံးသည့် သို့မဟုတ် ပျက်စီးသည့် ကုန်စည်၏ စုစုပေါင်းအလေးချိန်အတွက် သော်လည်းကောင်း ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော အများဆုံးပေးလျော်ရမည့် အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ပမာဏထက်ပို၍ ပေးလျော်ရန် တာဝန်မရှိစေရ။

၂၇။ ကုန်သေတ္တာနှင့် ကုန်စည်တင်အခင်းပြားတို့ကို ထုပ်ပိုးပစ္စည်းတစ်ခု သို့မဟုတ် တစ်ယူနစ်ထက်ပို၍ ကုန်စည်တင်သည့်အခါ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် တစ်ခုချင်းစီစာရင်းသွင်းထားသော ထုပ်ပိုးပစ္စည်း သို့မဟုတ် အခြားသင်္ဘောတင်ပစ္စည်းယူနစ်များသည် ထုပ်ပိုးပစ္စည်း သို့မဟုတ် သင်္ဘောတင်ပစ္စည်းများဖြစ်သည်ဟု မှတ်ယူရမည်။ ထိုသို့မှတ်ယူရန် အချက်မှအပ အဆိုပါပို့ဆောင်ရေးပစ္စည်းများသည် ထုပ်ပိုးပစ္စည်းတစ်ခု သို့မဟုတ် တစ်ယူနစ် ဖြစ်သည်ဟု မှတ်ယူရမည်။

၂၈။ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၇ တို့တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးတွင် ပဋိညာဉ်အရ ပင်လယ်ရေကြောင်း သို့မဟုတ် ပြည်တွင်းရေကြောင်းခရီးဖြင့် ကုန်စည်ပို့ဆောင်ခြင်းမပါဝင်ပါက ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးလျော်ရန်တာဝန်သည် ဆုံးရှုံးသော သို့မဟုတ် ပျက်စီးသောကုန်စည်၏စုစုပေါင်းအလေးချိန်အတွက် ဘက်စုံပို့ဆောင်ရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်ကို အခြေခံ၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော အထူးငွေကြေးထုတ်ယူပိုင်ခွင့် ယူနစ်ပမာဏထက်မပိုစေရ။

၂၉။ ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုသည် ဘက်စုံပို့ဆောင်ရေး၏ သီးခြားပို့ဆောင်ရေးနည်းလမ်းတစ်လမ်းဖြင့် ပို့ဆောင်သည့် ကာလအတွင်း ပေါ်ပေါက်သည့်အခါ အဆိုပါဖြစ်ရပ်နှင့်စပ်လျဉ်း၍ ဘက်စုံပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာသဘောတူစာချုပ်တွင် အခြားပေးအပ်ရန် တာဝန်ကန့်သတ်ချက်ကို ပြဋ္ဌာန်းသတ်မှတ်ထားပြီး အဆိုပါ သီးခြားသယ်ယူပို့ဆောင်ရေး နည်းလမ်းအတွက် ပဋိညာဉ်ကိုလည်း သီးခြားချုပ်ဆိုထားလျှင် အဆိုပါဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ပေးလျော်ရန် တာဝန်ကန့်သတ်ချက်သည် ဖော်ပြပါကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်တို့ကို အခြေခံ၍ ဤဥပဒေအရ သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

၃၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုမှအပ ကုန်စည်ထုတ်ပေးရာတွင် နှောင့်နှေးကြန့်ကြာမှုကြောင့် ဆုံးရှုံးမှု သို့မဟုတ် နောက်ဆက်တွဲ ဆုံးရှုံးနစ်နာမှုအတွက် ပေးလျော်ရန်တာဝန်ရှိလျှင် ထိုသူ၏ တာဝန်ရှိမှုသည် ပဋိညာဉ်အရ ကုန်စည်သယ်ယူပို့ဆောင်ခနှင့် ညီမျှသော ငွေပမာဏထက်မပိုစေရ။

၃၁။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ စုစုပေါင်းပေးလျော်ရန် တာဝန်ရှိမှုသည် ကုန်စည်အားလုံးဆုံးရှုံးမှုအတွက် ပေးလျော်ရန်တာဝန်ထက်မပိုစေရ။

၃၂။ ကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့ရန်နှောင့်နှေးကြန့်ကြာမှုသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ထိုသို့ဆုံးရှုံးစေရန်၊ ပျက်စီးစေရန် သို့မဟုတ် နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ်၍သော်လည်းကောင်း၊ အလေးမထား ဂရုမစိုက်ဘဲ သိလျက်နှင့် သော်လည်းကောင်း ပုဂ္ဂိုလ်ရေးအရ ပြုလုပ်ကြောင်း သို့မဟုတ် ပျက်ကွက်ကြောင်း သက်သေထင်ရှားပြသနိုင်လျှင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ပေးအပ်ရန်တာဝန်ရှိမှု ကန့်သတ်ချက်၏ အကျိုးကျေးဇူးကို ခံစားခွင့်မရှိစေရ။

အခန်း(၉)

ကုန်စည်အပ်နှံသူ၏ တာဝန်နှင့် ပေးအပ်ရန်တာဝန်ရှိမှုများ

၃၃။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ဘက်စုံပို့ဆောင်ရေးကို စတင်တာဝန်ယူလက်ခံသည့် အချိန်တွင် ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ထည့်သွင်းဖော်ပြရန် ကုန်စည်နှင့်စပ်လျဉ်း၍ သဘောသဘာဝ၊ အမှတ်တံဆိပ်၊ ကိန်းဂဏန်းနံပါတ်၊ အလေးချိန်၊ ပမာဏနှင့် အရေအတွက်၊ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းဖြစ်ပါက ထိုသို့ဖြစ်ကြောင်းဖော်ပြချက်တို့ကို ကုန်စည်အပ်နှံသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ ကိုယ်စားဆောင်ရွက်သူက ဖော်ပြသည့်အတိုင်း တိကျမှန်ကန်ကြောင်း ၎င်းက အာမခံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃၄။ ကုန်စည်အပ်နှံသူသည် ဘေးအန္တရာယ်ရှိသော ကုန်စည်ပေါ်တွင် ဘေးအန္တရာယ်ရှိကြောင်းဖော်ပြသည့် အမှတ်တံဆိပ်ကိုဖြစ်စေ၊ ချိတ်ဆွဲတံဆိပ် သို့မဟုတ် ကပ်တံဆိပ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်တပ်ဆင်ပေးရမည်။

၃၅။ ကုန်စည်အပ်နှံသူသည် ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၊ ထိုသူ၏ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးအားဖြစ်စေ လွှဲပြောင်းပေးအပ်သည့်အခါ ဘေးအန္တရာယ်ရှိသော ကုန်စည်၏ လက္ခဏာနှင့်လိုအပ်လျှင် ကြိုတင်သတ်ထားဆောင်ရွက်ရမည့်အချက်များကို ထိုသူအားအသိပေးရမည်။ အကယ်၍ ကုန်စည်အပ်နှံသူက ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်သည့်အပြင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူကလည်း လွှဲပြောင်းပေးအပ်သည့် ကုန်စည်မှာ ဘေးအန္တရာယ်ဖြစ်စေနိုင်သော လက္ခဏာရှိကြောင်း အခြားနည်းဖြင့် သိရှိမထားလျှင်-

(က) ထိုကုန်စည်ပို့ဆောင်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုအားလုံးအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား ကုန်စည်အပ်နှံသူက ပေးအပ်ရန်တာဝန်ရှိစေရမည်။

(ခ) ဖြစ်ပေါ်လာသောအခြေအနေ လိုအပ်ချက်အရ မည်သည့်အချိန်အခါတွင်မဆို လွှဲပြောင်းပေးအပ်ထားသည့် ကုန်စည်အတွက် လျော်ကြေးပေးရန်မလိုဘဲ ဘေးအန္တရာယ်မဖြစ်စေရန် ယင်းကုန်စည်ကို ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် ယင်း၏ကိုယ်စားဆောင်ရွက်သူက ချထားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုနိုင်သည်။

စာမျက်နှာ ၁၇ သို့

ဥပဒေ

စာမျက်နှာ ၁၆ မှ

၃၆။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ၄င်းတာဝန်ယူဆောင်ရွက်နေစဉ်အတွင်း ကုန်စည်များ၏ဘေးအန္တရာယ်ရှိသည် လက္ခဏာကို သိရှိထားပြီးဖြစ်လျှင် မည်သူမျှ ပုဒ်မ ၃၅ ပါပြဋ္ဌာန်းချက်များကို ကိုးကား၍ ဆောင်ရွက်ခြင်းမပြုနိုင်။

၃၇။ အကယ်၍ ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့် မသက်ဆိုင်သည် အခါတွင်သော်လည်းကောင်း၊ ပုဒ်မ ၃၆ အရ ကိုးကားခြင်းမပြုနိုင်သည် အခါတွင်သော်လည်းကောင်း ဘေးအန္တရာယ်ရှိသော ကုန်စည်သည် လူ့အသက်ကိုဖြစ်စေ၊ ပစ္စည်းဥစ္စာကိုဖြစ်စေ အမှန်တကယ်ဘေးအန္တရာယ်ပြုလာလျှင် ဖြစ်ပေါ်လာသောအခြေအနေလိုအပ်ချက်အရကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို မျှဝေကျခံရသည် ပျမ်းမျှထည်ဝင်ကြေး သို့မဟုတ် ပုဒ်မ ၀၉၊ ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်ရှိမှုများမှအပ လျော်ကြေးပေးရန်မလိုဘဲ ကုန်စည်ကို ဘေးအန္တရာယ်မဖြစ်စေရန်ချထားပြင်း၊ ဖျက်ဆီးပြင်း သို့မဟုတ် ပေးအပ်ခြင်းပြုနိုင်သည်။

၃၈။ ပုဒ်မ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့တွင် ရည်ညွှန်းထားသည်အချက်များမှာ တိတျမှန်တန်ပြင်းမရှမ သို့မဟုတ် မလံလောတ်မှုတစ်ခုကြောင့်ဖြစ်ပေါ်လာသည် ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက် ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား နစ်နာကြေးပေးအပ်ရန် တာဝန်ရှိသည်။

၃၉။ ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်ကို ၄င်းကလွဲပြောင်းပေးပြီးသည့်တိုင် ပေးအပ်ရန်တာဝန်ရှိမှုသည် ဆက်လက်၍တည်ရှိစေရမည်။

၄၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ နစ်နာကြေးဆိုင်ရာ အခွင့်အရေးကို ကုန်စည်အပ်နှံသူမှအပ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ ပဋိညာဉ်အရ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ ပေးအပ်ရန်တာဝန်ရှိမှုအား ကန့်သတ်ပြင်းမရှိစေရ။

အခန်း(၁၀)

အကြောင်းကြားခြင်း၊တောင်းဆိုခြင်း၊အရေးယူခြင်းနှင့်ကာလစည်းကမ်းသတ်

၄၁။ (က) ကုန်စည်လက်ခံသူအား ကုန်စည်ကိုလွဲပြောင်းပေးအပ်ချိန်တွင် ကုန်စည်ဆုံးရှုံးမှ သို့မဟုတ် ပျက်စီးမှ၏ အပြစ်အပျက်သဘာဝ အတိအကျဖော်ပြထားသော အကြောင်းကြားချက်ကို ကုန်စည်လက်ခံသူက ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူထံသို့ သတ်မှတ်ချက်များနှင့်အည် လက်မှတ်ရေးထိုးထားသည်စာဖြင့် ပေးပို့ထားခြင်းမရှိလျှင် အဆိုပါ လွဲပြောင်းပေးအပ်မှုသည် ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထားလက်မှတ်တွင် ဖော်ပြထားသည်အတိုင်း ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကုန်စည်လွှဲပြောင်းပေးပို့ကြောင်း မြင်သာသော သက်သေခံချက် အထောက်အထားဖြစ်သည်။

(ခ) ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို အပြင်ပန်းအားဖြင့် သိသာထင်ရှားပြင်းမရှိသည် ကိစ္စတွင် ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လွှဲပြောင်းပေးအပ်ပြီးနောက် ၄င်းက ဤဥပဒေအရ ထုတ်ပြန်သည် နည်းဥပဒေများအရ သတ်မှတ်ထားသော ကာလအတွင်း လက်မှတ်ရေးထိုးထားသည်စာဖြင့် အကြောင်းကြားပေးပို့ပြင်းမရှိလျှင် ထိုကုန်စည်ဆုံးရှုံးကြောင်း သို့မဟုတ် ပျက်စီးကြောင်းမြင်သာသော သက်သေခံအထောက်အထားမရှိဟု မှတ်ယူရမည်။

၄၂။ ဤဥပဒေအရ နစ်နာဆုံးရှုံးမှု တစ်ခုခုအတွက် အကြောင်းကြားစာပေးပို့ပြင်း၊ တရားရုံးနှင့် အနုညာတခုံသမာဓိရုံးတို့တွင် တရားစွဲဆိုပြင်း၊ တင်ပြတောင်းဆိုပြင်း၊ လျှောက်ထားခြင်းနှင့်ကာလစည်းကမ်းသတ်တို့နှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတစ်ရပ်ရပ်ဖြင့် သီးခြားထုတ်ပြန်၍ သတ်မှတ်ထားသည့်အတိုင်းဖြစ်စေရမည်။ ထိုသို့သတ်မှတ်ထားပြင်းမရှိလျှင် တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားသည်အတိုင်း ဆောင်ရွက်ရမည်။

အခန်း(၁၁)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၄၃။ ဗဟိုအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်သည်နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့်အမိန့်တို့ပါတားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သောသို့မဟုတ် လိုက်နာရန်ပျက်ကွက်သော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်းနှင့် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကိုပယ်ဖျက်ခြင်း။

အခန်း(၁၂)

အယူခံခြင်း

၄၄။ ဗဟိုအဖွဲ့ကချမှတ်သော မှတ်ပုံတင်လက်မှတ်လျှောက်ထားချက်ကို ငြင်းပယ်သည်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ထိုအမိန့်ကို လက်ခံရရှိသည်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၄၅။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၄၄ အရ အယူခံမှုကိုစိစစ်ပြီး ပလပ်ခြင်း သို့မဟုတ် ချမှတ်ခဲ့သော အမိန့်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဝန်ကြီးဌာနက ချမှတ်သည်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၁၃)

စီရင်ပိုင်ခွင့်အာဏာ

၄၆။ ဤဥပဒေအရ ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည် တရားစီရင်ရေးဆိုင်ရာအမှုများကို တရားလို၏ဆန္ဒအရ အောက်ဖော်ပြပါ နေရာဒေသတစ်ခုခုရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတစ်ခုခုတွင် တရားစွဲပိုင်ခွင့်ရှိသည်-

(က) တရားပြိုင်၏ ပင်မစီးပွားရေးလုပ်ငန်း တည်ရှိရာနေရာဒေသ သို့မဟုတ် အမြဲတမ်း၊ နေထိုင်ရာနေရာဒေသ၊

(ခ) ပဋိညာဉ်ချုပ်ဆိုသည်နေရာဖြစ်ပြီး တရားပြိုင်၏ စီးပွားရေးလုပ်ငန်း၊ ရုံးခွဲ သို့မဟုတ် ကိုယ်စားလှယ်ရှိရာနေရာဒေသ၊

(ဂ) ဘက်စုံပို့ဆောင်ရေးအတွက် ကုန်စည်ကို တာဝန်ယူလက်ခံသည်နေရာ သို့မဟုတ် ကုန်စည်လွှဲပြောင်းပေးပို့သည် နေရာဒေသ၊

(ဃ) ဤကိစ္စအလို့ငှာ ပဋိညာဉ်တွင်ဖော်ပြသည် အခြားနေရာဒေသ တစ်ခုခုနှင့် ဘက်စုံပို့ဆောင်ရေးကုန်စည်တင်ဆောင်သည့် သက်သေခံအထောက်အထား လက်မှတ်တွင် သက်သေခံအဖြစ် ဖော်ပြသည် အခြားနေရာဒေသ တစ်ခုခု။

၄၇။ ပုဒ်မ ၄၆ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ရပိုင်ခွင့်တောင်းဆိုရန် အကြောင်း ပေါ်ပေါက်ပြီးနောက် စာချုပ်ဝင်တို့ချုပ်ဆိုသည် သဘောတူစာချုပ်တွင် တရားစွဲဆိုနိုင်ရန် သီးခြားသတ်မှတ်သည် နေရာဒေသရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသည် စီရင်ပိုင်ခွင့်ရှိစေရမည်။

၄၈။ ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသည် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းပေးရန် တောင်းဆိုလျှောက်ထားသူ၏ ဆန္ဒအရ ပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)မှ (ဃ) အထိ ဖော်ပြထားသော နေရာဒေတစ်ခုခု၌ အနုညာတခုံသမာဓိဖြင့် ဖြေရှင်းပြင်းကို ပဋိညာဉ်နှင့်အညီ ပြုလုပ်နိုင်သည်။

၄၉။ ဘက်စုံပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည် အငြင်းပွားမှုကို အနုညာတခုံသမာဓိဖြင့် ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပဋိညာဉ်တွင် သဘောတူညီထားသည့်အတိုင်း မည်သည်လုပ်ထုံးလုပ်နည်းဖြင့် ဖြေရှင်းမည်ကို ရွေးချယ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၅၀။ ပုဒ်မ ၄၈ တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ အငြင်းပွားမှုအတွက် အနုညာတခုံသမာဓိဖြင့် ဖြေရှင်းပေးရန် တောင်းဆိုလျှောက်ထားပြီးနောက် စာချုပ်ဝင်တို့ချုပ်ဆိုသည့် သဘောတူစာချုပ်တွင်သီးခြားသတ်မှတ်သည်နေရာဒေသရှိ အနုညာတခုံသမာဓိဖြင့် ဖြေရှင်းပြင်းကို ပြုလုပ်နိုင်သည်။

အခန်း(၁၄)

ပြစ်မှုနှင့်ပြစ်ဒဏ်

၅၁။ မည်သူမဆို မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည်ငွေဒဏ်အနည်းဆုံး ကျပ် ၂၅ သိန်းမှ အများဆုံး ကျပ်သိန်း ၁၅၀ အထိ ချမှတ်ခြင်းခံရမည်။

အခန်း(၁၅)

အထွေထွေ

၅၂။ ဤဥပဒေတွင် အခြားနည်းဖြင့်ပြဋ္ဌာန်းထားပြင်းမရှိလျှင် ဤဥပဒေပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်များ၊ ပေးအပ်ရန်တာဝန်ရှိမှုများ၊ ကင်းလွတ်ချက်များနှင့် ပေးအပ်ရန်တာဝန်ကန့်သတ်ချက်များသည်-

(က) မှတ်ပုံတင်လက်မှတ်ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူနှင့် သက်ဆိုင်စေရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ရရှိသော ကိုယ်စားလှယ်နှင့်လည်းကောင်း၊ သီးခြားဆန့်ကျင်ကွဲလွဲသည့် သဘောတူညီချက်မရှိပါက ကိုယ်စားလှယ်လွှဲအပ်သူနှင့်လည်းကောင်း သက်ဆိုင်စေရမည်။

၅၃။ (က) ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည် သက်သေခံအထောက်အထားလက်မှတ်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သွေဖည်သည်အပြင် ကုန်စည်တင်ပို့သူကိုဖြစ်စေ၊ ကုန်စည်လက်ခံသူကိုဖြစ်စေ ထိခိုက်နစ်နာစေပါက ပျက်ပြယ်စေရမည်ဖြစ်ပြီး အကျိုးသက်ရောက်စေရန် တင်ပြခွင့်မရှိစေရ။ သို့ရာတွင် ထိုပြဋ္ဌာန်းချက်သည် အဆိုပါ သက်သေခံအထောက်အထားလက်မှတ်၌ပါရှိသော အခြားသတ်မှတ်ချက်များကို ထိခိုက်ပြင်းမရှိစေရ။

(ခ) အခန်း(၇)ပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ၏ တာဝန်နှင့် ပေးအပ်ရန်တာဝန်ရှိမှုများတွင်လည်းကောင်း၊ အခန်း(၈)ပါ ပေးအပ်ရန်တာဝန်ရှိမှု ကန့်သတ်ချက်များတွင်လည်းကောင်း မည်သို့ပင်ပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ကုန်စည်အပ်နှံသူ၏ သဘောတူညီချက်ဖြင့် ပဋိညာဉ်တွင် မိမိ၏တာဝန်ရှိမှုနှင့် ပေးအပ်ရန်တာဝန်များကို ပိုမို၍တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် ဤဥပဒေအရ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ အာမခံအထောက်အထားနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားရမည်။

၅၅။ ပုဒ်မ ၅၀ အရ တရားစွဲဆိုမှုတွင် တရားရုံးက အပြီးသတ်အမိန့်ချမှတ်ခြင်းမပြုမီ တရားစွဲဆိုခြင်းခံရသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ပုဒ်မ ၅၁ တွင် သတ်မှတ်ထားသည့် အများဆုံးဒဏ်ငွေကို ဤဥပဒေပါကိစ္စအလို့ငှာ ဗဟိုအဖွဲ့က စီမံခန့်ခွဲနိုင်ရန် မှတ်ပုံတင်အရာရှိထံပေးဆောင်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးတွင် ထိုအမှုကိုကျေအေးရမည်။

၅၆။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများ ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုအခကြေးငွေနှင့်ဒဏ်ကြေးငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၅၇။ ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူအကျိုးငှာ အဖွဲ့အစည်းတစ်ခုခုသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ မှတ်ပုံတင်လက်မှတ်ရယူခြင်းမဖြစ်စေ၊ မှတ်ပုံတင်ခ သို့မဟုတ် အခြားအခကြေးငွေ ပေးသွင်းရခြင်းမဖြစ်စေ စည်းကမ်းချက်များသတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၈။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မြို့နယ်တရားရုံးမှ မည်သည် စီရင်ပိုင်ခွင့်အာဏာရ တရားသူကြီးမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည် ဒဏ်ငွေကို ချမှတ်စီရင်ပိုင်ခွင့် အာဏာရရှိစေရမည်။

၅၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပို့ဆောင်ရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

(၈) ကြိမ်မြောက်
ဗုဒ္ဓနည်းကျ တရားရှုမှတ်နည်းသင်တန်း

မန္တလေးမြို့ကျောင်းဆရာ ဗုဒ္ဓသာသနာ့ရိပ်သာ(ဖားအောက်တောရရိပ်သာခွဲ၊ ပေါင်မြို့နယ်)၏ ပဓာနနာယကဆရာတော် **ဘဒ္ဒန္တဓမ္မပတိ**မှ ရင်တော်ဗုဒ္ဓဟောညွှန်ပြသည် သမထ၊ ဝိပဿနာတရားတော်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာရှိသည်အတိုင်း မဂ္ဂင်ရစ်ပါး စုံညီစွာဖြင့် ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ လက်တွေ့သိမြင်နိုင်စေရန် ဟောကြားဆုံးမတရားနည်းလမ်းပြသပေးမည်၍ တရားတော်ကို လာရောက်နာကြားကျင့်ကြံအားထုတ်နိုင်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၈-၂-၂၀၁၄ရက်မှ ၂၁-၂-၂၀၁၄ရက်အထိ
အချိန် - နံနက် ၇း၃၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ
နေရာ - မြို့တော်စည်ပင်ခမ္မာရုံ၊ ရွှေတိဂုံတောင်ဘက်မုခ်

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၁၉၅၉၈၊ ၀၉-၅၀၅၇၃၁၂၊ ၀၉-၄၅၀၉၉၀၁၆၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် ကြိုးဝင်းဘိလပ်မြေစက်ရုံ မှအလုံနှင့်းဆီကုန်းလမ်းဂိုဒေါင်သို့ (တင် / ချ အပါအဝင်) ဘိလပ်မြေ (၂၄၃) တန် အား မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - (၃.၂.၂၀၁၄)
တင်ဒါပိတ်မည့်ရက် - (၁၀.၂.၂၀၁၄)
တင်ဒါပိတ်မည့်အချိန် - (၁၂:၀၀) နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သဘောင်းစာတွင်ဖော်ပြထားသည့်ရက်မှစတင်၍ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊၁၉၉)အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
ဖုန်း၊ ၀၁-၂၂၀၈၀၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်စတိုနှင့် ဘိလပ်မြေစက်ရုံတို့မှ စီမံကိန်းနေရာအသီးသီးသို့ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၂-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၂-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ဃ/၆၈၀၁၀ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်းဇော်သင်း ၅/ကသန(နိုင်)၀၀၀၄၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာဝါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၂၁၉၁၇ Zawcycle II (2002), M/C ယာဉ်လက်ဝယ်ရှိသူ Chindwin Dragons Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာဝါသည်။ ကန့်ကွက်လိုဝါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြဝါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၂၂၄၃၄ Zawcycle II M/C ယာဉ်လက်ဝယ်ရှိသူ Chindwin Dragons Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပခုက္ကူ)

ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း
အသိပေးကြေညာခြင်း

ကျွန်တော် ကိုနန္ဒကျော်စွာ ၇/ပမန(နိုင်)၀၀၁၆၅၇နှင့် မသိန်းသိန်းစိုး ၁၁/မပန(နိုင်)၀၄၉၉၉၉တို့သည် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ် ကျွန်တော်နှင့် လုံးဝပတ်သက်၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ပစ္စည်းခန်းလည်း နှစ်ဦးသဘောတူ ခွဲဝေခဲ့ပြီးဖြစ်ပါသည်။

ကိုနန္ဒကျော်စွာ
၇/ပမန(နိုင်)၀၀၁၆၅၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မင်းကင်းမြို့နယ် တောင်တွင်းချောင်လမ်းမှ မြို့မ-မင်းကင်းလမ်းပိုင်းဖောက်လုပ်

မင်းကင်း ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်သည် ရွှေသမင်တောင်တန်းကြီးက အုတ်တံတိုင်းသဖွယ် ကာဆီးထားမှုကြောင့် ကန့်တွင်းပိတ်မြို့နယ်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များနှင့် ဆက်သွယ်သွားလာရာတွင် ရေလမ်း တစ်ခုတည်းကိုသာ အားကိုးအားထား အသုံးပြုနေရသည်။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်းပေါင်း ၂၅၀၀နှင့် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်းပေါင်း ၁၀၀၀ အကုန်ကျခံပြီး မုံရွာစွမ်းအား၊ မြန်မာမိုးနိုင်နှင့် ချမ်းသာရွှေမြေကုမ္ပဏီများက မင်းကင်း-တောင်တွင်းချောင်(မြို့မ)လမ်းပိုင်း အရည် ၁၆ မိုင် ၆ ဖာလုံကို အတိုဆုံးလမ်းအူကြောင်းအတိုင်း စက်ယန္တရားကြီးများ အသုံးပြု၍ မြေသားလမ်းဖြင့် ဖောက်လုပ်လျက်ရှိသည်။

ယင်းလမ်း ဖောက်လုပ်မှုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ မင်းကင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဥက္ကဋ္ဌနှင့် ကော်မတီဝင်များ လိုက်ပါလျက် ဇန်နဝါရီ ၃၀ ရက်တွင် အရည်အသွေးသတ်မှတ်ချိန်စံညွှန်းနှင့်အညီ အပြန်ဆုံး ဖောက်လုပ်ပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြို့မ-မင်းကင်းလမ်းပိုင်းကို ဖောက်လုပ်ပြီးစီးပါက တောင်တွင်းချောင်ဒေသရှိ ကျေးရွာအုပ်စု ၁၅ အုပ်စုမှ ကျေးရွာပေါင်း ၃၆ ရွာကို စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စီမံခန့်ခွဲရေးတို့တွင် အထောက်အကူပြုမည်ဖြစ်သည့်အပြင် ယင်းဒေသကျေးလက်နေပြည်သူများအတွက်လည်း သွားလာရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

ဂျိုးနက်

မချမ်းဘောမြို့ ရပ်ကွက် (၃)၌ သစ်ခွကျောက်ချောလမ်းသစ်ဖွင့်

မချမ်းဘော ဖေဖော်ဝါရီ ၂

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့ ရပ်ကွက် (၃)တွင် ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော သစ်ခွကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက သစ်ခွလမ်းသစ်၌ ကျင်းပရာ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးကြည်မိုးက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သိသင့်သိထိုက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားကာ ရပ်မိရပ်ဖ ဦးနန်မွန်တင်က ကျေးဇူးတင်စကားပြောကြားသည်။ ယင်းသစ်ခွကျောက်ချောလမ်းသစ်ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဂမ်ထွယ်၊ မြို့နယ်အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးကြည်မိုးနှင့် ရပ်မိရပ်ဖ ဦးရကောန်ထင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းသည် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ မချမ်းဘောမြို့နယ်မှရရှိသည် ငွေကျပ်သိန်းပေါင်း ၁၀၀၀ အနက် မချမ်းဘောမြို့ ရပ်ကွက် (၃)ခွဲဝေရရှိငွေကျပ်သိန်းပေါင်း ၅၀ ဖြင့် ကျောက်ချောလမ်း၊ ရေကန်၊ ရပ်ကွက်အတွင်း ရေပိုက်လိုင်း၊ လမ်းတံတားများကို မြို့နယ်အထောက်အကူပြုကော်မတီ၊ ရပ်ကွက်အထောက်အကူပြုကော်မတီနှင့် ပြည်သူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖုန်ကာန်(ပူတာအို)

အကြိမ် (၆၀)မြောက် သုဓမ္မာဝိနယာဓိက ပရိယတ္တိစာမေးပွဲကြီးဖွင့်ပွဲအခမ်းအနားကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်လုံးဆိုင်ရာ သုဓမ္မာဂိုဏ်းဆရာတော်ကြီးများ ကြီးမှူးကျင်းပသော သုဓမ္မာဝိနယာဓိကပရိယတ္တိစာမေးပွဲကြီး အကြိမ် (၆၀)ပြည့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက စတင်ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက် ပဓာနနာယက ဆရာတော် ဧရာဝတီတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ သောဘိတထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရေစက်ချတရားပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည် ဧည့်သည်တော်များက ဆရာတော်ကြီးများအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြ

ဖျာပုံ ဖေဖော်ဝါရီ ၂

ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးလက်တွေ့အသုံးပြုနည်းသရုပ်ပြပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ မြက်ခင်းမြင်၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲကို ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဖျာပုံခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းနိုင်က မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မော်တော်ကား၊ မော်တော်ဆိုင်ကယ်များ၊ လျှပ်စစ်ဝိုင်ယာကြိုးများ မီးလောင်မှုဖြစ်ပွားပါက အသုံးပြုနိုင်သည့် မီးသတ်ဆေးဘူးများ၏ အသုံးဝင်ပုံကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မီးသတ်ဆေးဘူးကို အသုံးပြု၍ လက်တွေ့စမ်းသပ် မီးငြိမ်းသတ်သရုပ်ပြခဲ့ကြောင်း သိရသည်။

ဇော်မင်း(IPRD)

မူဆယ်မြို့နယ်တွင် မူကြိုကျောင်းများဖွင့်

မူဆယ် ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် မော်တောင်းကျေးရွာအုပ်စု ကောင်းဝှက်ကျေးရွာတွင် မူကြိုနေ့ကလေးထိန်းကျောင်းကို ဇန်နဝါရီ ၃၀ ရက်က ဖွင့်လှစ်ခဲ့သည်။

"ကျွန်တော်တို့ မူကြိုကျောင်းကို ကိုယ့်အားကိုယ်ကိုးအနေနဲ့ ဆောင်ရွက်ခဲ့ပြီး ကလေးသူငယ်များစောင့်ရှောက်ရေးအဖွဲ့ကလည်း ကူညီပံ့ပိုးပေးပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာ ကလေးသူငယ်များစောင့်ရှောက်ရေးအဖွဲ့က အခုလို မူကြိုကျောင်းတွေ ဖွင့်လှစ်ပေးခဲ့တာ ၁၅ ကျောင်းရှိခဲ့ပြီလို့ သိရပါတယ်။ ကျေးရွာပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေအတွက်လည်း ကျေးဇူးတင်ပါတယ်" ဟု ကောင်းဝှက်ကျေးရွာမှ မူကြိုကျောင်းမြစ်မြောက်ရေး ဦးဆောင်သူတစ်ဦးက ပြောပြသည်။

သိန်းဇော်(ရွှေလီဦး)

ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာ ထမနဲပွဲတော်ကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မြန်မာ့ရိုးရာထမနဲလှူဒါန်းခြင်းပွဲတော်ကို ၁၃၇၅ ခုနှစ် (တပို့တွဲလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သ ည်။

ထမနဲပွဲတော်ကျင်းပရာ၌ တပို့တွဲလဆန်း ၁၄ရက် (အဖိတ်နေ့) ဖေဖော်ပါရီ ၁၃ရက် ညနေ ၄နာရီတွင် ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များ၊ အဓွန့်ထမ်းများနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ ပါဝင်သော အသင်း(၃၆)သင်းတို့ဖြင့် ထမနဲထိုးပြိုင်ပွဲ ကျင်းဝမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၄ရက် (တပို့တွဲလပြည့်နေ့) နံနက် ၅း၀၀ နာရီတွင် ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ထမနဲဆွမ်းတော်ကြီး ကပ်လှူခြင်း၊ ဩဝါဒဝါတီမောက် ဒေသနာရွတ်ဆိုပူဇော်ခြင်း၊ နံနက် ၆ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၉၁ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း နံနက် ၇ နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းစသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀၀နှင့် အထက် ဝါဝင်ကုသိုလ်ယူလှူဒါန်းသည် အလှူရှင်များကိုလည်း ထမနဲလက်ဆောင်များ ပြန်လည်ဝေးအပ်မည်ဖြစ်ပါသည်။ ထမနဲတစ်ဒယ်လျှင် ကျပ်၃၀၀၀၀နှုန်းဖြင့် ရဟန်းရှင်လူပြည်သူအများ ပါဝင်ကုသိုလ်ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

အထူးဝမ်းမြောက်ဂုဏ်ယူပူဇော်ပါသည်ဘုရား

ကရင်ပြည့်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ပေါက်ရွှေကျောင်းတော်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်

ပဝါရဏာဂိုဏ်းချုပ်ဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏအား ၄-၁-၂၀၁၄ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

ကို ဆက်ကပ် လှူဒါန်းပူဇော်သည့်အတွက် မန္တလေးမြို့နေ ကော့ပေါက်စံပြကျေးရွာ တပည့်ဒါယကာ ဒါယိကာမများမှ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။ ဆရာတော်ကြီး သက်တော်ရာကျော်ရှည့်တော်မူ၍ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်ဘုရား။

ခြေတော်ဦးခိုက် ထာဝရရှိခိုးပူဇော်လျက်

မန္တလေးမြို့ တပည့်ဒါယကာ ဒါယိကာမများ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးဝင်းထိန်(ခ)ဦးဝင်းရွှေ ၁၂/လမန(နိုင်)၁၀၈၂၉၉ နှင့် ဒေါ်အေးအေး ၁၀/ပမန(နိုင်)၀၄၃၂၈၅တို့၏သား မောင်နေလှိုင်ဘွား ၁၂/လမန(နိုင်)၀၀၂၈၂၁ သည် မိဘများ၏ သွန်သင်ဆုံးမမှုကိုမနာခံခြင်း၊ ဆွေမျိုးများ၏ သိက္ခာကျစေရန် အကြိမ်ကြိမ်ဆောင်ရွက်ခြင်းတို့ကြောင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာပါသည်။

အဖ-ဦးဝင်းထိန်(ခ)ဦးဝင်းရွှေ ၁၂/လမန(နိုင်)၁၀၈၂၉၉

အမိ-ဒေါ်အေးအေး ၁၀/ပမန(နိုင်)၀၄၃၂၈၅

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့၊ ကသစ်တန်းရပ်ကွက်နေ သမီးမအေးမြင့် ၇/အတန (နိုင်)၀၀၉၃၉၂ သည် မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင် ဒေါ်တင်ညွန့် (အုတ်တွင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ခ/၂၅၀၁(Shan Star) ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ရော် ၁၃/မဖန(နိုင်)၀၁၃၃၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တာချီလိတ်)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၈ဓ/၅၀၃၆၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။။

ကညန၊

ခရိုင်ရုံး(ကလေး)

စုပေါင်းသန့်ရှင်းရေးနှင့် အလှူငွေပေးအပ်ပွဲ ရန်ကုန်အနောက်ပိုင်း ဆေးရုံ၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီးအတွင်း စုပေါင်းသန့်ရှင်းရေးနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက်က ယင်းဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီး အမျိုးသမီးရေးရာနာယက ဒေါ်ခင်သက်ဌေး၊ ဒေါ်ခင်အေးလွင်တို့ ဦးဆောင်သော အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး ငွေပဒေသာပင်အတွက် ငွေကျပ် ၃၇၂၀၀၀နှင့် စုစုပေါင်းငွေကျပ် ၂၃၃၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးအတွက် မိတ္တူကူးစက်တစ်လုံး၊ ဖိုင်ဘာခုံ ခြောက်တွဲ၊ အမိုက်ပုံးကြီးတစ်ပုံးနှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံတို့ကို တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အလှူရှင်များက ဆေးရုံအုပ်ကြီးကိုယ်စား ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်ဆွေနှင့် ဆေးရုံအုပ် ဒေါက်တာဒေါ်သီတာကြူတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **တင်ပင်းလေး(ကြည့်မြင်တိုင်)**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြော

မာန်အောင် ဖေဖော်ဝါရီ ၂

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အကြောင်းပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် မာန်အောင်မြို့နယ် သန်းခေါင်စာရင်းကော်မတီများက အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်၁၁ နာရီက မာန်အောင်မြို့နယ် လက်ဝဲပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းတန်အောင်က သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်က သန်းခေါင်စာရင်းကောက်ယူမည့်အချက်အလက်များနှင့် ဥပဒေများကို ဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မေးမြန်းသည့် မေးခွန်းများကို သန်းခေါင်စာရင်းကော်မတီများက ရှင်းလင်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျန်းမာရေးအသိပညာပေးဟောပြော၊ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

မလှိုင် ဖေဖော်ဝါရီ ၂

မလှိုင်မြို့နှင့် ဝေးလံသောကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးခြင်းကို ဇန်နဝါရီ ၂၅ ရက်က ယာကြီးကုန်းကျေးရွာ၌ ကျင်းပသည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာပြတိမိုးဆန်းဦးဆောင်သော အဖွဲ့က ကျန်းမာရေးနှင့်ပတ်သက်၍ နေထိုင်စားသောက်နည်းများ၊ ဆီးချို၊ သွေးချိုနှင့် ရင်သားကင်ဆာရောဂါအကြောင်း၊ တီဘီရောဂါအကြောင်းနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနဆေးခန်းမှူးက တိုင်းရင်းဆေးပညာအကြောင်း ပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲအပြီးတွင် ကျန်းမာရေးဦးစီးဌာနက အခမဲ့ဆေးကုသပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရက ခွဲဝေချထားပေးသော ဆေးစိမ်ခြင်ထောင်အလုံး ၁၀၀ ကို ယာကြီးကုန်းအုပ်စု၊ လယ်ဗျားကျေးရွာအုပ်စု၊ ဆည်တိုကျေးရွာအုပ်စု အပါအဝင် ငါးအုပ်စုရှိ ကျေးရွာ ၁၄ ရွာမှ ဆင်းရဲနွမ်းပါးသူများကို မြို့နယ်မိခင်နှင့်ကလေးအသင်းမှ တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ခဲ့သည်။**(ဓာတ်ပုံ)**

ဝေးပို့လှူဒါန်း

ဆေးစိမ် ခြင်ထောင်များမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းက ပေးပို့လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရက ငှက်ဖျားရောဂါအဖြစ်အများဆုံးကျေးရွာနှင့် ဆင်းရဲနွမ်းပါးကျေးရွာများသို့ ခွဲဝေချထားပေးခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

အိန္ဒိယနိုင်ငံ ဆရာဝန်အဖွဲ့ ကလေးမြို့တွင် လာရောက်ဆေးကုသ

ကလေး ဖေဖော်ဝါရီ ၂

မြန်မာ-အိန္ဒိယနှစ်နိုင်ငံအစီအစဉ်တစ်ရပ်အဖြစ် အိန္ဒိယနိုင်ငံ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် စမ်းသပ်စက်ကိရိယာများယူဆောင်လျက် ဇန်နဝါရီ ၂၆ ရက်က ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဒေသတွင်းကင်ဆာရောဂါ၊ အသည်းရောဂါ၊ ခုခံအားကျဆင်းသည့်ရောဂါ၊ မီးယပ်ရောဂါ၊ စိတ်ရောဂါ၊ အာခေါင်ကွဲရောဂါ၊ နှာခေါင်းကွဲရောဂါများကို စမ်းသပ်စစ်ဆေးပြီး ကုသရေးအတွက် လမ်းညွှန်မှုများဆောင်ရွက်ရာ ဒေသအတွင်း ဝေဒနာရှင် ၃၀၀၀ ခန့် လာရောက်ပြသရာ အိန္ဒိယနိုင်ငံဆရာဝန်ကြီးများက စစ်ဆေးပေးပြီး ကျန်လူနာများကို ဒေသခံဆရာဝန်ကြီးများက ဆက်လက်ကုသပေးနေကြောင်း သိရသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်၍ ဒေသတွင်းကင်ဆာရောဂါ၊ အသည်းရောဂါ၊ ခုခံအားကျဆင်းသည့်ရောဂါ၊ အထွေထွေရောဂါ၊ စိတ်ရောဂါ၊ အာခေါင်ကွဲ၊ နှာခေါင်းကွဲ၊ မီးယပ်ရောဂါသည်များ စစ်ဆေးကုသရေးလမ်းညွှန်မှု အခမဲ့ဆောင်ရွက်ပေးပြီး အိန္ဒိယနိုင်ငံအထူးကုဆရာဝန် ၄၄ ဦးက လူနာပေါင်း ၁၀၀၀ ကို စမ်းသပ်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

လူနာများကို အခမဲ့စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ပေးပြီး ခေတ်မီစက်ကိရိယာများနှင့်လူနာများကို စမ်းသပ်စစ်ဆေးပေးကြောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် လာပြသည်လူနာများပြားသည်အတွက် ၎င်းတို့တွင်ပါလာသည့် အက်ထရာဆောင်းကိုလည်း မြို့နယ်ပြည်သူ့ဆေးရုံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **သျှင်နေမင်း**

ပဋ္ဌမအကြိမ်

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများတွေ့ဆုံပွဲနှင့် သက်ကြီးပူဇော်ပွဲ

၂၂-၂-၂၀၁၄ ရက် (စနေနေ့)ကျင်းပမည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းစိုက်ပျိုးရေးခန်းမ၌ နံနက်၁၀နာရီတွင် ကျင်းပပါမည်။

ယခင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ယခုစိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)တွင် သက်ပြည့်+နှစ်ပြည့် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၇၅)နှစ်နှင့်အထက် ကန်တော့ခံ အငြိမ်းစားဝန်ထမ်းဟောင်းများအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ယခုမှစ၍ လက်ခံနေပြီဖြစ်ပါသည်။ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းနိုင်ကြပါပြီ။ (ဖိတ်စာများပို့၍ ဖိတ်ကြားမည်ဖြစ်ပါသော်လည်း အခက်အခဲများစွာရှိပါသဖြင့် ဖိတ်စာမရခဲ့ပါလျှင်လည်း မဖြစ်မနေကြွရောက်ကြပါရန် လေးပြတ်စွာဖိတ်ကြားအပ်ပါသည်)

- **ဒေါ်မြင့်မြင့်စန်း ရန်ကုန်တိုင်း(ငွေစာရင်း)ရုံး၊ ကြို့ကုန်း ဖုန်း-၀၉-၇၃၀၉၄၂၃၈**
- **ဒေါ်မီမီချို မျိုးစေ့ဌာန၊ ကြို့ကုန်း ဖုန်း-၀၉-၇၃၉၀၁၆၅၅**
- **ဦးမြင့်ဆွေ မြေပဒေသာဥယျာဉ်၊ ဗဟန်း ဖုန်း-၀၉-၄၄၈၀၀၇၇၁၀**

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၅ဂ/၂၉၁၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၃ဂ/၃၈၈၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့

ပရိယတ္တိဓမ္မဗိမာန်တော်ကြီး

ဖွင့်ပွဲနှင့်ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

မွန်ပြည်နယ် ကျက်သရေဆောင် ပရိယတ္တိဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားအား ၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် (၁၊ ၂)ရက်၊ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၅/၁၆ (စနေနေ့နှင့် တနင်္ဂနွေနေ့)များတွင် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီး/ရပ်ဝေး ကုသိုလ်ရှင်များ ကြွရောက်ကြည်ညိုနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူတော်မင်္ဂလာပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၄(စက်မှု)၊ မြေကွက်အမှတ်၁၈၊မြေကွက်တည်နေရာအမှတ်၁၈၊ ဦးဖိုးလှိုင်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ဦးအောင်မြင့်(ခ)ဟုတ်လှိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့်(ခ)ဟုတ်လှိုင် ကွယ်လွန်သဖြင့်ဒေါ်သန်းသန်းအေး ၁၂/သဃက(နိုင်)၁၂၆၅၈၀က သေစာရင်းမိတ္တူ၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အယ်လ်-၁၈/၆၁)၊ မြေကွက်အမှတ် ၉၃၃ ဒေါ်မူမူမြင့် ၁၂/ဥကတ(နိုင်)၀၉၆၂၆၄ အမည်ပေါက် မြေကွက်သည် နိုင်ငံတော်စီမံကိန်းတွင် ပါဝင်သွား၍ အစားပြန်လည်ချထားပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ် (၁၄၁/၂)၊ မြေကွက်အမှတ် (၆၄)အား မြေချပါမစ်ပြုလုပ်ပေးပါရန် ဒေါ်မူမူမြင့်မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ် (၆၃/က-၂)၊ မြေဧရိယာ ၀ ဒသမ ၀၇၀ ဧက၊ ၃၀၄၉ စတုရန်းပေအကျယ်အဝန်းရှိ နှစ်၆၀ဂရန်၊ အမှတ်(၈/၇၂၇)၊ သာစုခြံဟုခေါ်တွင်သည့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင်များ ဒေါ်ဝါနု ၁၂/သဃက(နိုင်)၀၃၅၀၄၇၊ ဦးပြေဖင် ၁၂/သဃက(နိုင်) ၁၅၈၈၉၉၊ ဦးဥက္ကာ ၁၂/သဃက(နိုင်)၁၆၃၅၀၈ (ဘ-ဦးဝဏ္ဏ)ထံမှ ဦးခင်ဇော် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အကျိုး သက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ဦးခင်ဇော် ၇/ပခန(နိုင်)၁၈၈၇၄၄ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွား မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးခင်ဇော် ၇/ပခန(နိုင်)၁၈၈၇၄၄
အမှတ် ၁၀/၁၁၊ တင်ဆန်းလမ်း၊
ဆရာစံ(မြောက်/နောက်)ရပ်ကွက်၊ ဗဟန်းမြို့နယ်

ပြည်တွင်းသတင်း

စာရင်းကောက် လုပ်ငန်းတာဝန် ရှင်းလင်းဆွေးနွေး

ရေတာရှည် ဖေဖော်ဝါရီ ၂

ရေတာရှည်မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီနှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မတီဝင်များ စာရင်းစစ်၊ စာရင်းကောက်များနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ရေတာရှည်မြို့နယ် သာဂရမြို့ ငါးခုံးမချောင်း ဓမ္မာရုံ၌ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဌေးကျော်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မေးမြန်းမည့် မေးခွန်းများ၊ ယင်းမေးခွန်းများ မေးဖြန်းရသည့်အကြောင်းနှင့် အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းထွန်းက စာရင်းစစ်၊ စာရင်းကောက်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ဟောဖြောပွဲများကို ဇန်နဝါရီ ၂၈ ရက် နေ့လယ်ပိုင်းတွင် ဆွာမြို့ အကြင်နာဓမ္မပန်းခင်းဓမ္မာရုံ၊ ဇန်နဝါရီ ၂၉ ရက်တွင် သာဂရငါးခုံးမချောင်းဓမ္မာရုံနှင့်မြို့လှအုပ်ချုပ်ရေးမှူးရုံး၊ ဇန်နဝါရီ ၃၀ ရက်တွင် ရေနီမြို့နှင့် ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဆက်လက်ဟောပြောခဲ့ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

မော်လိုက်-ပြောင်ဘုတ်လမ်း ဒေသဖွံ့ဖြိုးရေးအထောက်အကူပြု

မော်လိုက် ဖေဖော်ဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့သည် အင်္ဂလိပ်အစိုးရလက်ထက်ကတည်းကတည်တားခဲ့သော မြို့ကြီးဖြစ်ရာ ယခင်ကဆိုလျှင် အထက်ချင်းတွင်းဒေသ၏ အစည်ကားဆုံး ခရိုင်မြို့ကြီးဖြစ်ခဲ့သည်။ ကလေးမြို့မှ မော်လိုက်မြို့ကိုသွားမည်ဆိုပါက ပြောင်ဘုတ်-မော်လိုက်လမ်းအတိုင်း သွားနိုင်ကြောင်း သိရသည်။ ထိုလမ်းသည် ဒုတိယကမ္ဘာစစ်ကာလက အင်္ဂလိပ်တို့ဖောက်လုပ်ခဲ့သောလမ်းမကြီးဖြစ်ရာ တမူးနယ်စပ်မှ ကလေးဝ၊ ချင်းတွင်းမြစ်ကမ်းနဖူးသို့ အမြန်ဆုံးရောက်နိုင်သော ဖြတ်လမ်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကာလက စစ်ရေးအတွက် လျှို့ဝှက်စွာ အသုံးပြုခဲ့သောလမ်းမကြီး ဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်တို့သည် ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာတောင်ဘက်ထွင် လေယာဉ်ကွင်းတစ်ခုတည်ဆောက်ပြီး ရိက္ခာပို့ကွင်းအဖြစ် အသုံးပြုကာ အဆိုပါမော်လိုက်-ပြောင်ဘုတ်လမ်းမကြီးမှတစ်ဆင့် မော်လိုက်မြို့သို့ ရိက္ခာများပို့ဆောင်ရာလမ်းမကြီးဖြစ်ကြောင်း သိရသည်။

မော်လိုက်-ပြောင်ဘုတ် လမ်းမကြီးသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး လမ်းမကြီးနှင့် ဆက်စပ်တည်ရှိပြီး ချစ်ကြည်ရေးလမ်းမကြီးမှ မော်လိုက်မြို့အတိဆိုလျှင် ၃၃ မိုင်ကွာဝေးသည်။ ယခုအခါ နိုင်ငံတော်မှ တိုလမ်းကို အဆင့်မြှင့်တင်ပြုပြင်လျက်ရှိရာ အသုံးပြုသူ များပြားလာသကဲ့သို့ ကားလေးများ၊ ဆိုင်ကယ်များဖြင့် မော်လိုက်မြို့သို့ သွားလာနေကြပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ မော်လိုက်မြို့သည် ကလေး-တမူး-ပြောင်ဘုတ်-မော်လိုက်လမ်း၊ မော်လိုက်-ကလေးဝလမ်းများ ပေါ်ပေါက်လာပြီ ဖြစ်သောကြောင့် ရေလမ်းခရီးသာမကပဲ ကုန်းလမ်းခရီးပါ မြန်မာနိုင်ငံအလယ်ပိုင်းမြို့ကြီးများသို့ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သျှင်နေမင်း)

ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ပြွန်တန်ဆာမြို့၌ ကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၄) ရပ်ကွက် စံဒွန်းကုန်းတောင် အမက မူလွန်ကျောင်း ၂၀၁၃-၂၀၁၄ ခုနှစ် ပညာရေးစုံညီပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်း၌ ကျင်းပသည်။

စည်ကားသိုက်မြိုက်

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အလှူရှင် ဦးစိုးစိုး၊ ဒေါ်တင်ရွှေမိသားစုက ပတမတန်းတွင် ပတမဆုဖြင့် ထူးချွန်စွာအောင်မြင်သော မရတနာအောင်အား ဆုတံဆိပ်ချီးမြှင့်ကာ ကျောင်းသား ကျောင်းသူလေးများက အကမျိုးစုံဖြင့်ကပြပြီး ပညာရေးစုံညီပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဝါးချက် သံဃာ့ဆေးရုံကြီး၌ မျက်စိကုသပေးမည်

စစ်ကိုင်း ဖေဖော်ဝါရီ ၂

သြစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့သည် ၂၀၁၄ ခုနှစ် မျက်စိကုသရေး အတူးအစီအစဉ်အနေဖြင့် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လာရောက်၍ ပတမအကြိမ် မျက်စိပြင်ပလူနာ ၁၅၃၂ ဦး၊ ခွဲစိတ်လူနာ ၄၅၅ ဦး၊ လေဆာလူနာ ၆၄ ဦးနှင့် ဒုတိယအကြိမ်တွင် မျက်စိပြင်ပလူနာ ၆၁၈ ဦး၊ ခွဲစိတ်လူနာ ၈၂ ဦး၊ လေဆာလူနာ ၅၃ ဦးတို့ကို ကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ယခု တတိယအကြိမ်အဖြစ် ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အတိ မျက်စိရောဂါဝေဒနာရှင်များအား စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးမည်ဖြစ်ရာ Phaco စက်ဖြင့်ခွဲစိတ်ခြင်း၊ ရိုးရိုးခွဲစိတ်ခြင်းဖြင့် ကုသပေးမည်ဖြစ်၍ ဆေးရုံ၏ မျက်စိလက်တောက်ဝန်တမ်းများက နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည် ၁၂ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအတိ ကြိုတင် စမ်းသပ်စစ်ဆေးပေးပြီး မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသနိုင်ရန် ရက်ချိန်းပေးမည်ဖြစ်သည်။

ကုသမှုအစီအစဉ်ကို အသေးစိတ်သိရှိလိုပါက ဆေးရုံ ဖုန်း ၀၉-၆၄၆၃၆၉၉၊ ၀၉-၉၁၀၄၃၇၃၇၊ ၀၉-၉၁၀၂၃၇၈၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ကန့်ကွက်နိုင်ဝါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဖဲ၊ မြေကွက်အမှတ် ၂၁၇၊ မြေကွက်တည်နေရာအမှတ် ၂၉၊ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဖဲရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမွေး အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမွေး(ဖခင်)နှင့် ဒေါ်ရီ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ခင်ဝင်း ၁၂/ဒပန(နိုင်)၀၂၆၁၃၇၊ ဦးလှရွှေ ၁၂/ဒပန(နိုင်)၀၄၄၆၃၅၊ ဒေါ်စန်းစန်းဝင်း ၁၂/ဒပန(နိုင်)၀၂၆၀၉၃၊ ဦးကျော်ရွှေ ၁၂/ဒပန(နိုင်)၀၀၉၉၆၁၊ ဒေါ်တင်ရွှေလှိုင် ၁၂/ဒပန(နိုင်)၀၄၁၃၁၇၊ ဦးဆန်းလင်းထွန်း ၁၂/ဒပန(နိုင်)၀၄၅၅၆၅တို့မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၈ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

ဗိုလ်မှူးရည်မွန်(ငြိမ်း)	နှင့်	၁။ မအေးအေးမုံး
		၂။ ဒေါ်အေးလီ
		၃။ မပြုံးပြုံးမြင့်
		၄။ ဦးညွန့်လှိုင်
ဒီကရီအနိုင်ရသူ		တရားရှုံးများ

၁။ ပြင်ဦးလွင်မြို့၊ ဃ/၁၂၁၊ စန္ဒာလလမ်းသွယ် -၁၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)နေ ဒေါ်အေးအေးမိုး(ယခုနေရပ်လိပ်စာမသိသူ)၊ ၂။ ပြင်ဦးလွင်မြို့၊ အမှတ် (၁၀၄)၊ ချယ်ရီလမ်း၊ ရပ်ကွက်ကြီး (၆)နေ ဒေါ်အေးလီ၊ ၃။ ပြင်ဦးလွင်မြို့၊ အမှတ် (၁၉)၊ ပြည်တော်သာ ၁လမ်း၊ ရပ်ကွက်ကြီး (၅)နေ ဒေါ်ပြုံးပြုံးမြင့်၊ ၄။ ပြင်ဦးလွင်မြို့၊ ဃ/၁၂၁၊ စန္ဒာလလမ်းသွယ်-၁၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး (၈) နေ ဦးညွန့်လှိုင် (ယခုနေရပ်လိပ်စာမသိသူ)တို့သိစေရမည့်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၀၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဗိုလ်မှူးရည်မွန်(ငြိမ်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ဖြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁ပရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်စိုး
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တာချီလိတ်မြို့နယ်တရားမရုံး၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်ဝင်းဝင်းသိန်း	နှင့်	ဒေါ်ရန်အေးဆွေ
အမှတ်(၂၁)၊ရွှေနှင်းဆီလမ်း၊		၁၃/တခလ(နိုင်)၀၀၀၆၄၇
စမ်းချောင်းမြို့နယ်၊		အေးမြသာယာလမ်း၊ နယ်မြေ(၆)၊
ရန်ကုန်တိုင်းဒေသကြီး။		ရပ်ကွက်(၇)၊ လားရှိုးမြို့။
		(ယခုနေရပ်လိပ်စာမသိသူ)
တရားလို		တရားပြိုင်

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၆) အေးမြသာယာလမ်းနေ ဒေါ်ရန်အေးဆွေ ၁၃/တခလ(နိုင်)၀၀၀၆၄၇ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

